ကြေးမုံ The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (13-7-2014) (၇၉၀၀)

“မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့် ကွဲပြားခြားနားသည့် ဘာသာတရားများကို သေးသိမ်စေမည့် နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် တင်ပြမှုမျိုးများ ဖြစ်မလာအောင် အသိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်များဖြင့် ကာကွယ်တားဆီးကြရမည်”

တိုင်းပြည်တစ်ပြည်၏ အောင်မြင်မှုကို တိုင်းတာသည့်အခါ တိုင်းသူပြည်သားများ၏ ပျော်ရွှင်ချမ်းမြေ့မှုသည် ပေတံတစ်ခုဖြစ်

အနုပညာရှင်များအားလုံးက ဤကွက်လပ်တွင် ကြီးမားသောနေရာကနေ အားဖြည့်ပေးကြ

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များအား ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးအောင်သိမ်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ရုပ်ရှင်၊ ဂီတ၊ သဘင် ဝါရင့်သက်ကြီးပညာရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ခင်မင်ရင်းနှီးစွာ နှုတ်ဆက်အားပေးသည်။

အစီအစဉ်အရ ရုပ်ရှင်လောကသားများကိုယ်စား မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း၊ ဂီတလောကသားများကိုယ်စား မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးလေး၊ သဘင်လောကသားများကိုယ်စား မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ ပန်တျာဦးမြကြည်နှင့် ဇာတ်သဘင်ပညာရှင် ဦးချမ်းသာတို့က ရုပ်ရှင်၊ ဂီတ၊ သဘင်လောကတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် နိုင်ငံတော်အပိုင်းမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရန် လိုအပ်သည့် အချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တင်ပြချက်တစ်ချက်ချင်းအလိုက် ပြန်လည်ဆွေးနွေးပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် မိဘပြည်သူများအား မိမိတတ်စွမ်းသည့် အနုပညာဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ရုပ်ရှင်၊ ဂီတ၊ သဘင် ဝါရင့်သက်ကြီးပညာရှင်ကြီးများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အိန္ဒိယ-မြန်မာ ရိဒ်ကုန်သွယ်ရေးစခန်းမှ စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာများတင်သွင်း

ကလေး ဇူလိုင် ၁၂

မြန်မာ-အိန္ဒိယနယ်စပ် ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒုတိယကုန်သွယ်မှုအကြီးမားဆုံးဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းသုံး ဓာတ်မြေဩဇာများကို ရိဒ်-တီးတိန်-ကလေးလမ်းမမှတစ်ဆင့် မြန်မာနိုင်ငံသို့ အဓိကဝင်ရောက်နေကြောင်း သိရသည်။

“အိန္ဒိယဓာတ်မြေဩဇာတွေကို မဏိပူပြည်နယ် အိုက်ဇောမြို့မှတစ်ဆင့် ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ သွင်းတာပါ၊ အိန္ဒိယဓာတ်မြေဩဇာတွေက ဈေးလည်းချိုတယ်၊ သုံးရတာလည်း တာသွားတယ်။ ဟိုဘက်ဆယ်စုနှစ်တွေတုန်းက ဈေးချိုတဲ့ဓာတ်မြေဩဇာတွေ ဈေးကွက်ထဲကို ဝင်လာတဲ့အခါ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မှတ်သုံလေအားကောင်းနေမည်။

ကြေးမုံ စာတည်းရှုထောင့် ၁၃-၇-၂၀၁၄၊ တနင်္ဂနွေနေ့

သစ်တောသစ်ပင် ကျေးဇူးရှင်

သစ်တောသစ်ပင်များသည် လူသားအားလုံး၏ အသက်သခင်ကျေးဇူးရှင်များဟု ဆိုထိုက်သည်။ အဘယ်ကြောင့်နည်း။ သက်ရှိလူသားတို့ ရှင်သန်ရေးတွင် သစ်ပင်သစ်တောများသည် တိုက်ရိုက်အားဖြင့် လည်းကောင်း သွယ်ဝိုက်သောအားဖြင့် လည်းကောင်း အကျိုးပြုပေးနေ၍ ဖြစ်ပါသည်။

လူသားတို့စားသုံးဖို့ မှီခိုဖို့ အသီး၊ အရွက်၊ အမြစ်၊ ပင်စည်၊ အခေါက်ပါမကျန် သစ်ပင်များက ပေးစွမ်းသည်။ လူတို့အတွက် အေးမြသောအရိပ်ကိုလည်းပေးသည်။ ဆေးဝါးအဖြစ်နှင့်လည်း သစ်ဉ၊ သစ်ဖု၊ သစ်ခေါက်၊ သစ်ရွက်၊ အသီးစသည်ဖြင့် ပဉ္စငါးပါးအားလုံး အသုံးဝင်သည်။ လေဒဏ်၊ မိုးဒဏ်၊ သဘာဝဘေးအန္တရာယ်များမှလည်း ကာကွယ်ပေးသည်။ နောက်ဆုံး ထိုသစ်ပင်သေဆုံးသွားပြီးနောက်တွင်လည်း လူသားတို့ ထင်းအဖြစ်အသုံးပြုဖို့ အသွေးအသားကို ရက်ရက်ရောရော ပေးသွားသည်။ လူသားများအတွက် သစ်တစ်ပင်၏တန်ဖိုး။ သစ်ပင်သစ်တောများ၏ လူသားများအပေါ် တိုက်ရိုက် အကျိုးပေးမှုပင် ဖြစ်သည်။

သွယ်ဝိုက်သောနည်းလမ်းများစွာဖြင့်လည်း လူသားအားလုံးအတွက် တန်ဖိုးအနဂ္ဃထိုက်ထိုက်တန်တန် အကျိုးပြုပေးသေးသည်။ လူသားများ အသက်ဆက်ရှင်သန်ရေးတွင် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်လေကောင်းလေသန့်ကို သစ်ပင်များက ထုတ်လုပ်ပေးသည်။ တစ်ဖက်တွင်လည်း လူသားတို့စွန့်ထုတ်သော လေဆိုးလေညစ် ကာဗွန်ဓာတ်ကို ကြည်ဖြူစွာလက်ခံစားသုံးချေဖျက်ပေးသည်။ ဤတစ်ချက်နှင့်ပင် လူသားအားလုံးအတွက် သစ်ပင်သစ်တောများသည် အသက်သခင်ကျေးဇူးရှင်ဟု ဆိုထိုက်သည်။

သစ်တော၊ ဝါးတောများ ပွားများရာအရပ်မှာ ရေချိုများ အုံနှင့်ကျင်းနှင့် ထိန်းသိမ်းရှိနေတတ်သည်။ လူသားတို့အတွက် သောက်သုံးရေချိုအရင်းအမြစ်ကို စုစည်းပေးသည်။ ကမ္ဘာတစ်ဝန်းသောက်သုံးရေပြတ်လပ်ရှားပါးပြီး သစ်တောမရှိသည့် နေရာများရှိနေသော်လည်း သစ်တောဝါးတောများရှိရာ အရပ်မှာ သောက်သုံးရေလှိုင်လှိုင်ပေါများတည်ရှိနေပါသည်။ သစ်တောများက လူသားကမ္ဘာအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းလမ်းဖြင့်ဖြစ်စေ အကျိုးပြုမှုပင် ဖြစ်သည်။

သစ်တောပြုန်းပေါက်ရောက်ရာအရပ်မှာ ရာသီဥတုညီမျှသည်။ "ဥတုရာသီ၊ တောကိုမှီ"လျက်ရှိသည်။ ယနေ့ကမ္ဘာနှင့်အဝှမ်းမှာ ဖြစ်ပျက်နေသော ကမောက်ကမရာသီဥတုသည် သစ်တောများပြုန်းတီးလာနေမှု၏ လက္ခဏာတစ်ရပ်ဟုဆိုနိုင်သည်။ သစ်တောများ ပေါက်ရောက်ရာဒေသတွင် နေထိုင်သော လူများအသက်ပိုရှည်သည်ဟု သုတေသနတစ်ရပ်က အဖြေထုတ်ပေးထားသည်။

ထို့ပြင် သစ်တောများကြောင့် မြေဆီမြေသြဇာတိုးပွားသည်။ မြစ်ကြောင်းများကို သဘာဝအလျောက်ထိန်းသိမ်းပေးသည်။ သစ်တောမှီဇီဝမျိုးကွဲများကို ဖွံ့ဖြိုးစေသည်။ သစ်တောများတည်ရာမှီရာရပ်ဝန်းတစ်ခုလုံးကို ဂေဟစနစ်မပျက်ယွင်းအောင် ထိန်းသိမ်းကာကွယ်ပေးထားသည်။ သွယ်ဝိုက်သော နည်းဖြင့် သစ်ပင်သစ်တောများက လူသားကမ္ဘာအား အကျိုးပြုခြင်းပင်ဖြစ်သည်။

သစ်တောများကောင်းသတင်းကိုပြောရလျှင် **"ပြောမဆုံးပေါင် တောသုံးတောင်"**ရှိချိမ့်မည်။ သစ်တောဟူသည် လူသားကမ္ဘာအတွက် အဖြည့်ခံသက်သက်ဖြစ်တည်လာခြင်းဟုဆိုလျှင် မှားအံ့မထင်ပါ။ ဤကဲ့သို့ လူသားတို့အားအကျိုးပြုသော သစ်တောများကိုလူသားများက ရက်ရက်စက်စက် ခုတ်ထွင်ရှင်းလင်းဖြုန်းတီးနေကြသည်။ ဤလုပ်ရပ်သည် လူသတ္တဝါအားလုံး၏ အသက်သခင်ကျေးဇူးရှင်အား ပြစ်မှားခြင်းတစ်မျိုးဟု ဆိုထိုက်သည်။

အကျိုးဆက်မှာ ကမ္ဘာ့မိုးသစ်တောကြီးများပြုန်းတီးလာနေခြင်း။ ကမ္ဘာပေါ်ရှိ သစ်တောများမှနှစ်စဉ်စတုရန်းမိုင်တာ နှစ်သောင်းမှသုံးသောင်း အထိပျက်စီးနေသည်။ မိမိတို့နိုင်ငံတွင်လည်း နှစ်စဉ်သစ်တောဧက ကိုးသိန်းကျော် ပျက်စီးနေကြောင်း သိရသည်။ သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှု ဒဏ်ခံနေရသည့်အဆိုးရွားဆုံး(၁၀)နိုင်ငံတွင် မိမိတို့နိုင်ငံမှာ ဒုတိယနေရာတွင်ရှိနေသည်။ ဤဒဏ်ကို လူသားများသာမက မိမိတို့နိုင်ငံရှိ မြစ်ကြီးများလည်း ခံနေရသည်။ ဥပမာ ဧရာဝတီမြစ်ကြောင်းမှာ သောင်ဖွေးဖွေးနှင့် တဖြည်းဖြည်းကောလာသည်။ ဧရာဝတီရေဝေရေလဲဒေသ သစ်တောများ ပြုန်းတီးမှု၏လက္ခဏာတစ်ရပ်ဖြစ်သည်။

ကမောက်ကမရာသီဥတုနှင့် သဘာဝလွန်ဖြစ်ရပ်များကို ထိန်းသိမ်းရန်မှာ လူသားတို့လုပ်နိုင်သည့်အရာဆို၍ သစ်ပင်စိုက်ပျိုးခြင်းတစ်မျိုးတည်းသာရှိပါသည်။ မိမိလိုအင်ကိုဖြည့်ဆည်းနိုင်ဖို့ မိမိအသက်ကိုရှင်သန်စေဖို့ ကမ္ဘာလောက သာယာလှပစေဖို့ "လူတစ်ယောက် သစ်တစ်ပင်"ရှင်သန်အောင် စိုက်ပျိုးထိန်းသိမ်းကြရန်နှင့် လူတိုင်းလူတိုင်းသစ်ပင်ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားပြီး ပြန်လည်ကျေးဇူးဆပ်စေချင်ပါသည်။ ။

အထက်မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဝန်ဆောင်မှုများပေးမည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် မန္တလေးတွင် ဖွင့်လှစ်

မန္တလေး ဇူလိုင် ၁၂

ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (မန္တလေး)ဖွင့်ပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ၂၇ လမ်း၊ ၈၂ × ၈၃ လမ်းကြားတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှယ်ယာဝင်များ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်သည် အထက်မြန်မာနိုင်ငံနှင့် မန္တလေးမြို့တွင် ပထမဆုံးဖွင့်လှစ်သော ဘဏ်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် လေးခုမြောက်ဖွင့်လှစ်သည့် ဘဏ်ဖြစ်သည်။

ယင်းဘဏ်သည် ခွင့်ပြုမတည်ငွေရင်း ကျပ်သန်း ၁၀၀၀၀၀ (ကျပ် ၁၀၀ ဘီလီယံ) မတည်ထားပြီး စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ အစရှိသည့် အပ်ငွေများလက်ခံခြင်း၊ အငှားဝယ်စနစ်နှင့် လုပ်ငန်းများလည်ပတ်ရန် ချေးငွေများထုတ်ပေးခြင်း၊ ငွေပေးအမိန့်လက်မှတ် (P.O) များထုတ်ပေးခြင်း၊ MPU အဖွဲ့ဝင် မည်သည့် A.T.M တွင်မဆို ငွေထုတ်ယူနိုင်သည့် Debit Card များထုတ်ပေးခြင်း၊ အမေရိကန်ဒေါ်လာ၊ စင်ကာပူဒေါ်လာနှင့် ယူရိုငွေများ လဲလှယ်ပေးခြင်း၊ ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးအတွက် ဆောက်လုပ်ရေးကုမ္ပဏီကြီးများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ ချေးငွေလိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် ဆောက်လုပ်ရေးအထူးချေးငွေများ၊ မိမိပိုင်မြေပေါ်တွင် အထပ်မြင့်အိမ်ရာနှင့် လုံးချင်းအိမ်ဆောက်လုပ်လိုသော မြေပိုင်ရှင်များ ချေးငွေလိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် အိမ်ရာဆောက်လုပ်ရေးချေးငွေများ၊ လုံးချင်းအိမ်၊ ကွန်ဒိုနှင့် တိုက်ခန်းဝယ်ယူလိုသူများ ချေးငွေလိုအပ်ပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် အိမ်ရာဝယ်ယူရန်ချေးငွေများ ရရှိနိုင်ရန် ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် အမြို့မြို့အနယ်နယ်ရှိ ကမ္ဘောဇဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်တို့နှင့် ငွေလွှဲလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အေးမြ(မန္တလေး)

နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မော်လမြိုင် ဇူလိုင် ၁၂

ပြည်နယ်/ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (မော်လမြိုင်)မှ ဒေသကြီးကြပ်ရေးမှူး ဦးခင်မောင်ကြည်သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းများမှ ရေးမြို့နယ် လမိုင်းကျေးရွာ အသေးစားရေအားလျှပ်စစ်လုပ်ငန်း ကဗျာဝတံတား ၃၇၅ ပေ တည်ဆောက်ခြင်းလုပ်ငန်း(ဓါတ်ပုံ)နှင့် ကဗျာဝကျေးရွာ စာကြည့်တိုက်အဆောက်အအုံ လုပ်ငန်းတို့ကိုလည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မော့ကနင်-ဘဲလမု-ဘီဆိုင်- ကွမ်းသီးတော မြေသားလမ်း ၂၆ မိုင် ဖောက်လုပ်မည့်လုပ်ငန်းကို ဇူလိုင် ၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လုပ်ငန်းများသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးလျက်ရှိသောလုပ်ငန်းများ ဖြစ်သည်။

(ကြေးမုံ)



တရုတ်-အာဆီယံ ကုန်စည်ပြပွဲ၌ ပါဝင်ပြသရန် မြန်မာနိုင်ငံအားဖိတ်ကြား

နေပြည်တော် ဇူလိုင် ၁၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ **(၁၁)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ** (11th CAEXPO)ကို ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ပါဝင်ပြသနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ဖိတ်ကြားလာသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်မှစတင်၍ ၎င်းပြပွဲသို့ နှစ်စဉ်ပါဝင်ပြသခဲ့ရာ ၂၀၁၂ ခုနှစ် (၉)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် (Country Of Honor) ဂုဏ်ထူးဆောင်နိုင်ငံအဖြစ် အောင်မြင်စွာပြသနိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့သည်။

ပြပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံ လွတ်လပ်သောကုန်သွယ်မှုနယ်မြေ တည်ထောင်ရေးကို အထောက်အကူပြုရန်နှင့် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ ၎င်းပြပွဲနှင့်အတူ တရုတ်-အာဆီယံ ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး (China-ASEAN Business & Investment Summit-CABIS) ကိုလည်း ပူးတွဲကျင်းပသည်။ အဆိုပါ ကုန်စည်ပြပွဲများတွင် နှစ်လိုဖွယ်ရာ မြို့တော် (City of Charm) ခန်းမဆောင်ကို ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှစတင်၍ ပြသခဲ့သည်။ ယခုနှစ်အတွက် နှစ်လိုဖွယ်ရာမြို့၏ဆောင်ပုဒ်မှာ **"တရုတ်-အာဆီယံ ဆိပ်ကမ်းမြို့များအကြား ရေကြောင်းဆက်သွယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် (၂၁)ရာစု ရေကြောင်းပိုးလမ်းမကြီး တည်ဆောက်ရေး"** ("Building 21st century Marine Silk Road to enhance maritime connectivity and the cooperation among China-ASEAN ports cities") ဖြစ်သဖြင့် မြန်မာနိုင်ငံမှ ရည်ရွယ်ချက်နှင့် ကိုက်ညီသော **ရန်ကုန်မြို့(သီလဝါဆိပ်ကမ်း)**အား ရွေးချယ်၍ ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် ညီနောင်အသင်းများ၊ သမဝါယမအသင်းများ၊ မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်အသင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့မှ နှစ်စဉ်သွားရောက်ပြသခဲ့သည်။

ယခုနှစ်ပြပွဲသို့ မြန်မာနိုင်ငံတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ အမယ်သစ်ပို့ကုန်အလားအလာရှိသော ကုမ္ပဏီလုပ်ငန်းရှင်များနှင့် အခြားစိတ်ဝင်စားသည့်မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များအနေနှင့် ပြပွဲသို့ပါဝင်ပြသလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း-၀၆၇-၄၀၈၂၃၉၊ Email: moctradefair@gmail.com နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြပွဲဌာန ဖုန်း-၀၁-၂၁၄၃၄၄ တို့သို့ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၈ ရက်နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

○ အိန္ဒိယ-မြန်မာမှ

အိန္ဒိယဓာတ်မြေဩဇာတွေ ဝယ်ယူမှုနည်းသွားတာမျိုးတွေ ရှိခဲ့တယ်။ ဒါပေမယ့် အမှန်တကယ်သုံးစွဲတဲ့အခါမှာ အိန္ဒိယဓာတ်မြေဩဇာက ပိုကောင်းနေတဲ့အတွက် ယခုနှစ် ဝယ်ယူမှုမှာ ပြန်ပြီးများတာဖြစ်ပါတယ်"ဟု အိန္ဒိယဓာတ်မြေဩဇာ ရောင်းဝယ်ယူကုန်သည်တစ်ဦးက ပြောသည်။

ဓာတ်မြေဩဇာများကို မြန်မာနိုင်ငံအတွင်းမှာလည်း တံဆိပ်အမျိုးမျိုး၊ ကြော်ငြာအမျိုးမျိုးဖြင့် ရောင်းချနေမှုရှိသော်လည်း တောင်သူလယ်သမား၊ ယာသမားအများစုကြိုက်နှစ်သက်မှုရှိပြီးသုံးစွဲမှုများနေသည်မှာ အိန္ဒိယနိုင်ငံထုတ်ယူရီးယားဓာတ်မြေဩဇာနှင့် ပိုတက်ဓာတ်မြေဩဇာကို ပိုမိုကြိုက်နှစ်သက်ကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

ဒီးမော့ဆိုမြို့နယ်တွင် အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်

ဒီးမော့ဆို ဇူလိုင် ၁၂

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် ဝါဘန်းပလိုကျေးရွာအုပ်စု လွိုးကထိကျေးရွာ အခြေခံပညာမူလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီကကျင်းပသည်။

အခမ်းအနားကို ကယားပြည်နယ်အစိုးရအဖွဲ့ဝင် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးပိုးရယ်ရန်အောင်နှင့် ရပ်မိရပ်ဖ ဦးကောင်းရီတို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဦးခွန်းထက်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မေးလေတို့က ရှင်းလင်းပြောကြားကာ ကျေးရွာ ပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးကောင်းရီက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

လွိုးကထိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ခြင်းဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ငါးရွာမှ ကျောင်းသားကျောင်းသူ ၁၇၈ ဦးအတွက် မိမိတို့နေအိမ်များမှမကွာဝေးသော ပညာကိုလွယ်ကူစွာ ဆက်လက်သင်ကြားခွင့် ရရှိလာမည်ဖြစ်ကြောင်း၊ မိဘများအတွက်လည်း ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်းသိရသည်။

ဒီးမော့ဆိုမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း အထက်တန်းကျောင်း(ခွဲ)တစ်ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ခြောက်ကျောင်း၊ မူလွန်ကျောင်း တစ်ကျောင်း စုစုပေါင်း ရှစ်ကျောင်းကိုအဆင့်တိုးမြှင့်နိုင်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်၊ တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့။

ပညာရေးဝန်ကြီးဌာန

နေ့စဉ်ဝင်ငွေကောင်း၍ ငါးရှဉ့်ရှာသူများအဆင်ပြေ

ရေတာရှည် ဇူလိုင် ၁၂

ပြည်ပနှင့် ပြည်တွင်းဈေးကွက်မှ ဝယ်လိုအားကောင်းမွန်သည့်ဈေးကွက်ကြောင့် ငါးရှဉ့်ရှာဖွေသူများအဆင်ပြေကာ ဝင်ငွေကောင်းမွန်လျက်ရှိကြောင်း သိရသည်။ ရေတာရှည်မြို့နယ်တွင် ဆည်ရေသောက် ဧရိယာအများအပြားရှိသည့်အတွက် တစ်နှစ်ပတ်လုံး ဒေသအနှံ့အပြားတွင် ငါးရှဉ့်ကို ရှာဖွေဖမ်းဆီးနိုင်ကြသည်ကို တွေ့ရသည်။

ငါးရှဉ့်ရှာဖွေကြသူများသည် လယ်ကဏ္ဍများကို ပုပ်အောင်ပြုလုပ်ကာ အစာအဖြစ်အသုံးပြု၍ နှီးပုံးငယ်တွင် ထည့်သွင်းထောင်ဖမ်းကြခြင်းဖြစ်သည်။ ယခင်က မိမိတို့နှင့် လက်လှမ်းမီသလောက်သာ ဖမ်းဆီးလေ့ရှိသော်လည်း ယခုနောက်ပိုင်းတွင် ဆိုင်ကယ်များကိုအသုံးပြုလာသည့်အတွက် ဒေသအနှံ့အပြားသို့ ခရီးဝေးသွားရောက်ကာ ဖမ်းဆီးနိုင်ကြပြီး နေ့စဉ် လေးပိဿာနှင့်အထက်ရရှိလေ့ရှိကြောင်း ကိုယ်တိုင်ငါးရှဉ့်ထောင်သူတစ်ဦးက ပြောပြသည်။

တောင်ငူတွင်ရှိသော ငါးရှဉ့်အဝယ်ဒိုင်ကြီးက နယ်မြို့များစွာတွင် ဒိုင်ခွဲများဖွင့်ကာ ကျေးရွာများအရောက် လိုက်လံဝယ်ယူလေ့ရှိပြီး ဝယ်ယူရရှိသည့် ငါးရှဉ့်များအား မန္တလေးမြို့နှင့် မူဆယ်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချကြောင်း ဝယ်ယူသူအမျိုးသမီးက ပြောပြသည်။ "တစ်နေ့ကို အနည်းဆုံး ပိဿာချိန် ၂၀၀ အထက်ရတယ်။ ကျွန်မ တို့က တောင်ငူကိုပို့ပေးရတာ၊ ခုလက်ရှိတော့ တစ်ပိဿာ ကို ကျပ် ၄၂၀၀ နဲ့ကောက်ပါတယ်"ဟု ပြောပြသည်။ ငါးရှဉ့်ထောင်သူများအနေဖြင့် နေ့စဉ် ငွေကျပ် သောင်းကျော် ဝင်ငွေရရှိသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ငါးရစ်ငါးသန်ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း

မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်သို့ ဦးတည်သော အဝေးပြေးလမ်း၏ စစ်ဆေးရေးဂိတ်တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေစဉ်။

အကြမ်းဖက်သမား လေ့ကျင့်ရေး လျှို့ဝှက်စခန်း ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ ဖော်ထုတ်

အစ္စလာမ္မာဘတ် ဇူလိုင် ၁၂

အာဖဂန်စစ်သွေးကြွအုပ်စုက ဖွင့်လှစ်ထားသော အသေခံဗုံးခွဲရေးသမား လေ့ကျင့်ရေး လျှို့ဝှက်စခန်းတစ်ခုကို ပါကစ္စတန်နိုင်ငံ၌ ဖော်ထုတ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၂ရက်တွင် သတင်းထုတ်ပြန်သည်။

ဟက်ကာနီကွန်ရက်အမည်ရှိ စစ်သွေးကြွအဖွဲ့က ပါကစ္စတန်နိုင်ငံ၏ မငြိမ်မသက်ဖြစ်နေသော မြောက်ပိုင်းဝါဇီရစ္စတန်ပြည်နယ်၌ လျှို့ဝှက်ဖွင့်လှစ်ထားသည့် လေ့ကျင့်ရေးစခန်းကို လုံခြုံရေးတပ်ဖွဲ့က ဖော်ထုတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်နိုင်ငံတွင် ထုတ်ဝေသော အရှက်ဦး အမည်ရှိ သတင်းစာက ရေးသားဖော်ပြသည်။

မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ် ဆာရေဒါပါကဲမြို့၌ အကြမ်းဖက်သမား လေ့ကျင့်ရေးစခန်းကို လျှို့ဝှက်ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ယင်းမြို့တွင် ဟက်ကာနီကွန်ရက်က အကြမ်းဖက်သမားလေ့ကျင့်ရေးစခန်း ငါးခုအထိ ဖွင့်လှစ်ထားပြီး ဆယ်ကျော်သက်လူငယ်များနှင့် အသက် ၂၀ ဝန်းကျင် အရွယ်လူငယ်များအား အသေခံဗုံးခွဲ တိုက်ခိုက်နည်းစနစ်များကို သင်ကြားပြသပေးလျက်ရှိကြောင်း လုံခြုံရေး သတင်းရပ်ကွက်က ပြောကြားသည်။

ရိုက်တာ။

ရီယိုဒီဂျနေးရိုးမြို့တွင် ဖြန့်ကြက်ထားသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

ကမ္ဘာ့ဖလားဗိုလ်လုပွဲ ကျင်းပမည့်မြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၅၀၀၀ ကျော် ဖြန့်ကြက်မည်

ရီယိုဒီဂျနေးရိုး ဇူလိုင် ၁၂

၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲကျင်းပမည့် ဇူလိုင် ၁၃ ရက်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ အကြီးကျယ်ဆုံးသော လုံခြုံရေးစီမံချက် တစ်ရပ်ကို ချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အာဂျင်တီးနား ဘောလုံးအသင်းနှင့် ဂျာမနီ ဘောလုံးအသင်းတို့ ကမ္ဘာ့ဖလားဗိုလ်လုပွဲ ယှဉ်ပြိုင် ကစားမည့်နေ့တွင် ရီယိုဒီဂျနေးရိုးမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၂၅၀၀၀ ကျော် ဖြန့်ကြက်ချထားမည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကမ္ဘာ့ဖလား ဘောလုံးဗိုလ်လုပွဲသို့ ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကဲလ်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ အပါအဝင် နိုင်ငံအကြီးအကဲအများအပြား တက်ရောက်အားပေးကြည့်ရှုကြမည်ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပမည့် မာရာကာနာ ဘောလုံးကွင်းသို့ ပွဲကြည့်ပရိသတ် ၇၅၀၀၀ ခန့်လာရောက်ကြည့်ရှုမည်ဟု မျှော်လင့်ရသည်။

ဘရာဇီးကြည်းတပ်၊ ရဲတပ်ဖွဲ့နှင့် မီးသတ်သမားများက လုံခြုံရေးစီမံချက်တွင် ပါဝင်တာဝန်ထမ်းရွက်မည်ဖြစ်ပြီး ရီယိုဒီဂျနေးရိုး ကမ်းရိုးတန်းတစ်လျှောက် စစ်ရေယာဉ် ၂၅ စင်းတို့က စောင့်ကြပ်ပေးထားမည်ဖြစ်သည်။

ဘီဘီစီ။

အစ္စရေးနှင့် ပါလက်စတိုင်း အပစ်အခတ်ရပ်စဲရေး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဆွေးနွေး

ကုလသမဂ္ဂ ဇူလိုင် ၁၂

အစ္စရေးနှင့် ပါလက်စတိုင်းအကြား အပစ်အခတ်ရပ်စဲရန်တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီက ချမှတ်နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း တာဝန်ရှိသူများက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခတွင် အရပ်သားများအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုအရပ်ရပ်ကို ပြစ်တင်ရှုတ်ချရန် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြထားသည်။

အစ္စရေးနှင့် ပါလက်စတိုင်းအကြား အပစ်အခတ်ရပ်စဲမှုကို ချက်ချင်းပြုလုပ်ရန်နှင့် ရေရှည်တည်တန့်ခိုင်မြဲမည့် အပစ်အခတ်ရပ်စဲမှုကို အပြန်လှန်လေးစားလိုက်နာကြရန် အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင်ဖော်ပြထားသည်။

အထူးသဖြင့် ဂါဇာကမ်းမြောင်ဒေသဖြစ်သည့် ပါလက်စတိုင်းနယ်မြေများတွင် လုံခြုံရေးအခြေအနေ ဆိုးရွားလာနေမှု၊ အစ္စရေးစစ်ဘက်၏စစ်ဆင်ရေးလုပ်ငန်းများကြောင့် ကလေးသူငယ်များအပါအဝင် အရပ်သူ၊ အရပ်သားအများအပြားသေကျေ၊ ဒဏ်ရာရရှိမှုတို့အတွက် အလွန်အမင်းစိုးရိမ်ပူပန်မိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် ဖော်ပြသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခနှင့်ပတ်သက်၍ ဆွေးနွေးမှုပြုလုပ်တိုင်း အကြီးအကျယ် သဘောကွဲလွဲမှုများ ဖြစ်ပေါ်လေ့ရှိသည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင် အမေရိကန်ပြည်ထောင်စုသည် မဟာမိတ်အစ္စရေး နိုင်ငံဘက်မှ ရပ်တည်လေ့ရှိပြီး အခြားသောအဖွဲ့ဝင်နိုင်ငံအများစုက ပါလက်စတိုင်းဘက်မှ အခိုင်အမာ ရပ်တည်လေ့ရှိသည်။

ရိုက်တာ။

ဆီရာလီယွန်နှင့် လိုင်ဘေးရီးယားတို့၌ အီဘိုလာဗိုင်းရပ်စ် ကူးစက်ပြန့်ပွား

ဖရီးတောင်း ဇူလိုင် ၁၂

ယခုရက်သတ္တပတ်၏ သုံးရက်တာကာလအတွင်း ဆီရာလီယွန်နှင့် လိုင်ဘေးရီးယားနိုင်ငံတို့၌ အီဘိုလာဗိုင်းရပ်စ် ရောဂါကူးစက်ပြန့်ပွားမှုကြောင့် လူ ၁၉ ဦးအထိ သေဆုံးခဲ့ရကြောင်းကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

အာဖရိကအနောက်ပိုင်း ဆီရာလီယွန်တွင် အီဘိုလာဗိုင်းရပ်စ်ပိုး ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရန် တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းနေကြရသည်။ ယင်းရောဂါကြောင့် သေဆုံးသူဦးရေ မြင့်တက်လာမှုအတွက် စိုးရိမ်ရကြောင်း ဆေးဘက်ဆိုင်ရာ အလှူရှင်အဖွဲ့အစည်းတစ်ခုဖြစ်သည့် အမ်အက်စ်အက်ဖ်အဖွဲ့က ပြောကြားသည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းက အိမ်နီးချင်း ဂီနီနိုင်ငံ၌ စတင်ပြန့်ပွားခဲ့သော အီဘိုလာဗိုင်းရပ်စ်ပိုးကြောင့် သေဆုံးသူဦးရေ ၅၃၉ ဦးရှိပြီဖြစ်သည်။ ယင်းဗိုင်းရပ်စ်ပိုး ပျံ့နှံ့မှု တိုက်ဖျက်နိုင်ရေးအတွက် ရန်ပုံငွေတစ်ရပ် ထူထောင်ရန် ဒေသတွင်းနိုင်ငံ ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။

ဒေသဆိုင်ရာ ခေါင်းဆောင်များ တက်ရောက်မည့် ထိပ်သီးအစည်းအဝေးတစ်ရပ်ကို ဂါနာနိုင်ငံတွင် ဇွန် ၁၀ ရက်က ကျင်းပခဲ့ပြီး နိုင်ဂျီးရီးယားနိုင်ငံ သမ္မတ ဂွတ်လပ်ဂျိုနာသန်က အဆိုပါ ရန်ပုံငွေသို့ အမေရိကန်ဒေါ်လာ သုံးသန်း ထည့်ဝင်ရန် သဘောတူခဲ့သည်။

ဗိုင်းရပ်စ်ပိုးရှိသူ၏ ကိုယ်တွင်းမှ ထွက်သော အရည်နှင့် ထိတွေ့မိရာမှ ကူးစက်နိုင်သော ယင်းရောဂါပိုးအတွက် ကာကွယ်ဆေးနှင့် ကုသနည်းမရှိသေးပေ။

ယင်းဗိုင်းရပ်စ်ပိုး စွဲကပ်ခံရသူ ၉၀ ရာခိုင်နှုန်းကျော်မှာ သေဆုံးနိုင်သည်။ **ဘီဘီစီ။**

ကျားအရေခွံများ တရားဝင်ရောင်းဝယ်ခွင့်ပြုကြောင်း ပထမဆုံးအကြိမ် တရုတ်ဝန်ခံ

ဂျီနီဗာ ဇူလိုင် ၁၂

မျိုးသုဉ်းလုနီးပါး တိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရေး နိုင်ငံတကာကွန်ဗင်းရှင်း၏ အစည်းအဝေးမှ တာဝန်ရှိသူများနှင့် တက်ရောက်ကြသူများ အဆိုအရ တရုတ်နိုင်ငံသည် ဖမ်းဆီးထားသည့် ကျားများ၏ အရေခွံ ရောင်းဝယ်ခြင်းကို ခွင့်ပြုကြောင်း ပထမဆုံး အကြိမ်အဖြစ် လူသိရှင်ကြား ဝန်ခံလိုက်ပြီဖြစ်သည်။

မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များ၏ မျိုးစိတ်များနှင့် သဘာဝပေါက်ပင်များရောင်းဝယ်ခြင်းဆိုင်ရာ နိုင်ငံတကာကွန်ဗင်းရှင်း၌ တရုတ်အာဏာပိုင်များသည် ယခင်က ဤကဲ့သို့ ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိကြောင်း ၎င်းတို့က ပြောသည်။

သို့သော် ဂျီနီဗာ၌ ကျင်းပသည့် ကွန်ဗင်းရှင်း၏ အမြဲတမ်းကော်မတီအစည်းအဝေးတွင် တရုတ်နိုင်ငံက ကျားရိုးများရောင်းဝယ်ခြင်းကို ပိတ်ပင်တားမြစ်ထားဆဲဖြစ်ကြောင်း တင်ပြခဲ့သည်ဟုဆိုသည်။

တရုတ်နိုင်ငံတွင် ကျားကောင်ရေ ၅၀၀၀ မှ ၆၀၀၀ အကြား ဖမ်းဆီးထားသည်ဟု ယုံကြည်ရသည်။ သဘာဝတောရိုင်းတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အစည်းများက ကျားအရေခွံ ရောင်းဝယ်ခြင်းကို ရပ်ဆိုင်းကြပါရန် ကာလကြာမြင့်စွာကပင် တောင်းဆိုခဲ့ကြသည်။

တရုတ်နိုင်ငံအတွင်းမှ ကျားစီးပွားရေးလုပ်ငန်းများက ကမ္ဘာ့အနှံ့မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်များ သတ်ဖြတ်ခြင်းနှင့် တရားမဝင်ရောင်းဝယ်ခြင်း လုပ်ငန်းများကို ပိုမိုကြီးထွားစေသည်ဟု သဘာဝတိရစ္ဆာန်ကျွမ်းကျင်သူများက ယုံကြည်ကြသည်။

ကျားများဖမ်းဆီးထားသည့် အဆောက်အအုံများသို့ တိရစ္ဆာန်အရှင်များကို ထောက်ပံ့ပေးရလျက်ရှိပြီး ယင်းအဆောက်အအုံများသည် နိုင်ငံတကာတရားမဝင်ရောင်းဝယ်ရေး၏ နေရာတစ်ခုလည်းဖြစ်သည်ဟု သတင်းများက ဆိုသည်။

ဘီဘီစီ။

ဆန်ဖာမင် နွားသိုးလွှတ်ပွဲတော်တွင် စပိန်လူမျိုးသုံးဦး ဒဏ်ရာရ

ပမ်ပလိုနာ(စပိန်) ဇူလိုင် ၁၂

စပိန်နိုင်ငံ၏ ဆန်ဖာမင်ရိုးရာပွဲတော်၏ နွားသိုးလွှတ်ပွဲတွင် ပါဝင်ဆင်နွှဲသည့် လူထောင်ပေါင်းများစွာအနက် စပိန်လူမျိုးသုံးဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆန်ဖာမင်ဟု အမည်ပေးထားသော နွားသိုးပြေးပွဲကိုရိုးရာ ပွဲတော်တစ်ခုအဖြစ် နှစ်စဉ် ကျင်းပလေ့ရှိသည်။ စပိန်နိုင်ငံ ပမ်ပလိုနာမြို့၏ ရင်ပြင်တွင် မြို့တော်ဝန်၏ ကြီးကြပ်မှုဖြင့် ယင်းပွဲတော်ကို ကျင်းပသည်။

စပိန်နိုင်ငံ ပမ်ပလိုနာမြို့၌ ဆန်ဖာမင်ရိုးရာပွဲတော်တွင် နွားသိုးလွှတ်ပွဲ ကျင်းပစဉ်။

မာန်ဖီနေသော နွားသိုးခြောက်ကောင်၏ ရှေ့မှ တစ်ဟုန်ထိုး ပြေးလွှားကြရသည့် ရိုးရာပွဲတော်တွင် ဒေသခံပြည်သူများနှင့်အတူ ကမ္ဘာတစ်ဝန်းမှ ဧည့်သည်များ ပါဝင်ဆင်နွှဲကြသည်။ ရဲစွမ်းသတ္တိကို စမ်းသပ်သည့်အနေဖြင့် ဆန်ဖာမင်ရိုးရာ ပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး ၁၃ ရာစုခန့်မှစ၍ နှစ်စဉ်အစဉ်အလာမပျက် ကျင်းပလာခဲ့သည်ဟုသိရသည်။ **ရိုက်တာ။**

ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကြီးမှူး၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိုက်ပျိုး၊ မွေးမြူရေး သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၁၂

ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ရခိုင်ပြည်နယ်အတွင်း သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဒေသ၏ အားသာချက်များဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ခေတ်မီနည်းပညာများနှင့် ပေါင်းစပ်ကာ နိုင်ငံတကာ ဈေးကွက်ဝင် ပစ္စည်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီတို့ကြီးမှူး၍ ပထမဆုံးအကြိမ် သင်တန်းကိုဖွင့်လှစ်ပေးခဲ့ရာ ရခိုင်ပြည်နယ် မြို့နယ် ၁၄ ခုတို့မှ သင်တန်းသား ၃၁ ဦးတက်ရောက်ခဲ့ရာ ယမန်နေ့တွင် သင်တန်းဆင်းခဲ့သည်။

အဆိုပါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စိုက်ပျိုးရေး၊ မွေးမြူရေးသင်တန်းကို ဇွန်လ ၂ ရက်မှ စတင်ကာ ရက်သတ္တပတ် ခြောက်ပတ်ကြာဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး နှစ်ရှည်သီးနှံပင် စိုက်ပျိုးနည်း၊ အော်ဂဲနစ်နည်းဖြင့် စိုက်ပျိုးထုတ်လုပ်နည်း၊ အရင်းအနှီးအနည်းငယ်ဖြင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ၊ ရေလုပ်ငန်းနှင့် သက်ဆိုင်သည့် မွေးမြူထုတ်လုပ်နည်းများ၊ အများပိုင်သစ်တောတည်ထောင်ပုံများ၊ ဒီရေတောနှင့် သစ်တောများ မပြုန်းတီးအောင် ထိန်းသိမ်းကာကွယ်နည်းများ စသည်ဖြင့် သိသင့်သိထိုက်သည်များကို စနစ်တကျလက်တွေ့နှင့် စာတွေ့ ပေါင်းစပ်ကာ သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်းကို သင်တန်းတွင် ဒုတိယဆုရရှိသူ ကျောက်ဖြူမြို့နယ်မှ စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ ကိုဇော်ဝင်းလှိုင်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်းရာသီသီးနှံများအဖြစ် စပါးနှင့်မြေပဲကို အဓိကထား စိုက်ပျိုးပြီး လိမ္မော်၊ သံပုရာ၊ ငှက်ပျော စသည့် သီးနှံများအပြင် နှစ်ရှည်သီးနှံပင်များအဖြစ် သီဟိုဠ်၊ ဓနိ၊ အုန်း၊ ရော်ဘာ၊ သရက်နှင့် ကွမ်းသီးပင်များကို စိုက်ပျိုးလုပ်ကိုင်နိုင်သည်ဟု သိရသည်။

"စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းတိုင်းက ဈေးကွက်ကို အခြေခံတာကြောင့် ဈေးကွက်သဘောတရားတွေကို သိရှိဖို့လိုတဲ့အတွက် သင်တန်းနောက်ဆုံးရက် နောက်ဆုံးအချိန်တွင် ထည့်သွင်းသင်ကြားပေးခဲ့တယ်"ဟုလည်းသင်တန်းဆရာတစ်ဦးဖြစ်သူ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အကြံပေးဦးကျော်လှိုင်က ပြောပြသည်။

သင်တန်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့်ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများက သင်ကြားပို့ချ ပေးခဲ့သည်။

နည်းပညာ၊ ရင်းနှီးမြှုပ်နှံမှု ဘယ်လောက်ပင်များစေကာမူ လူသားအရင်းအမြစ်သည်သာ အဓိကဖြစ်သဖြင့် သင်တန်းမှ ရရှိသည့် ပညာများကို မိမိတို့ မြို့နယ်နှင့် ကျေးရွာများတွင် ပြန်လည်လက်ဆင့်ကမ်းမျှဝေသွားရမည်ဖြစ်ကြောင်းကို "လူမှုရေး၊ ကျန်းမာရေး ဘယ်အရာမဆို ပြည်သူလူထု ပူးပေါင်းပါဝင်မှ အောင်မြင်မှာဖြစ်ပါတယ်။ ဒီလို အသိပညာတွေကို လူထုကြားထဲစိမ့်ဝင်သွားဖို့ ရည်ရွယ်ပြီး ဒီသင်တန်းကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်အကောင်အထည်ဖော်ရာမှာလည်း အခုသင်တန်းသားတွေကလည်းပါဝင်လုပ်ဆောင်နိုင်မယ့် အခွင့်အလမ်းများ ရှိလာနိုင်မှာဖြစ်ပါတယ်"ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းက ပြောသည်။

သင်တန်းကိုရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မီးရထားစက်ခေါင်းစက်ရုံအစည်းအဝေးခန်းမတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ထူးချွန်သင်တန်းသားများအား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုးလ်ဒင်းအများပိုင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်နှင့် ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရခိုင်ပြည်နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နေသည့် အခြေခံပညာနှင့် ဘွဲ့ရအဆင့်ရှိ လူငယ်များက တက်ရောက်ခဲ့ကြသည်။ ဆက်လက်၍လည်း သင်တန်းများကို အခါအားလျော်စွာ ရန်ကုန်တိုင်းဒေသကြီးအတွင်းသာမက ရခိုင်ပြည်နယ် ကျောက်ဖြူတွင်လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ **(ဝင်းဝင်း)**

❍ မကွေးနှင့် ရတနာပုံမှ

တိုးတက်မှုမရှိလျှင် ထိပ်ဆုံးနေရာအတွက် ရုန်းကန်ရဖွယ်ရှိနေသည်။

နှစ်ပွဲဆက်ရှုံးနိမ့်ထားသည့် မကွေးအသင်းကလည်း အမှတ်ရရှိရေးအတွက် အားထည့်ကစားခဲ့ပြီး ရတနာပုံအသင်း၏ ဦးဆောင်ဂိုးများသွင်းယူမှုကို ပြန်လည်ချေပနိုင်ခဲ့သည်။ ရတနာပုံအတွက် ၁၃ မိနစ်တွင် အောင်မြင့်အေး၊ ၄၉မိနစ်တွင် ဖွန်ဆီကာတို့က သွင်းယူခဲ့ပြီး မကွေးအတွက် ချေပဂိုးများကို ၂၈ မိနစ်တွင် ဆယ်လာ၊ ၇၁ မိနစ်တွင် မာဒန်ရှုတို့က သွင်းယူခဲ့သည်။

(ပေါင်းလောင်းကွင်း)
ရောဝတီ -နှစ်ဂိုး
(နန္ဒလင်းကျော်ချစ်နှင့်ဆာဆာ)
နေပြည်တော် -တစ်ဂိုး
(ဂျောင်)
(အောင်ဆန်းကွင်း)
ရန်ကုန် - နှစ်ဂိုး
(ခင်မောင်လွင်နှင့်ဆီဇာ)
GFA - ဂိုးမရှိ။
ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
ချင်းယူနိုက်တက် - Southern
(အောင်ဆန်းကွင်း)
ကမ္ဘောဇ -မနောမြေ

ကားဟိုက်ဒရောလစ် DUMP ကိုလှန်၍ ပြုပြင်နေစဉ် DUMP ပြုတ်ကျပြီး လူတစ်ဦးသေဆုံး

နေပြည်တော် ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဆူးပုတ်ခုံကျေးရွာအနီး ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ ခန့်က ကားလမ်းဘေးတွင် လူတစ်ဦး ကားပိ၍ သေဆုံးနေကြောင်း သတင်းအရ ပေါက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ဆူးပုတ်ခုံကျေးရွာအနီး ကားလမ်းဘေးတွင် ၉၅/---- အနီရောင် ခြောက်ဘီး DUMP FAW ယာဉ်အား ဆိပ်ဖြူမြို့နယ် ရွာသစ်ရွာနေ မျိုးမင်းလတ်(၂၉) နှစ်သည် ဟိုက်ဒရောလစ် DUMP ကိုလှန်၍ ပြုပြင်နေစဉ် DUMP ပြုကျပြီး ကားဖရိန်နှင့် ဦးခေါင်းညပ်မိသေဆုံးသွားကြောင်း သိရှိရသဖြင့် မျိုးမင်းလတ်အား ပေါက်မြို့မရဲစခန်းက ယာဉ်(ပ)၁၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**



အောင်ဘာလေထီကံစမ်းသူ များလာပြီ

ရန်ကုန် ဇူလိုင် ၁၂

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် (၃၀၇)ကြိမ်မြောက် ထီဖွင့်ပွဲမှစတင်ကာ ဆုမဲခွဲဝေဖွင့်လှစ်သည့် ထီဆုမဲအမျိုးအစားများကို ပြုပြင်ပြောင်းလဲ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုဖွင့်လှစ်မည့် (၃၀၇)ကြိမ်မြောက် ထီဖွင့်ပွဲတွင် အထူးဆုကြီးစနစ်ဖြင့် ငွေကျပ်သိန်း ၁၅၀၀ ဆု တစ်ဆု၊ ငွေကျပ် သိန်း ၁၀၀၀ ဆု တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ ဆု တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ ဆု သုံးဆု၊ ငွေကျပ် သိန်း ၂၀၀ ဆု ငါးဆု၊ ဆုတစ်ဆုခြင်း ဆုမဲများအဖြစ် ငွေကျပ်သိန်း ၁၀၀ ဆု ၁၃ ဆု၊ ငွေကျပ်သိန်း ၅၀ ဆု ငါးဆုနှင့် ငွေကျပ် ၂၅ သိန်းဆု ငါးဆုအပါအဝင် ဆုမဲစုစုပေါင်း ၂၇၈၃၃ ဆု ဖွင့်လှစ်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့် ဇူလိုင် ၁ ရက်က ဖွင့်လှစ်ခဲ့သည့် (၃၀၆)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲတွင် ခွဲဝေပေးသည့်ဆု ၂၃၄၆၃ ဆုသာရှိခဲ့သည်။ ယခု ဩဂုတ် ၁ ရက်တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုမဲပေါင်း ၂၇၈၃၃ ဆုရှိရာ ယခင်အကြိမ်ကထက် ဆုမဲပေါင်း ၄၃၇၀ ပိုမိုကြောင်း တွေ့ရသည်။ ယခင်က မရှိခဲ့ဖူးသည့် ကျပ်သိန်း ၅၀ ဆု၊ ကျပ် ၂၅ သိန်းဆုတို့ကို တိုးချဲ့ခွဲဝေပေးမှုကလည်း ထူးခြားလာသည်ဟု ဆိုရပါမည်။

ဖွင့်လှစ်ပြီး (၃၀၆)ကြိမ်မြောက် ဆုမဲစာရင်းနှင့် ယခုဖွင့်လှစ်မည့် (၃၀၇)ကြိမ်မြောက် ဆုမဲခွဲဝေပေးမှုစာရင်းတို့မှာ ဖော်ပြပါအတိုင်းဖြစ်သည်။

၃၀၆ ကြိမ်		
ဆုမဲတန်ဖိုး		**ဆုမဲပေါင်း**
ကျပ်သိန်း	၁၅၀၀	၁
ကျပ်သိန်း	၁၀၀၀	၁
ကျပ်သိန်း	၅၀၀	၁
ကျပ်သိန်း	၃၀၀	၃
ကျပ်သိန်း	၂၀၀	၅
ကျပ်သိန်း	၁၀၀	၁၃
ကျပ်သိန်း	၅၀	-
ကျပ်သိန်း	၂၅	-
ကျပ်သိန်း	၁၀	၃၇၇
ကျပ်သိန်း	၅	၀
ကျပ်သိန်း	၃	၁၂၁၀
ကျပ်သိန်း	၂	၁၀၇၅
ကျပ်သိန်း	၁	၁၁၇၆၆
ကျပ်ငါးသောင်း		၉၉၉၉
ဆုမဲပေါင်း		**၂၃၄၆၃**

၃၀၇ ကြိမ်		
ဆုမဲတန်ဖိုး		**ဆုမဲပေါင်း**
ကျပ်သိန်း	၁၅၀၀	၁
ကျပ်သိန်း	၁၀၀၀	၁
ကျပ်သိန်း	၅၀၀	၁
ကျပ်သိန်း	၃၀၀	၃
ကျပ်သိန်း	၂၀၀	၅
ကျပ်သိန်း	၁၀၀	၁၃
ကျပ်သိန်း	၅၀	၅
ကျပ်သိန်း	၂၅	၅
ကျပ်သိန်း	၁၀	၂၀၀
ကျပ်သိန်း	၅	၂၀
ကျပ်သိန်း	၃	၁၂၁၀
ကျပ်သိန်း	၂	၄၅၈
ကျပ်သိန်း	၁	၁၂၀၀၀
ကျပ်ငါးသောင်း		၁၅၀၀၀
ဆုမဲပေါင်း		**၂၇၈၃၃**

ဆုမဲအရေအတွက်သည် ယခင်ကထက်ပိုမိုလာခြင်း၊ အောင်ဘာလေထီကို အန္တရာယ်ကင်း ဘေးရှင်း၊ စိတ်ချမ်းမြေ့စွာဝယ်ယူအားပေးနိုင်ခြင်း၊ ပေါက်ရင်ယူ၊ မပေါက်ရင်လှူ ပေါက်ရင်ကိုယ့်အတွက် အကျိုးရှိ၊ မပေါက်ရင် ပေါက်သူနဲ့နိုင်ငံအတွက် တစ်ဖက်တစ်လမ်းက အကျိုးရှိမို့ ယခင်ကရောင်းအားကျခဲ့သော အောင်ဘာလေထီ ယခုအခါကံစမ်းလိုသူများလာခြင်း၊ ယခင်က ထီတစ်စောင်သာ ထိုးသူများ ယခုအခါ သုံးစောင်မှ ငါးစောင်၊ ငါးစောင်မှ ၁၀ စောင်ထိ ကံစမ်းလာကြသည်။ ထို့ကြောင့် အောင်ဘာလေထီရောင်းအားသည်လည်း အထိုက်အလျောက် ကောင်းလာကြောင်း ထီလောကသားအသိုင်းအဝန်းမှ သိရသည်။

အောင်ဘာလေထီပေါက်နိုင်ခြေအခွင့်အလမ်းများ တိုးချဲ့ဆောင်ရွက်ပေးသကဲ့သို့ အောင်ဘာလေထီကံစမ်းသူများ လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူရရှိကံစမ်းနိုင်ရေးကို ပို၍ ပို၍ဆောင်ရွက်ပေးနိုင်ပါက အောင်ဘာလေထီကံစမ်းသူ "ဝယ်လိုအား"သည်လည်း မလွဲမသွေမြင့်မားလာမည်ဖြစ်ပါကြောင်း အောင်ဘာလေထီကံစမ်းသူများကြားပြောဆိုနေကြသည်။

(ကိုချစ်)

အရေးထူးတဲ့ကျွန်တော့်နှလုံး

သုတေသီတစ်ဦး

ကျွန်တော့်နှလုံးသားဟာ ကျွန်တော့်အသက်ဇီဝ၊ ကျွန်တော့်ကိုယ်ကြီး၏မောင်းနှင်အား၊ ကျွန်တော့် ကိုယ်အင်္ဂါများတွင်အလုပ်လုပ်ရဆုံး၊ အနူးညံ့ဆုံး၊တန်ဖိုးအကြီးဆုံးနှင့် ချစ်စရာအကောင်းဆုံးအင်္ဂါ အစိတ်အပိုင်းပင်။

ကျွန်တော့်နှလုံးသားဟာ သူများတွေရဲ့ နှလုံးသားတွေထက် ပိုပြီး ထူးတာကတော့ သူဟာ သူရဲကောင်းနှလုံးကြီးဖြစ်လို့ပါပဲ။ ဆရာဝန်ကြီးတွေ (၅) ကြိမ်တိုင်တိုင် ထိုးဆွရောဂါရှာဖွေခြင်းနှင့် စီတီ (CT Multi Scanner) စက်ဖြင့် ရောဂါရှာဖွေခြင်း (Manual Angiogram 4 times, Paroxymal AF Ablation 1 time နှင့် CT Angiogram 2 times) အလုပ်ခံခဲ့ရပြီး ယခုကျွန်တော် အသက် (၇၂) နှစ်အရွယ်မှာ အသက်ဆက်နေနိုင်ခြင်းကြောင့် သူရဲကောင်းနှလုံးကြီးလို့ ပြောချင်။ ဆရာဝန်ကြီး ကိုယ်တိုင်ကလည်း Your gallant heart လို့ တင်စားခဲ့တာပါ။

ကျွန်တော့်နှလုံးသား ဒီလောက်အထိ အကြိမ်ကြိမ်အစမ်းသပ်ခံရတဲ့ဘဝသို့ ရောက်ရှိခဲ့ရတဲ့အကြောင်းကိုလည်း ယခု အသက် (၇၂) နှစ်အရွယ်မှာ ကမ္ဘာကျော်နှလုံးပညာရှင်ပါရဂူကြီးရဲ့Angiogram လုပ်ဆောင်ချက်ကြောင့်ဟု သိရှိခွင့်ရခဲ့ရတာပါပဲ။ သူ့အမည်ကတော့ Dr. Teo Wee Siong ဖြစ်ပြီး စင်ကာပူနိုင်ငံ Mt Eliza-beth Medical Centre မှာ ကိုယ်ပိုင်နှလုံးအထူးကုဆေးခန်းဖွင့်ထားသူပါ။ သူဟာ Electro Physiologist ပညာရှင်လည်းဖြစ်ပြီး လွန်ခဲ့တဲ့ ၂၀၁၀ ခုနှစ်က ကျွန်တော့်ကို စင်ကာပူအထွေထွေဆေးရုံကြီး နှလုံးရောဂါဌာနမှာ AF Ablation လုပ်ပေးခဲ့သူလည်း ဖြစ်ပါတယ်။

ကျွန်တော့်နှလုံးပြဿနာတွေဖြစ်ရတဲ့အကြောင်းတရားကတော့ မွေးရာပါလို့ပဲပြောရမှာပါ။ ကျွန်တော့်နှလုံးကို ECG ဆွဲကြည့်လိုက်တဲ့ ဆရာဝန်တိုင်းလိုလိုက Angiogram လုပ်ကြည့်မှဖြစ်မယ်လို့ ထင်ကြပါတယ်။ ကျွန်တော် ၁၉၇၈ ခုနှစ် အသက် (၃၅) နှစ်ကျော်မှာ ပထမဆုံး ဆေးအစစ်ခံရပါတယ်။ ကျွန်တော့်ကို ဆေးစစ်တဲ့ ပါရဂူကတော့ ပေါ့ပေါ့မဟုတ်ပါ။ USA က MD ဘွဲ့နှင့် UK က MRCP ဘွဲ့ရတဲ့ဆရာ Melvin Thein Kyaw (ဆရာမဲလ်ဗင်သိန်းကျော်) ပါပဲ။ သူက ကျွန်တော့် ECG ကိုကြည့်လိုက်၊ စဉ်းစားလိုက်နဲ့ ပြီးတော့ သူက ခင်ဗျား ECG ကပုံမှန်တော့မဟုတ်ဘူး၊ ထပ်ဆွဲပါဦးလို့ ခိုင်းတယ်။ ဒုတိယအကြိမ်ကျပြန်တော့လည်း ခင်ဗျားမှာ ရောဂါရှိနေတယ်ဗျာ၊ ဘာရောဂါမှန်းတော့မသိဘူး။ တစ်လလောက်ကြာရင်ပြန်လာခဲ့ပါလို့ ပြောတယ်။ ကျွန်တော် ပြန်သွားပါတယ်။ ECG ထပ်ဆွဲပါတယ်။ သူမေးတာတွေကိုလည်းဖြေပါတယ်။ ဘာထူးခြားခံစားဖူးလဲ၊ ရင်ဘတ်အောင့်သလား၊ လေ့ကားတက်ရင်မောသလား၊ ကျွန်တော် ရင်ဘတ်လည်းမအောင့်ပါ။ လက်မောင်းရင်းလည်း မအောင့်ပါ။ ကျောပြင်လည်း မအောင့်ပါ။ အနောက်ရိုးမ၊ ရခိုင်ရိုးမတောင်ကြီးကို တက်လိုက်ဆင်းလိုက်လုပ်နေတာလည်း မမောပါ။ ကျွန်တော်သူ့ဆီကိုလည်းနောက်မသွားတော့ပါ။ သူကလည်း ရောဂါကင်းပါတယ်လို့သာမှတ်ချက်ပေးခဲ့ပါတယ်။

ဒီလိုနဲ့ ၁၆ နှစ် မျှသောကာလသာ ကြာသွားတယ် ကျန်းမာရေးနဲ့ပတ်သက်ပြီး ကြီးကြီးကျယ်ကျယ် ဘာမျှမဖြစ်ပါ။ နှလုံးရောဂါနဲ့ပတ်သက်သော အရိပ်အယောင်များခန္ဓာကိုယ်မှာမဖြစ်ပါ။ ပြဿနာကတော့ ECG တွေပါပဲ။ ဆရာဝန်တွေကိုပြတိုင်း နှလုံးတစ်ခုခုဖြစ်နေတယ်လို့ ယူဆတယ်။ သွေးကြောကျဉ်းနေပြီထင်ကြတယ်။ သောက်ဆေးတွေပေးတယ်။

ဒီ ၁၆ နှစ် သောအချိန်ကာလ အရှည်ကြီးအတွင်း ကျွန်တော်က ပုံမှန် Life Style အတိုင်း နေထိုင်ခဲ့တယ်။ အသက် (၁၅) နှစ် အရွယ်ကတည်းက ဆေးလိပ်သောက်ခဲ့တယ်။ အရက်ကိုလည်း တစ်ခါတစ်ရံ သောက်တယ်။ ဝက်သားကိုလည်းအင်မတန်ခုံမင်တယ်။ သူမပါရင်ထမင်းမမြိန်ဘူးဆိုပါတော့။ ဤသို့နှင့် ၁၉၉၄ ခုနှစ်ကို ရောက်လာတယ်။

ထိုနှစ်မှာ ကျွန်တော်နှင့် ရင်းနှီးတဲ့ နိုင်ငံတော်သမားတော်ကြီးက ခင်ဗျားနှလုံးပြဿနာရှိတယ်ဆိုရင် နှလုံးရောဂါရှာဖွေတဲ့စက်ကြီး ဒီမှာတပ်ဆင်ပြီးပြီ၊ စင်ကာပူက Leslie Lam ဆိုတဲ့ နှလုံးပါရဂူကြီးလာလိမ့်မယ်။ သူနဲ့ Angiogram လုပ်လိုက်ပါလားလို့ အဆိုပြုလာခဲ့တယ်။ အဖြေကတော့ ပင်မနှလုံးသွေးကြောကြီးမှာ ၄၀-၅၀ ရာခိုင်နှုန်းပိတ်တယ်၊ တစ်နေရာပါပဲ၊ ခွဲ့ဖို့မလိုပါဘူး၊ ဆေးနဲ့ထိန်းလို့ရပါတယ်တဲ့၊ဒါပထမအကြိမ် Angiogram ပါပဲ။

၂၀၀၃ ခုနှစ် နောက်ထပ် ကိုးနှစ်ကြာခဲ့ပါပြီ။ ကျွန်တော့်ဘဝအနေအထိုင် ယခင်အတိုင်းပါပဲ။ အေးအေးချမ်းချမ်း၊ ပေါ့ပေါ့ပါးပါး၊ သွားသွားလာလာပါပဲ။ သို့သော် ကျွန်တော်အသက် (၆၀) ပြည့်ပြီ။ ဝန်ထမ်းဘဝမှ အငြိမ်းစားယူရတော့မယ်၊ ဝန်ထမ်းသက် (၃၈) နှစ်၊ အိုနေပြီ၊ နာဖို့ သေဖို့ပြင်ရတော့မယ်။ အငြိမ်းစားပင်စင်လစာကလည်း တစ်သောင်းလောက်ရမယ်။ အညံ့စားနိုင်ငံခြားအရက် တစ်ပုလင်းစာပဲရှိပါတယ်။ ဆေးဝါးတွေကလည်း ဈေးကြီးလိုက်တာ၊ ဒီတော့စိတ်ဓာတ်ကျစပြုလာတယ်။ ဟိုတွေး၊ ဒီတွေး တွေးလာတယ်။ ဆေးလိပ်ဖြတ်၊ အရက်ဖြတ်တယ်၊ ဝက်သားလျှော့စားတယ်၊ နှလုံးသားကိုလည်းပစ်ထား လိုက်တာ ကိုးနှစ်ရှိပြီ။ သွေးကြောတွေဘယ်အဆင့်အထိများပိတ်ဆို့ကုန်ပြီလဲ။ အသက် (၆၀) ပြည့်လို့ အငြိမ်းစားယူတော့ ဆေးစစ်ရတယ်။ ကျောက်ကပ်၊ အသည်း၊အဆုပ်ကောင်းသေးတယ်၊ အရိုးကျိုးပေါင်းတက်တာကတော့ဇက်ပိုးနဲ့ခါး (cervical/ Lumbar spine) နှစ်နေရာစလုံးမှာ တော်တော်ဆိုးနေပြီး ဆီးချို၊ သွေးချိုတော့ မရှိသေးဘူး၊ တော်သေးတာပေါ့။ ဒီတော့ နှလုံးအတွက် အဖြေရှာဖို့ကြိုးစားတယ်၊ ပုဂ္ဂလိကဆေးရုံတစ်ခုဖြစ်တဲ့ Sakura ဆေးရုံမှာ နှလုံးရောဂါရှာဖွေတဲ့ စက်တစ်ခုတပ်ဆင်ပြီးလို့ စမ်းသပ်ကုသရန် စင်ကာပူက ယခင်ပထမအကြိမ် Angiogram ကြီးကြပ်လုပ်ဆောင်ပေးခဲ့တဲ့ Leslie Lam လာမယ်လို့သိရတယ်။ ဒီတော့ အခွင့်ကောင်းရခိုက်လုပ်လိုက်တယ်။ အဖြေကတော့ ယခင် ပထမအခေါက်အတိုင်းပါပဲ။ ပင်မသွေးကြောကြီးအလယ်ပိုင်းတစ်နေရာမှာ ၄၀-၅၀ ရာခိုင်နှုန်းပိတ်တယ်။ Stenosis 40-50 % Mid LAD လို့ တွေ့ရှိချက်ရေးထားတယ်။ ဆေးရုံဆင်းမှတ်ချက်မှာ Huge LAD လို့ Leslie Lam ကမှတ်ချက်ပြုတယ်။ ကျွန်တော့်ကိုလည်း သူက ခင်ဗျားရဲ့ LAD က အလွန့်အလွန် (exceptionally Large) ကြီးမားတယ်၊ ထူးခြားတယ်ဗျာ။ Stent (နှလုံးသွေးကြောထဲထည့်၍သွေးများစီးဆင်းသွားလာနိုင်ရန် သံမဏိပိုက်ငယ်ကလေး) ထည့်ရမယ်ဆိုရင်တောင် ခင်ဗျားသွေးကြောနဲ့တော်ဆံ့တဲ့ အရွယ်မရှိဘူးလို့ ပြောတယ်။ ကျွန်တော်စဉ်းစားကြည့်တယ်။ ဥရောပသား၊ အာဖရိကသားတွေ အကောင်အထည်ကြီးကြတာပဲ။ သူတို့နှလုံးသွေးကြောတွေလည်း ကြီးကြမှာပေါ့။ ဒီတော့နိုင်ငံခြားမှာတော့ရှိပါလိမ့်မယ်လို့ တွေးလိုက်သေးတယ်။

နောက် သုံးနှစ်အကြာ ၂၀၀၆ ခုနှစ်မှာ အလွန်ကျော်ကြားပြီးလူတွေလေးစားတဲ့ သမားတော်ကြီးနဲ့ ပြသတယ်။ ECG ကြည့်လိုက်တာနဲ့ လန့်သွားပြီး ရက်ပိုင်းအတွင်း သူအုပ်ချုပ်တဲ့ဌာနမှာ Angiogram လုပ်ပေးတယ်။ အဖြေကတော့ ဒုတိယအကြိမ်အတိုင်း ထပ်တူထပ်မျှပါပဲ။ စုစုပေါင်း သုံးကြိမ် ဖြစ်သွားပါပြီ။ ၅၀ ရာခိုင်နှုန်းလောက် Mid LAD မှာပိတ်တယ်လို့ ဆေးရုံဆင်းမှတ်ချက်ပြုတယ်။

၂၀၀၉ ခုနှစ် ကျွန်တော် အသက် (၆၆) နှစ်မှာ ကျန်းမာရေးကျဆင်းလာတယ်။ နှလုံးခုန်နှုန်းမမှန်တဲ့ရောဂါ (Paroxysmal Artrial Filbration AF) ဖြစ်လာတယ်။ တစ်ခါတလေ နှလုံးထဲမှာ မီးရထားကြီးခုတ်မောင်းနေသလိုပဲ။ ဒါ့အပြင် သည်းခြေထဲမှာ (Gall Blader) ကျောက်တည်ပြီး သည်းခြေပုပ်သွားလို့ ခက်ခက်ခဲခဲခွဲစိတ်လိုက်ရတယ်။ ခွဲစိတ်ပညာရှင်ကြီး နှစ်ဦးဖြစ်တဲ့ Robin Chan နဲ့ ဆရာကြီး ဦးဝင်းမြင့်တို့ ကျွန်တော့်အသက်ကို ကယ်လိုက်ကြတာပါ။

၂၀၁၀ ခုနှစ်မှာတော့ ကျွန်တော့်နှလုံးရောဂါတိုးပွားလာတဲ့အတွက် AF Ablation လုပ်မယ့် Electro Physiologist အကျော်အမော်တွေထဲက ကျွန်တော့်ဆရာဝန်ကြီးရွေးချယ်လိုက်တဲ့ပုဂ္ဂိုလ်ကတော့ Dr. Teo Wee Siong ဆိုတဲ့ကမ္ဘာကျော်ဆရာဝန်ကြီးပါပဲ။ ကမ္ဘာ့အကျော်အမော်လို့သိဒ္ဓိတင်လိုက်ရတာကတော့ သူဟာကျွန်တော်တို့တိုင်းပြည်ခေါင်းဆောင်တွေအပြင် အခြားတိုင်းပြည်ခေါင်းဆောင်တွေ၊ အာရှ၊ ဥရောပသူဌေးတွေ အမြောက်အမြားကို ကြည့်ရှုကုသပေးနေတဲ့ သမားတော်ကြီးဖြစ်လို့ပါပဲ၊ ကျွန်တော့်ဆရာဝန်ကြီးနဲ့ခင်မင်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုကြောင့်သာ ကျွန်တော့်လို သာမန်လူတစ်ယောက်ကို အရေးပေါ်အချိန်ပေးပြီး ကုသပေးခဲ့ခြင်း ဖြစ်ပါတယ်။

ထိုကုသမှုမတိုင်မီ နှလုံးသွေးကြောများအတွင်းသို့ ဝင်လမ်း ထွက်လမ်းများအားလုံး ပေါ်လွင်ထင်ရှားစေရန် 320 Slice CT Multi Scanner နဲ့ Angiogram လုပ်ရပါတယ်။ အဲဒီ နှလုံးသွေးကြောပုံရိပ်ဖော်လုပ်ငန်းစဉ်တွင် ယခင်အတိုင်းပင် တစ်နေရာတည်း၌ ၄၀-၅၀ ရာခိုင်နှုန်းပိတ်ဆို့မှုရှိတယ်လို့ ဖော်ပြပါတယ်။ ဒါကတော့ စတုတ္ထအကြိမ် Angiogram ပါ။

Angiogram ဆိုတာက နှလုံးထဲကို ပိုက်သွင်း၊ ပုံရိပ်ဖော်ဆေးသွင်းပြီး ဓာတ်ပုံရိုက်တာပါ။ အချိန်အားဖြင့် ၁၀ မိနစ်မျှသာရှိပါလိမ့်မယ်။ Ablation ဆိုတာက နှလုံးထဲက နေရာအမြောက်အမြားကို လျှပ်စစ်နဲ့လိုက်တို့ပြီး မီးရှို့ပစ်ရတဲ့ကုထုံးပါ။ ကျွန်တော့်ကိုကုရာမှာအောင်မြင်မှုရှိအောင် အချိန်လေးနာရီကျော်လုပ်ရပါတယ်။ထို့ကြောင့် အလွန်ပြင်းထန်တဲ့ဒဏ်ချက်အကျိုးဆက်တွေ နှစ်နှစ်ခွဲပြီး ခံရတယ်။ အောင်မြင်တယ်ဆိုသော်လည်း ၈၀-၉၀ ရာခိုင်နှုန်းသာ အောင်မြင်တာပါ။

၂၀၁၄ ခုနှစ် Ablation လုပ်ပြီး လေးနှစ်ကြာကာလ နှလုံးသွေးကြောများအခြေအနေပြန်စစ်ရန် လိုလာပါတယ်။ ဒီမှာ CT Scanner နဲ့သွေးကြောအတွင်း ပုံရိပ်တွေဖော်လိုက်တော့ သွေးကြောကြီး သုံးချောင်းမှာ နေရာအတော်များများ ၅၀-၆၀ ရာခိုင်နှုန်း ပိတ်ဆို့မှုတွေ တွေ့လာရလို့ Stent ထည့်ရုံနဲ့မရတော့ဘဲ By Pass ခွဲစိတ်ကုသရမယ့် အခြေအနေတွေတောင် ပေါ်လာပါတယ်။ ဒီတော့ စင်ကာပူကိုအမြန်ပြေးရပြန်ပါတယ်။ ကျွန်တော့်သမားတော်ကြီးစီစဉ်ပေးလို့ ယခင်ကုသခဲ့တဲ့ စင်ကာပူဆရာဝန်ကြီးကပဲ အချိန်တိုအတွင်း ရက်ချိန်းပေးပြီး Mt Elizabeth Medical Center၊ နှလုံးဆေးရုံမှာ Angiogram လုပ်ရပြန်ပါတယ်။

ဇွန်လ ၅ ရက်နေ့ ညနေ ၅ နာရီ ကျွန်တော့်ဘဝမှာ ပျော်ခဲ့ရတဲ့နေ့၊ ဆရာဝန်ကြီးက ညာခြေပေါင်ခြံအတွင်းထုံဆေး (LA) ဆေးထိုးပြီး ၁၀ မိနစ်ခန့်အကြာမှာ အပြင်အခန်းဘက်ကူးသွားပါတယ်။ ကျန်ခဲ့တဲ့ အကူတစ်ဦးက ကျွန်တော့်ပေါင်ခြံက တစ်ဆင့်သွင်းထားတဲ့ပိုက်ကို ထုတ်နေပါပြီ၊ ပြီးတော့ ထိုနေရာကို လက်မနဲ့ဖိ၍သွေးတိတ်အောင် လုပ်နေပါပြီ။ ကျန်သုံးဦးကတော့ ပစ္စည်းတွေ သိမ်းနေပါပြီ။ ကိစ္စတော့ ပြီးသွားပါပြီ။ မကြာခင်မှာပဲ ကျွန်တော့်ခုတင်ကို လာရောက်တွန်းယူပြီး လူနာအခန်းသို့ပြန်ပို့ပါတော့တယ်။ Stent ပင်မထည့်ရသဖြင့် ကျွန်တော့်ရင်ထဲက အလုံးကြီးပျောက်ကွယ်သွားပါတော့တယ်။

ထိုနေ့ညနေ ၆ နာရီခန့်တစ်ကြိမ်၊ ၈ နာရီခန့်တစ်ကြိမ် လူနာခန်းကို ဆရာဝန်ကြီးကိုယ်တိုင်လာကြည့်ပါတယ်။ သူက ကျွန်တော့်သွေးကြောထဲကနေ နေရာနှစ်နေရာမှာသာ ပိတ်ဆို့မှု ၂၀ ရာခိုင်နှုန်းခန့်ရှိတယ်။ ဘာမှလုပ်ဖို့မလိုဘူး၊ အဓိကသွေးတိုးရောဂါကိုသာ ဂရုစိုက်ဖို့လိုတယ်လို့ဆိုလာတယ်။ ဇွန်လ ၇ ရက်နေ့မှာ သူ့ရဲ့ အစီရင်ခံစာမှတ်တမ်းနဲ့စာရွက်စာတမ်းများလာယူရင်း ပြန်ပြရန်ပြောသွားတဲ့အတွက် ကျွန်တော်သိလိုလှတဲ့ မေးခွန်းများကို ထိုနေ့ကျမှ မေးရပါတော့တယ်။ ကျွန်တော့်ရဲ့ LAD သွေးကြောကြီးအလွန်ကြီးနေတယ်ဆိုတာ ဟုတ်ပါသလား၊ ဒီတော့သူက LAD တင်ဘယ်ကမလဲ၊ ပင်မသွေးကြောတွေအားလုံးအလွန်ကိုကြီးကြတယ်။ ဒါ့အပြင် နှလုံးကြွက်သားကြီးတွေကလည်းအလွန်ကြီးမားတယ် အံ့သြစရာပဲ၊ ဒီလိုဟာမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဓာတ်ပုံ ၁၇ ပုံပေးလိုက်တယ်။ Video အခွေလည်းပါတယ်။ စိတ်ဝင်စားသူတွေကို ပြကြည့်ပါလို့ ပြောတယ်။ ဒီတော့ ကျွန်တော်က ကျွန်တော် ECG တွေငယ်ရွယ်စဉ်ကတည်းက အခုအချိန်အထိရုပ်ပျက်ဆင်းပျက် Abnormal ဖြစ်နေတယ်။ ကျွန်တော့်နှလုံးမွေးရာပါ Deformity ပုံမှန်သမားရိုးကျမဟုတ်လို့ပါလားလို့ မေးလိုက်ပါတော့တယ်။ Yes, that's correct, that's why you have to go through a lot of Angiograms, poor gallant heart လို့မှတ်ချက်ချလိုက်ပါတယ်။ မြန်မာနိုင်ငံပြန်ရောက်ရင်တော့ ကျွန်တော့်ကျေးဇူးရှင် သမားတော်ကြီးက Angiogram Report ကိုဖတ်ပြီးတဲ့အခါမှာ "ဒါဖြင့် Mid LAD က (၅၀) ရာခိုင်နှုန်း ဆိုတာကော ဘယ်ရောက်သွားလဲ၊ အခုတော့ စိတ်အေးသွားရတာပေါ့" တဲ့။ ဒီတော့ ကျွန်တော်က "Yes, Thank you" လို့ပဲ ပြောလိုက်ပါတော့တယ်။ ဘယ့်နှယ်ပြောလိုက်ပါလိမ့်ဗျာ၊ ဒေါ်လာကိုးသောင်းလောက်ကုန်ရမယ့် အခြေအနေကနေပြီး ဒေါ်လာ ၆၅၀၀ နဲ့ ပြီးသွားတော့ ဝမ်းမသာဘဲ နေနိုင်ပါ့မလား။ ။

ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မတ္တရာမြို့နယ်၊ တောင်ပြုံးကျေးရွာ ဆုတောင်းပြည့်ဆုတောင်းရမြတ်စွာဘုရား ဗုဒ္ဓပူဇနိယဆွမ်းတော်ကြီးလောင်းလှူပွဲနှင့် တောင်ပြုံးအရှင်နှစ်ပါးပွဲတော်တို့သည် ၁၃၇၆ခုနှစ်၊ ဝါခေါင်လဆန်း(၈)ရက်မှ ဝါခေါင်လပြည့်နေ့အထိ ကျင်းပမည်ဖြစ်ရာ ပွဲတော်လုပ်ငန်းဖြစ်သော-

(၁) ရွှေဆိုင်းလုပ်ငန်း
(၂) ဈေးကြီးလုပ်ငန်း
(၃) ဈေးလေးလုပ်ငန်း
(၄) ညောင်ပင်ဝိုင်းလုပ်ငန်း
(၅) ဇာတ်ရုံ(၁)လုပ်ငန်း
(၆) ဇာတ်ရုံ(၂)လုပ်ငန်း
(၇) လျှပ်စစ်လုပ်ငန်း
(၈) ရုပ်ရှင်လုပ်ငန်း
(၉) ရေနှင့်သန့်စင်ခန်းလုပ်ငန်း

အထက်ပါလုပ်ငန်း(၉)ခုကို လုပ်ငန်းတစ်ခုချင်းအလိုက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ၁၈-၇-၂၀၁၄ရက်တွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးတွင် ဈေးပြိုင်အိတ်ဖွင့်လေလံတင်ဒါ ရောင်းချသွားမည်ဖြစ်ပါသည်။

လျှောက်လွှာပုံစံများကို ၁၃-၇-၂၀၁၄ ရက်မှ ၁၇-၇-၂၀၁၄ရက်အထိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် တောင်ပြုံး ဂေါပကရုံးတွင် ဝယ်ယူနိုင်ပါသည်။ တစ်စောင်လျှင် တစ်သောင်းကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာပုံစံနှင့်အသေးစိတ်စည်းကမ်းချက်များကို တောင်ပြုံးဂေါပကရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- 09-43100984, 09-43150681, 09-33281876

ပွဲတော်ကျင်းပရေးကော်မတီ



❀ **စစ်ကိုင်းမှ**

စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒ ခံယူ၍ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့ကြီးမှ ကြီးမှူးကျင်းပသော ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး၏ ၁၃၇၆ ခုနှစ် ဝါဆိုလပြည့်နေ့ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ကျင်းပလျက်ရှိသည်။ ပြီးခဲ့သည့် ဝါဆိုလဆန်း ၅ ရက် နံနက် ၆ နာရီခွဲတွင် စစ်ကိုင်းတောင်ခြေ တောင်တက်ကားလမ်း အဝင်မုခ်ဦးသစ်ကြီးဖွင့်ပွဲကိုကျင်းပခဲ့ပြီး ထိုနေ့နံနက်တွင် ဘုရားပွဲအကြို (၂၉)ကြိမ်မြောက်အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကြီးကို ကျင်းပခဲ့သည်။ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ဝါဆိုလဆန်း ၅ ရက်မှ ၁၃ ရက်ထိ ရှစ်ည ကိုးရက်ကျင်းပပူဇော်ပြီး ဝါဆိုလဆန်း ၁၃ ရက် နံနက် ၈ နာရီတွင် ပဋ္ဌာန်းအောင်ပွဲ ကျင်းပခြင်းနှင့် သံဃာတော်အပါး ၉၀ နှင့်သီလရှင် ၇၅ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့်သက်န်း၊ ဝတ္ထုများ လှူဒါန်းပူဇော်ခဲ့ပြီး ဝါဆိုလပြည့်နေ့ နံနက် ၅ နာရီတွင် သံဃာအပါး ၇၀၀ တို့အား သံဃာ့ဒါန ဆွမ်းလောင်းလှူခဲ့ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

သံအမတ်ကြီး ဦးသစ်လင်းအုန်း သံအမတ်ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇူလိုင် ၁၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသစ်လင်းအုန်းသည် ၎င်း၏ခန့်အပ်လွှာကို ဇူလိုင် ၈ ရက်နေ့တွင် ပေကျင်းမြို့၌ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝါဆိုလပြည့် (ဓမ္မစကြာအခါတော်)နေ့က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ အောင်ဗောဓိဆုတောင်းပြည့်စေတီတော်တွင် ဆရာတော်မှ ကိုးပါးသီလချီးမြှင့်ခြင်းနှင့် ဘက်စုံအလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို စေတီတော်၌ ပြုလုပ်စဉ်။

ခင်မောင်ဝင်း(ကြေးမုံ)

တပ်ကုန်းခုတင် (၁၀၀) ဆေးရုံ လူနာစောင့်နားနေဆောင်ဖွင့်

တပ်ကုန်း ဇူလိုင် ၁၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ခုတင်(၁၀၀)ဆေးရုံ လူနာစောင့်များနားနေဆောင်ဖွင့်လှစ်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်မောင်ထွန်းက မြို့နယ်ကျန်းမာရေးဦးစီးမှူး ခုတင်(၁၀၀)ဆေးရုံအုပ်ကြီး ဒေါက်တာထွန်းထွန်းထံသို့ လူနာစောင့်များ နားနေဆောင်နှင့် သက်ဆိုင်သည့် မှတ်တမ်းများကို လွှဲပြောင်းပေးအပ်သည်။

နားနေဆောင်ကို အလှူရှင် ဦးနု-ဒေါ်ကျင်နု (N.N.N ကုန်မျိုးစုံရောင်းဝယ်ရေး) မိသားစုက ကျပ်သိန်း ၃၀ နှင့် ခုတင် (၁၀၀) ဆေးရုံကြီးကြပ်မှုကော်မတီ ဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သိန်း ၃၀ စုစုပေါင်း ကျပ်သိန်း ၆၀ အကုန်အကျခံဆောက်လုပ်ခဲ့သည်။

နားနေဆောင်သည် အလျား ၇၂ ပေ၊ အနံ ၁၂ ပေရှိပြီး အမျိုးသား အမျိုးသမီး သီးသန့်စီကန့်သတ်ထားရှိသည်။ ထို့အပြင် ရေကန်နှစ်ကန်၊ သန့်စင်ခန်း နှစ်ခန်း၊ လျှပ်စစ်မီးနှင့် ရေပိုက်များပါဝင်ပြီး လူနာစောင့် ၃၀ တည်းခိုနိုင်ကြောင်းနှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၉ အုပ်စုမှ ဆေးရုံ တက်ရောက်ကုသမှုခံယူကြသည့် လူနာများနှင့်အတူ တစ်ပါတည်း လိုက်ပါ စောင့်ရှောက်ပေးလိုသော လူနာစောင့်များအတွက် အဆင်ပြေစွာတည်းခိုနိုင်ကြောင်း သိရသည်။

(တင်လှ)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း သင်တန်းတက်ရောက်ရန် ဂျပန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၂

ဂျပန်နိုင်ငံ တိုကျိုမြို့ HIDA တွင် ဇူလိုင် ၇ ရက်မှ ၁၈ ရက်အထိကျင်းပမည့် "Executive Program on Corporate Managementသင်တန်း"သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းမှ အလုပ်အမှုဆောင် ဒေါ်စိုးအေမီကျော်နှင့် အသင်းဝင် ဒေါ်ကြည်ကြည်ဝင်းရွှေတို့သည် ဇူလိုင် ၅ ရက် ညပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

(ကြေးမုံ)

စက်မှုလယ်ယာစနစ်ဖော်ထုတ်ပြီး လယ်ယာမြေများ လွှဲပြောင်းပေးအပ်

ပဲခူး ဇူလိုင် ၁၂

ပဲခူးမြို့နယ် ကမာနတ်ကျေးရွာရှိ ပဲခူးမျိုးသန့်ခြံပိုင် လယ်မြေ ၈၃ ဧကတွင် အမှတ်(၅၀)စက်မှုလယ်ယာစခန်း ဝေါမြို့နယ်မှ ထွန်စက်ကြီးများဖြင့် စက်မှုလယ်ယာစနစ်တကျ လယ်မြေဖော်ထုတ်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က ဖော်ထုတ်ပြီး လယ်မြေ ၄၅ ဧကအား ပဲခူးမျိုးသန့်ခြံတာဝန်ခံထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ဧကများကို မိုးစပါးစိုက်ပျိုးချိန်အမီ ဇူလိုင်လကုန် အပြီးသတ်အပ်နှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ကျော်ကျော်- IPRD)



ဓာတ်လိုက်သူကို ဆွဲရာမှ နှစ်ဦးစလုံး သေဆုံး

နေပြည်တော် ဇူလိုင် ၁၂

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာ ကျိုက်ထီးဆောင်းစေတီရင်ပြင်တော်ပေါ်တွင် ဇူလိုင် ၁၀ ရက် ည ၉ နာရီတွင် လူနှစ်ဦး ဓာတ်လိုက် သေဆုံးကြောင်း သတင်းအရ တောင်စွန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ကျိုက်ထီးဆောင်းစေတီပေါ်သို့ ဘုရားဖူးရန် လာရောက်သူ ပေါင်မြို့နယ် မုတ္တမမြို့ ပုသိမ်ကွင်း ရပ်ကွက်နေ ထက်မြက်အောင် (၁၂) နှစ်သည် စေတီတော်အနောက်မြောက်ထောင့်ရှိ လိပ်ကန်တွင်ကာရံထားသော စတီးသံပန်း၌ အလှဆင် လျှပ်စစ်မီးသီးများ သွယ်တန်းထားသည့် ဝါယာကြိုးပေါက်ကာ လျှပ်စစ်စီးဝင်နေသည်ကို မသိဘဲ တံတောင်ဖြင့် ထောက်မိ၍ ဓာတ်လိုက်နေစဉ် ဘီးလင်းမြို့နယ် ဇုတ်သုတ်ကျေးရွာနေ ဟိန်းစိုး(၁၇) နှစ်က ဝင်ရောက်ဆွဲရာ နှစ်ဦးစလုံး ဓာတ်လိုက်သေဆုံးသွားကြောင်းသိရှိရပြီး တောင်စွန်းနယ်မြေရဲစခန်းက သေမှုသေခင်း အမှတ်စဉ် (၁၂/၂၀၁၄) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

(ရဲပြန်ကြား)

❐❐

❖ **ရွှေဖုံးမှ**

အလုပ်အကျွေးပြုနေကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် ယခုကဲ့သို့ ပထမဆုံးအကြိမ် ရင်းရင်းနှီးနှီးတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း။

အနုပညာဆိုသည်မှာ အနည်းအများ ကွာဟသည်ကလွဲ၍ လူသားတိုင်း၏ စိတ်နှလုံးကို လွှမ်းမိုးထားနိုင်သော ပင်ကိုဗီဇအခံပါရမီမရှိဘဲ လေ့ကျင့်သင်ကြား၍ မရနိုင်သည့် ပညာရပ်တစ်ရပ်ဖြစ်ပါကြောင်း၊ အနုပညာရှင်များ၏ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှု၊ ပြုမူနေထိုင်မှုများသည် မိမိအပါအဝင် ပြည်သူများအပေါ်တွင် သက်ရောက်မှုရှိခဲ့ပါကြောင်း။

မိမိတို့ ငယ်ငယ်ကလည်း ရုပ်ရှင်အနုပညာရှင်မင်းသားများကို ကြည့်ပြီး အားကျခဲ့ခြင်းများရှိခဲ့ပါကြောင်း၊ ယခုလည်း ရင်ထဲမှာစွဲပြီး လေ့လာနေတုန်းပင်ဖြစ်ပါကြောင်း၊ အမှတ်တရဖြစ်ခဲ့သည့် မင်းသားများထဲတွင် ဦးကျော်ဆွေနှင့် ဦးရွှေဘစသည့်မင်းသားကြီးများနှင့် ၎င်းတို့၏ သရုပ်ဆောင်မှုများဖြစ်ပါကြောင်း၊ ဂီတတွင်လည်း ဦးအံ့ကြီးနှင့် ဒေါ်မာမာအေးစသည့် ဂီတပညာရှင်များ၊ သဘင်တွင်လည်း ဦးရွှေမန်းတင်မောင်နှင့် ဦးစိန်အောင်မင်း စသည့် သဘင်ပညာရှင်ကြီးများကို ယနေ့အထိ အမှတ်ရနေဆဲဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများသည် မိမိချစ်ခင်လေးစားသည့် အနုပညာရှင်များ၏ သရုပ်ဆောင်မှု၊ သီဆိုဖျော်ဖြေမှုများအပေါ်တွင် မသိမသာရော သိသိသာသာပါ အတုယူကြ၊ သင်ယူကြခြင်းဖြစ်သည့်အတွက် အနုပညာရှင်ဆိုသည်မှာ တိုင်းပြည်နှင့် လူထုကို နှလုံးသားဖြင့် ခေါင်းဆောင်နေကြသူများဟုလည်း ဆိုရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ခေါင်းဆောင်နှင့် တူသောအနုပညာရှင်များသည် မိမိတို့ လူ့အဖွဲ့အစည်းကို မည်သည့်နေရာသို့ ဦးဆောင်ခေါ်ဆောင်သွားမလဲ၊ မည်ကဲ့သို့သော လူ့အဖွဲ့အစည်း တည်ဆောက်ကြရန် စည်းရုံးလမ်းပြမလဲ၊ မိမိတို့နိုင်ငံသားများကိုမည်ကဲ့သို့သော နိုင်ငံသားများဖြစ်စေချင်သလဲဆိုသည့် ခေါင်းဆောင်မှုဆိုင်ရာ စဉ်းစားတွေးခေါ်မှုများနှင့် တာဝန်ယူမှုများရှိကြရန် လိုအပ်သည်ဟု ဆိုရမည်ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ တာဝန်ယူပြီး နောက်ပိုင်းတွင် ကြိုးပမ်းဖော်ဆောင်ခဲ့သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကြောင့် လွတ်လပ်စွာဖော်ထုတ်ရေးသားခွင့်၊ ဟောပြောခွင့်နှင့် တင်ဆက်ခွင့်များရရှိလာပြီး ရုပ်ရှင် ဆင်ဆာစည်းမျဉ်းများကို များစွာလျှော့ပေါ့ပေးခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရုပ်ရှင်အစည်းအရုံးကို ရုပ်ရှင်လောကသားများ ကိုယ်တိုင် ရွေးကောက်တင်မြှောက်ပြီး လွတ်လပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် အများပိုင်ကုမ္ပဏီ ထူထောင်နိုင်ရန် ခွင့်ပြုပေးခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင် ပညာရှင်များအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

အကယ်ဒမီထူးချွန်ဆုများကိုရုပ်ရှင် အစည်းအရုံးအနေဖြင့် လွတ်လပ်စွာ ချီးမြှင့်နိုင်စေခဲ့ပါကြောင်း။

တစ်ဖက်တွင်လည်း ရုပ်ရှင်လုပ်ငန်းအတွက် နိုင်ငံတော်၏ ပံ့ပိုးမှုအနေဖြင့် ပြင်ဦးလွင်မြို့၌ ဧက ၂၀ ရှိသည့်နေရာကို ရုပ်ရှင်စတူဒီယို ဆောက်လုပ်နိုင်ရန် ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ တစ်ခေတ်တစ်ခါက မြန်မာ့ရုပ်ရှင် အောင်ပန်းဆင်နိုင်ခဲ့ခြင်းသည် ထိုခေတ်က စတူဒီယိုကြီးများ၏အရေးပါမှုကြောင့် ဖြစ်သည်ဟု စဉ်းစားမိသည့်အတွက် ယခုကဲ့သို့ ပံ့ပိုးပေးခြင်းလည်း ဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းသည် တကယ်ကြိုးပမ်းလုပ်ဆောင်လျှင်၊ နိုင်ငံတကာအဆင့်မီ ဖြန့်ချိနိုင်ခဲ့လျှင် တိုင်းပြည်၏ဝင်ငွေကို တစ်ဖက်တစ်လမ်းကနေ ရှာဖွေပေးသည့် စီးပွားရေးလုပ်ငန်းတစ်ရပ်လည်းဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံခြားရုပ်ရှင်ကုမ္ပဏီများနှင့် ဖက်စပ်ရိုက်ကူးနိုင်ရေး၊ ချေးငွေရရှိနိုင်ရေးတို့ကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများနှင့် ကွဲပြားခြားနားသည့် ဘာသာတရားများကို သေးသိမ်စေမည့် နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှုပျက်ပြားစေမည့် တင်ပြမှုမျိုးများဖြစ်မလာအောင် အသိစိတ်၊ တာဝန်ယူစိတ်၊ တာဝန်ခံစိတ်များဖြင့် ကာကွယ်တားဆီးကြရမည် ဖြစ်ပါကြောင်း။

ဂီတဆိုသည့် အနုပညာသည်လည်း သိမ်မွေ့နက်ရှိုင်းသည့်တိုင်၊ လူသားတိုင်း မဖန်တီးနိုင်သည့်တိုင်၊ အနည်းနှင့်အများ ခံစားနိုင်ကြသည် ဖြစ်ပါကြောင်း၊ ယနေ့တွင် ခိုးကူးခွေပြဿနာကြောင့် ဂီတနှင့် အနုပညာရှင်များစွာ အခက်အခဲကြုံနေရသည်ကို ကြားသိရပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများ၊ နည်းဥပဒေများဖြင့် အရေးယူ ဆောင်ရွက်ပေးနိုင်ရန်၊ အနုပညာကို အကာအကွယ်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအစည်းအရုံးတို့ ပူးပေါင်းဆောင်ရွက် ဖြေရှင်းနိုင်အောင် ကူညီပေးသွားမည်ဖြစ်ပါကြောင်း။

သဘင်ပညာရပ်သည် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုတစ်ရပ် ဖြစ်ပြီး ဖျော်ဖြေရေးသက်သက်ထက်ပိုသည့် ယဉ်ကျေးမှုရိုးရာ ကြန်အင်လက္ခဏာများကို ထိန်းသိမ်းနေသည့်လုပ်ငန်းတစ်ရပ်လည်းဖြစ်သည့် အတွက် ဖျော်ဖြေရေးသက်သက်ထက် ပိုသည့် အနုပညာတစ်ရပ်ဟုလည်း ဆိုရမည် ဖြစ်ပါကြောင်း။

တိုင်းပြည်တစ်ပြည်၏ အောင်မြင်မှုကို တိုင်းတာသည့်အခါတွင် Gross National Happiness ဟုခေါ်သည့် တိုင်းသူပြည်သားများ၏ ပျော်ရွှင်ချမ်းမြေ့မှုသည်လည်း ပေတံတစ်ခုဖြစ်ပါကြောင်း၊ အနုပညာရှင်များအားလုံးက ဤကွက်လပ်တွင် ကြီးမားသည့်နေရာကနေ အားဖြည့်ပေးကြပါကြောင်း၊ ယနေ့မိမိတို့အားလုံး မျှော်မှန်းတည်ဆောက်နေသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ကြီးဖြစ်ရန်အတွက် တိုင်းရင်းသားများ၊ နိုင်ငံသားများအားလုံးနှင့် တန်းတူညီတူ ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးဖြစ်ပေါ်ရန်အတွက် နိုင်ငံသားများအကြား စည်းလုံးညီညွတ်မှု အထူးလိုအပ်ပါကြောင်း။

မိမိပြောကြားခဲ့သကဲ့သို့ ရုပ်ရှင်၊ ဂီတနှင့် သဘင်အနုပညာရှင်အားလုံးသည် ပြည်သူများ၏ စံပြပုဂ္ဂိုလ်များဖြစ်ကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားများအားလုံးကို စည်းလုံးညီညွတ်ခြင်း၊ လူ့အခွင့်အရေးကို တန်ဖိုးထားလေးစားလိုက်နာခြင်း၊ တိုင်းပြည်ကို ချစ်စိတ်ရှိခြင်း ဆိုသည်များကို ဦးဆောင်သင်ကြားပြသမည့် အနုပညာရှင်လောကသားများအနေဖြင့်လည်း စံပြဖြစ်စေမည့် အပြုအမူများကို ကျင့်သုံးပြုမူကြရမည်ဖြစ်ပါကြောင်း။

အထူးသဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဆပ်ကပ်၊ မျက်လှည့်ပါမကျန် အနုပညာလောကသား အားလုံးအနေဖြင့် အချင်းချင်း အငြင်းပွားခြင်းမျိုး၊ မသင့်မြတ်ခြင်းမျိုးများကို ရှောင်ရှားပြီး စည်းလုံးညီညွတ်သည့် အင်အားဖြင့် ဖန်တီးနိုင်သည့် စွမ်းရည်များကို စုစည်းကာ မိမိတို့လူ့အဖွဲ့အစည်းက မျှော်မှန်းတည်ဆောက်နေသည့် နိုင်ငံတော်သစ်ချီတက်ရေးတွင် မိမိတို့စွမ်းပကားဖြင့် တစ်တပ်တစ်အား ပါဝင်တည်ဆောက်ကြရန် လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရုပ်ရှင်၊ ဂီတ၊ သဘင်၊ သက်ကြီးပူဇော်ပွဲအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီ စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီအိန္ဒြာကျော်ဇင်၊ အဆိုတော် ဆုန်သင်းပါရ်နှင့် မင်းသမီးတင်ဇာမိုးဝင်းတို့ထံ ပေးအပ်သည်။

နိုင်ငံတော်သမ္မတသည် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ရုပ်ရှင်၊ ဂီတ၊ သဘင်လောကသားများနှင့် အတူ ကိုယ်တိုင်ယူစနစ်(ဘူဖေးလ်)ဖြင့် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ ရင်းရင်းနှီးနှီး အတူတကွ သုံးဆောင်ခဲ့သည်။

ယနေ့အခမ်းအနားသို့ ရုပ်ရှင်၊ ဂီတ၊ သဘင်မှ ဖိတ်ကြားထားသည့် အနုပညာရှင် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဥက္ကဋ္ဌ ပန်တျာဦးမြကြည် ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❑ **ရွှေလီမြစ်ကမ်းအလှမှ**

ထို့ပြင် လက်ကားဈေးကြီး တစ်ခု၊ အရောင်းပြခန်း တစ်ခုနှင့် ကျောက်စိမ်းမျိုးစုံတို့ကို တွေ့နိုင်သည်။ ကျောက်စိမ်းရွာတစ်ရွာ၊ ကြယ်လေးပွင့်ဟိုတယ်တစ်ခု၊ ကြယ်နှစ်ပွင့်ဟိုတယ် နှစ်ခု၊ အပန်းဖြေစခန်း တစ်ခု၊ စားသောက်ဆိုင်တန်း နှစ်ခု၊ စက်ရုံအဆောက်အအုံ ၁၂ ခု၊ လုံးချင်းအိမ်ရာ ၃၈၀ ခန်း၊ ကွန်ဒိုမီနီယမ် ၁၅၀ ခန်း၊ ယဉ်ကျေးမှုနှင့်ဆိုင်သော တိုင်းရင်းသားစင်တာ နှစ်ခု၊ အုပ်ချုပ်ရေးရုံး၊ ရဲစခန်း၊ မီးသတ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ဆက်သွယ်ရေးအဆောက်အအုံတစ်ခုစီဖြင့် စုစုပေါင်းအဆောက်အအုံ ၇၇၀ ခန့် ပေါ်ထွက်လာမည်ဖြစ်ပြီး တယ်လီဖုန်း၊ အင်တာနက်လိုင်းပေါင်း ၁၅၀၀ ခန့်ဆွဲရန် စီစဉ်ထားသည်။

ထိုအဆောက်အအုံများပြီးစီးပါက ဖွံ့ဖြိုးတိုးတက်နေသော မူဆယ်မြို့နှင့် တစ်ဆက်တည်းဖြစ်သွားမည်ဖြစ်ပြီး ရွှေလီမြစ်ကမ်းအလှနှင့် အလွန်ပနံတင့်သောနေရာတွင် ခေတ်မီလှပသော နိုင်ငံတကာအဆင့်မီအဆောက်အအုံများ၊ ဒီဇိုင်းပုံလှလှများဖြင့် နေချင်စဖွယ်နေရာတစ်ခုအပြင် ရောင်းဝယ်ဖောက်ကားမှုများဖြင့် ဖွံ့ဖြိုးလာတော့မည့် နေရာတစ်ခုဖြစ်သည်။ ထို့အတူ တရုတ်နိုင်ငံကုန်သွယ်မှုထွက်ပေါက်ဖြစ်သော ရွှေလီမြို့နှင့် ပေ ၂၀၀ ခန့်သာ ကျယ်ဝန်းသည့် ရွှေလီမြစ်သာခြားနေမည့်နေရာဖြစ်သည်။ ထိုနေရာမှာ နိုင်ငံတကာထွက်ပေါက်၊ ဂိတ်ပေါက်တစ်ခု အဆင့်မီစွာ ဖြစ်ပေါ်လာရေးလည်း အဆိုပြုထားကြောင်း သိရှိရသည်။

ထို့ကြောင့် မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန် လုပ်ငန်းတည်ဆောက်ရေး ရည်ရွယ်ချက်များမှာ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့အခြေချနေထိုင်သူများအတွက်လည်းကောင်း၊ ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ တိုးတက်လာသော လူနေမှုစနစ်ကြောင့်လည်းကောင်း ရွှေလီမြစ်တစ်ဖက်ကမ်း၊ တစ်ဖက်နိုင်ငံ၏ ပြည်သူများနှင့် လိုက်လျောညီထွေစွာ ရင်ပေါင်တန်းရပ်တည်လျက် နိုင်ငံတော်၏ ဂုဏ်ကျက်သရေမြင့်နိုင်မှုကိုရှေးရှု၍ အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရှိရသည်။ ထို့အတူ တရုတ်-မြန်မာနယ်စပ်တစ်လျှောက် အဓိကကုန်စည်စီးဆင်းသည့်နေရာဖြစ်၍ ကုန်သွယ်မှုဗဟိုဌာနဖြစ်တည်ပေါ်ထွန်းလာစေရေး၊ သာယာလှပခေတ်မီတိုးတက်စည်ပင်ဖွံ့ဖြိုးလာခြင်းအားဖြင့် နိုင်ငံခြားခရီးသွားများ ဝင်/ထွက်သွားလာလည်ပတ်မှုကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာစေရေးနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက်ရည်ရွယ်၍ လုပ်ဆောင်နေခြင်းဖြစ်ကြောင်းကိုလည်း တာဝန်ရှိသူများက တင်ပြချက်များအပေါ် လေ့လာတွေ့ရှိရသည်။

ဇုန်များသို့ဆက်သွယ်သည့် ကျောက်ခင်းလမ်းများခင်းခြင်း၊ မူဆယ်မြို့အဝင် ပြည်ထောင်စုလမ်းမကြီးမှစကာ သိန်းသန်းချီကုမ္ပဏီက တည်ဆောက်နေသော အဆင့်မြင့်အဝေးပြေးကားကွင်းအနီးမှဖြတ်၍ ဗဟိုစီးပွားရေးဇုန်ဧရိယာအတွင်းဝင်ပြီး ငွေဆင်အိမ်ရာနှစ်နိုင်ငံဝင်/ထွက်ပေါက်ထိ ရှည်လျားသည့် ကွန်ကရစ်လမ်းမကြီးများ ဖောက်လုပ်ခြင်းများကို အင်တိုက်အားတိုက်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် မကြာမီကာလတွင် မီးရောင်စုံ ထွန်းလင်းပြီး ရှုမငြီးဖွယ်ရာအလှနှင့် သစ်လွင်သော အဆောက်အအုံများ၊ ကားလမ်းကြီးငယ်များ၊ ဈေး၊ အရောင်းစင်တာ၊ ဘဏ်၊ ဟိုတယ်ကြီးများနှင့်အတူ ပေါ်ထွက်လာတော့မည့် မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန်စီမံကိန်း၏ ပုံရိပ်သည် အနီးရှိ ရွှေလီမြစ်အလှ၏ ရေအလျဉ်တွင်သာမဟုတ် နိုင်ငံခြားသားခရီးသွားတို့ ဝင်/ထွက်လည်ပတ်မှုများကြောင့် လူသတင်းလူချင်းဆောင်ကာ နိုင်ငံတကာတွင် ကောင်းသတင်းပုံရိပ်များ ထင်ဟပ်လာပြီး အမိနိုင်ငံတော်၏ ဂုဏ်ဒြပ်ထင်ဟပ်ပေါ်လွင်စေမည့် စီမံကိန်းတစ်ခုဖြစ်လာမည့်အကြောင်း မှတ်တမ်းတင်၍ ရေးသားလိုက်ပါသည်။ ။

အနုပညာသည် သိမ်မွေ့နက်နဲသည့်အလျောက် လူသားများ၏စိတ်ကို လွှမ်းမိုးနိုင်

မြန်မာ့သတင်းစဉ် သတင်းအဖွဲ့

အနုပညာသည် သိမ်မွေ့နက်နဲသည့်အလျောက် လူသားများ၏ စိတ်ကို လွှမ်းမိုးနိုင်သည့်အရာဖြစ်သည်။ ပင်ကိုဗီဇအခံမရှိဘဲ လေ့ကျင့်သင်ကြား၍လည်း မရနိုင်ပေ။ ပြည်သူများသည် ၎င်းတို့လေးစားအားကျသည့် အနုပညာရှင်များအား အတုယူလေ့ရှိကြရာ ပြည်သူများ၏ စံပြပုဂ္ဂိုလ်များပင်ဖြစ်ကြပေသည်။ ၎င်းတို့၏ ဖန်တီးနိုင်သော အနုပညာစွမ်းရည်များဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင် ဆောင်ရွက်နေကြသူများပင်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်၊ သဘင်၊ ဂီတပညာရှင်များသည် နိုင်ငံတော်သမ္မတကြီးနှင့် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)၌ တွေ့ဆုံခဲ့ကြသည်။ ထိုတွေ့ဆုံပွဲသို့ တက်ရောက်လာသော အနုပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို မျှဝေခံစားနိုင်စေရန် ပြန်လည်ရေးသားတင်ပြလိုက်ပါသည်။

ဦးလူမင်း (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)

မြန်မာ့ရုပ်ရှင်လောက ကျဆင်းရတဲ့ အဓိကအကြောင်းအရင်းတွေကို တင်ပြခဲ့ပါတယ်။ ရုပ်ရှင်ရုံတွေ နည်းပါးသွားတဲ့ကိစ္စ၊ ခိုးကူးခွေတွေကိစ္စတွေနဲ့ ဗီဒီယိုလောက၊ ရုပ်ရှင်ဥပဒေတွေနဲ့ ပတ်သက်ပြီး တင်ပြခဲ့ပါတယ်။ ရုပ်ရှင်လောကတိုးတက်ဖို့ ကျွန်တော်တို့ ကိုယ်တိုင်ကြိုးစားရမှာ မှန်ပေမယ့် နိုင်ငံတော်က ပံ့ပိုးမှုမရှိဘဲ မတိုးတက်နိုင်ပါဘူး။ ကျွန်တော်တို့လောကမှာ ထုတ်လုပ်သူတွေ၊ သရုပ်ဆောင်တွေအားလုံးက တစ်ပိုင်တစ်နိုင်ပဲ လုပ်နိုင်ပါတယ်။ နိုင်ငံတကာနဲ့ယှဉ်နိုင်တဲ့ ငွေကြေးအရင်းအနှီး စိုက်ထုတ်နိုင်ဖို့ ကျွန်တော်တို့မှာ မရှိပါဘူး။ ရုပ်ရှင်ရုံတွေအများကြီး ပေါ်ပေါက်လာဖို့ကိစ္စမှာလည်း အဲဒီအတိုင်းပါပဲ။ ဒီနေ့မြေဈေးအနေအထားနဲ့ ကျွန်တော်တို့ မထူထောင်နိုင်ပါဘူး။ နိုင်ငံတော်က ထိရောက်တဲ့ ကူညီပံ့ပိုးမှုရှိမှသာလျှင် ကျွန်တော်တို့လောက တိုးတက်မှာဖြစ်ပါတယ်။ အရေးကြီးတဲ့ အဓိကအချက်တွေကို ကျွန်တော်စုဆောင်းပြီး တင်ပြခဲ့တာဖြစ်ပါတယ်။

နောက်ပိုင်းမှာ ဘယ်လောက်အထိ ပံ့ပိုးမှုတွေလုပ်ပေးနိုင်မလဲ၊ ထိထိရောက်ရောက် ဘယ်လောက်အထိ ကူညီနိုင်မလဲဆိုတာကိုတော့ ကျွန်တော်တို့ စောင့်ကြည့်ရဦးမှာပါပဲ။ တကယ်တော့ အနုပညာရှင်ဆိုတာ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံအတွက်သာမက ပြည်သူတွေအတွက်ပါ မရှိမဖြစ်အရေးပါတဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။ ပြည်သူလူထု စားဝတ်နေရေး ပြေလည်မှသာ ကျွန်တော်တို့ရဲ့ အနုပညာ၊ ဖျော်ဖြေရေးဆိုတဲ့အဆင့်ကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။

နောက်ပြီးတော့ ရုပ်ရှင်ဆိုင်ရာ ဥပဒေတစ်ခု အသက်ဝင်လာဖို့ကိုလည်း ကျွန်တော်တို့လောကသားတွေ စုပေါင်းပြီးရေးဆွဲနေပါတယ်။ မူကြမ်းအဆင့်ကိုရောက်ဖို့ နည်းနည်းပဲလိုပါတော့တယ်။ ဒီနှစ်က ထူးထူးခြားခြား မြန်မာ့ရုပ်ရှင်ထူးချွန်ဆု စိစစ်အကဲဖြတ်ခြင်းနဲ့ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကပဲ အစအဆုံး တာဝန်ယူဦးစီးကျင်းပမယ့် ပထမဆုံးအကြိမ်ပွဲဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်အတွက် စာရင်းဝင်တဲ့ ဇာတ်ကား ၁၅ ကား ပထမဆုံးအကြိမ် စိစစ်အကဲဖြတ်တဲ့ အဆင့်ကို ဆောင်ရွက်နေပါတယ်။

ဒေါ်နွဲ့နွဲ့စန်း (သဘင်ပညာရှင်)

တိုင်းဒေသကြီးနဲ့ ပြည်နယ်က သဘင်ပညာရှင်တွေရဲ့ သဘောထား

ဦးလူမင်း။

ဆန္ဒတွေ အကြံဉာဏ်တွေကိုရယူပြီး ကျွန်မတို့နဲ့ပူးပေါင်းပြီးတော့ သဘင်စည်းကမ်းဥပဒေကို ရေးဆွဲမှာပါ။ ကျွန်မတို့ဘက်က ပိုနေတာတွေကို လျှော့၊ လိုနေတာတွေကို လမ်းညွှန်နိုင်ဖို့ နိုင်ငံတော်ကိုလည်း တင်ပြသွားမှာပါ။ ဥပဒေမရှိတဲ့အတွက် အခုဆိုလို့ရှိရင် ကိုယ်ထင်ရာကိုယ်စိုင်းနေကြတာတွေရှိတယ်။ ဒီဥပဒေ အသက်ဝင်လာပြီဆိုရင် သဘင်လောကတိုးတက်ရာတိုးတက်ကြောင်းတွေကို တစ်ပြေးညီလုပ်လို့ရလာမှာ ဖြစ်တဲ့အတွက် အကျိုးရှိမှာဖြစ်ပါတယ်။ ဒီနေ့ပွဲက တော့ ရုပ်ရှင်၊ သဘင်၊ ဂီတ လောကသားအားလုံး ပွင့်လန်းလာဖို့နဲ့ လမ်းကြောင်းတစ်ခုပေါ် လျှောက်နိုင်ဖို့ မျှော်လင့်ပါတယ်။

ဒီနေ့လို ပွဲတွေကနေ ကျွန်မတို့ လိုအပ်တာတွေကို တင်ပြခွင့်ရမယ်၊ နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးပေးမယ်ဆိုတာ သိရတဲ့အတွက် ကြည်နူးကျေနပ်ပါတယ်။ ကျွန်မတို့ရဲ့သဘင်လောကဆိုတာ အခုမှပေါ်လာတာ မဟုတ်ပါဘူး။ ဒါကြောင့် မြန်မာ့ရဲ့သဘင်ကို ကမ္ဘာကသိအောင်လုပ်ရပါ့မယ်။ ဇာတ်သဘင်အဖွဲ့တွေ ပြန်လည် စင်ပေါ်ရောက်ဖို့ဆိုတာ နိုင်ငံတော်ကပံ့ပိုးမှုလိုသလို ကျွန်မတို့ဘက်ကလည်း ကြိုးစားမှု၊ ညီညွတ်မှု ဝီရိယတွေလိုအပ်တယ်။ တိုင်းပြည်တစ်ပြည်နဲ့တစ်ပြည် ချစ်ကြည်ရေးတည်ဆောက်တဲ့အခါမှာ အနုပညာတံတားဆိုတာ အရင်ခင်းပြီးသွားရတဲ့အတွက် အင်မတန်အရေးကြီးပါတယ်။ နိုင်ငံတော်ကလည်း ဒါကို သိပြီးဖြစ်ပါတယ်။ သဘင်နဲ့ မြန်မာ့ယဉ်ကျေးမှုဆိုတာက တိုက်ရိုက်တစ်ထပ်တည်းကျနေပါတယ်။ ခေတ်နဲ့လျော်ညီတဲ့ ခေတ်ရွေ့ပြေးနေကြတဲ့ ကလေးတွေလည်းရှိပါတယ်။ ဒါကို အပြစ်ပြောလို့မရပါဘူး။ ဒါပေမယ့် မြန်မာဆိုတာ မြန်မာ့ပုံတော့ပေါက်စေချင်ပါတယ်။ မြန်မာ့အဝတ်အစား၊ မြန်မာ့ယဉ်ကျေးမှုတော့ ရှိစေချင်ပါတယ်။ မြန်မာ့ဇာတ်သဘင်ပီသအောင်၊ မြန်မာ့ဇာတ်သဘင် ထင်ပေါ်အောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ဦးရေအေး (အသံဖမ်းအင်ဂျင်နီယာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဒုတိယဥက္ကဋ္ဌ)

ကျွန်တော်တို့ရဲ့ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ အနေနဲ့တော့ အဆိုတော်ဦးတင်ဦးလေးက တာဝန်ယူပါတယ်။ ကျွန်တော်တို့ဥက္ကဋ္ဌကပဲ ဂီတသမားအားလုံးကိုယ်စား နိုင်ငံ

ဒေါ်နွဲ့နွဲ့စန်း။

တော်သမ္မတကြီးဆီမှာ တင်ပြမှာပါ။ မပါမဖြစ် ကျန်ခဲ့မှာစိုးရိမ်တာက အသိဉာဏ် ပစ္စည်းမူပိုင်ခွင့်ဥပဒေတွေနဲ့ ပတ်သက်ပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေက ကျွန်တော်တို့ နိုင်ငံအတွက်အရေးကြီးပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေနဲ့ ပတ်သက်ပြီး WIPO က ရှစ်နှစ်နောက်ဆုတ်ထားပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေ လေးခုရှိပါတယ်။ ကျွန်တော်တို့ ရုပ်ရှင်ဂီတနဲ့ တိုက်ရိုက်

ဦးသိန်းဇော်။

ပတ်သက်တာက မူပိုင်ခွင့်ဆိုင်ရာ ဥပဒေပါ။ ကမ္ဘာကအသိအမှတ်ပြုထားတဲ့ WIPO အဖွဲ့ဝင် နိုင်ငံတွေ အနေနဲ့ ကျင့်သုံးနေတဲ့ဥပဒေပါ။ ဒီလို မူပိုင်ခွင့် ဥပဒေတွေမပေါ်သေးဘဲ ဒီလိုပဲသွားနေမယ်ဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံခြားကလာပြီး ရင်းနှီးမြှုပ်နှံတဲ့ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေကလာပြီး ရင်းနှီးမြှုပ်နှံဖို့ တော်တော်စဉ်းစားလိမ့်မယ်။ WIPO က ရှစ်နှစ်ကာလအထိ အချိန်ဆွဲဆန့်ပေးထားတယ်။ သိပ္ပံနဲ့နည်းပညာအဖွဲ့က ဦးစီးပြီးလုပ်ဆောင်နေတဲ့ ဥပဒေတွေပြုစုရေးမှာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ကိုယ်စားပြုပြီး ကျွန်တော်လည်းပါခဲ့တယ်။

အဲဒီ ဥပဒေတွေပြုစုတာပြီးသလောက်ဖြစ်သွားပြီ။ ဒါကို လွှတ်တော်မှာတင်ပြပြီး အတည်ပြုချက်ရယူဖို့ပဲရှိတော့တယ်။ ကျွန်တော်တို့ အဓိကမေတ္တာရပ်ခံချင်တာက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေကို လွှတ်တော်က အမြန်ဆုံး အတည်ပြုပေးဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အတွက်ရော အနုပညာဂီတပညာရှင်တွေအတွက်ပါမကဘဲ နိုင်ငံခြားက လာရောက်ရင်းနှီးမြှုပ်နှံမယ့်သူတွေနဲ့လည်းဆိုင်ပါတယ်။ ကိုယ်ကသူများ ပစ္စည်းကို မခိုးဘဲဝယ်ရမယ်ဆိုတာ

ဦးရေအေး။

သိရမယ်။ ကိုယ်က သူများပစ္စည်းခိုးထားပြီး လိုချင်လို့မရဘူး။ ကိုယ်လည်း မခိုးနဲ့။ ကိုယ့်ပစ္စည်းကို သူများမခိုးဖို့လည်း ကာကွယ်ရမယ်။ WIPO ကတော့ မင်းတို့ ဒီဥပဒေလေးခုနဲ့ အဆင်သင့် မဖြစ်သေးဘူးဆိုပြီး နောက်ဆုတ်ထားပေမယ့် ကျွန်တော်တို့မြန်မြန်အကောင်အထည်ဖော်ရမှာပေါ့။

အာဆီယံ အသိုက်အဝန်းဖြစ်လာရင် အိမ်နီးချင်းအာဆီယံနိုင်ငံတွေ

ဦးဇာဂနာ။

အားလုံးက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေနဲ့ အံဝင်ခွင်ကျဖြစ်နေပြီ။ သူတို့နိုင်ငံတွေမှာ ဂီတ၊ အနုပညာနဲ့ရတဲ့ ဝင်ငွေတွေက နိုင်ငံတော်အတွက် အများကြီးထောက်ပံ့နေတာ တွေ့ရတယ်။ ဥပဒေမရှိရင် ကျွန်တော်တို့ကို ဘယ်သူကမှ အကာအကွယ်မပေးနိုင်ဘူး။ အခုဆို ခိုးကူးခွေနဲ့ပဲ ကျွန်တော်တို့ ဂီတလောကကြီး ဒုက္ခရောက်နေတယ်။ ဂီတမှာ သီချင်းရေးဆရာက သီချင်းရေးလိုက်ပေမယ့် သူ့ကိုဆိုမယ့် အဆိုတော်၊ တီးမယ့်တီးဝိုင်း၊ အသံဖမ်းပေးရမယ့် အသံဖမ်း စတူဒီယို၊ နောက်ထုတ်လုပ်ဖြန့်ချိပေးမယ့် ထုတ်လုပ်သူလိုတယ်။ သီချင်းတစ်ပုဒ်ဆို ဒီငါးလွှာပေါင်းမှ တစ်ခုရတာလေ။ ပန်းချီဆရာလို၊ ကဗျာဆရာလို မဟုတ်ဘူး။ ခိုးကူးခွေနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနကလည်း ပြည်သူကို အသိပညာပေးဖို့လိုပါတယ်။ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဥပဒေရေးဆွဲတာ ဂီတ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ နောက် ဥပဒေပညာရှင်တွေပါတယ်။ ဒါကို သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနက ကမကထလုပ်တာပေါ့။ WIPO က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဥပဒေကို ရှစ်နှစ်နောက်ဆုတ်ပေးထားပေမယ့် နိုင်ငံတော်ကတော့ မြန်မြန်အကောင်အထည်ဖော်ပေးပါလို့ တင်ပြလိုပါတယ်။

ဦးဝင်းနိုင်။

ဦးဝင်းနိုင်(အနုပညာ) ဟာသသရုပ်ဆောင်

ဒီနေ့ သမ္မတကြီးနဲ့တွေ့တာ ရုပ်ရှင်၊ သဘင်၊ ဂီတ အဖွဲ့သုံးခုက သူတို့ရင်ထဲမှာ အောင်းနေတဲ့ စကားလုံးလေးတွေ တင်ပြခွင့်ရလို့ တစ်ကဏ္ဍစီအနေနဲ့ ကျေနပ်မှုရှိတယ်လို့ ထင်ပါတယ်။ လိုအပ်ချက်တွေက အကုန်တော့မဟုတ်ပါဘူး။ ပါးစပ်နဲ့ ပြောလို့ရသလောက် ပြောပြကြပြီး စာနဲ့ရေးပြီးတင်ပြခဲ့ပါတယ်။

ဦးစည်သူလွင်။

သမ္မတကြီးကလည်း ညွှန်ကြားနိုင်တဲ့ ဥစ္စာလေးတွေ၊ ဆောင်ရွက်နိုင်တဲ့အရာလေးတွေ ဆောင်ရွက်ပေးမယ်လို့ ပြောခဲ့ပါတယ်။ အရာအားလုံးတော့ မျှော်လင့်လို့ ဘယ်ရမလဲဗျာ။

ကျွန်တော်တို့လူ့ရွှင်တော်ဖြစ်တဲ့ အတွက်ကြောင့် စင်ပေါ်တက်ပြီး ကျွန်တော်ပြောသမျှ ရယ်ရမယ်လို့တော့ အာမမခံပါဘူး။ သမ္မတကြီးနဲ့ တွေ့ပြီး တောင်းလို့ရတာတောင်းခွင့်ရမယ်ဆိုရင်တော့ တရိပ်ရိပ်တက်နေတဲ့ ကုန်ဈေးနှုန်းကျအောင်လုပ်ပေးပါလို့ တောင်းရမှာပဲ။ အားလုံးထဲမှာ ဒါကအခရာပဲလေ။ သမ္မတကြီးက တတ်နိုင်သလောက်လည်း ဆောင်ရွက်ပေးမယ်လို့ ပြောသွားပြီးပြီပဲဗျာ။ သမ္မတကြီးက သက်ကြီးပူဇော်ပွဲအတွက်လည်း လှူသွားတယ်၊ ဖောင်ဒေးရှင်းထောင်ဖို့အတွက်လည်း မတည်ပေးမယ်လို့ ပြောသွားတယ်။ ဒီအသံလေးဟာ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့ ဝမ်းပန်းတသာလက်ခံရမယ့်ကိစ္စပါ။ သမ္မတကြီးက သူပြောနိုင်တဲ့အချိန်နဲ့ သူ့ဘက်ကပေးသွားတာ တော်တော်လေးပြည့်စုံမှာပါ။

ဦးသိန်းဇော်(သဘင်ပညာရှင်)

သမ္မတကြီးနဲ့ ဆွေးနွေးရတာ ကောင်းပါတယ်။ သဘင်မှာက အခု သဘင်အစည်းအရုံးရှိမယ်၊ သဘင်သမဂ္ဂရှိမယ်။ အခြားသောအဖွဲ့အစည်းတွေလည်း သဘင်မှာရှိမယ်။ တစ်ခုခုက ရှေ့ဆောင်ပြီး လှုပ်ရှားပေးမှသာ သဘင်လောကက အသက်ဝင်မယ်။ အဓိကလိုအပ်ချက်ကတော့ သဘင်လောကမှာ ညီညွတ်ရေးပဲ။ အခု သဘင်လောကက အိပ်ရာထဲလဲနေတဲ့ အဖွဲ့အစည်းတစ်ခုလိုပဲ။ နာလန်ထပြီး ကျန်းမာအောင် အရင်လုပ်ရမယ်။ ဒါမှသာ ကောင်းမွန်တာတွေကို အကောင်အထည်ဖော်နိုင်မှာပေါ့။ အရေးကြီးတာက သဘင်လောကမှာ ညီညွတ်ရေးအားနည်းနေတယ်။ ညီညွတ်အောင် အရင်ရှေ့ဆောင်ပေးရမယ်။ ဘယ်လိုနည်းနဲ့ ညီညွတ်မလဲ၊ ဘယ်လိုနည်းနဲ့ မျှတမလဲဆိုတာလေ့လာပြီး သဘင်လောက ညီညွတ်အောင် အရင်လုပ်ပေးရမယ်။ အရေးကြီးတာက သဘင်လောက ညီညွတ်အောင် ရှေ့ဆောင်ပေးရမယ်။

ရုပ်ရှင်နဲ့ ဂီတဆိုရင် ပြဿနာတွေရှိပေမယ့်လည်း ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံးတွေရဲ့ အောက်မှာပဲရှိတယ်။ သဘင်အစည်းအရုံးက အဲဒီလိုမဟုတ်ဘဲ အမျိုးမျိုးကွဲပြားနေ



ဒေါ်တင်တင်မြ။

တယ်။ ဒီတော့ညီညွတ်အောင် သမ္မတကြီး လမ်းညွှန်မှုနဲ့ နိုင်ငံတော်အစိုးရကနေ ဆန်းစစ်ပြီးတော့ အကုန်လုံးညီညွတ်အောင် လုပ်ပေးစေချင်ပါတယ်။ သဘင်လောကမှာ စိတ်ကူးတွေ အသီးသီးရှိပေမယ့် လောလောဆယ်မှာ မညီညွတ်လို့ အားကောင်းတဲ့အဖွဲ့အစည်းတစ်ခု မဖြစ်သေးဘူး။ ဒီတော့ကောင်းမွန်တဲ့ ရည်ရွယ်ချက်တွေကို ဖော်ဆောင်နိုင်ဖို့ သိပ်ခက်တယ်။ အဲဒီတော့ သဘင်လောကအတွက် အရေးတကြီး လိုအပ်နေတာက ညီညွတ်အောင် လုပ်ပေးဖို့ လိုအပ်နေပါတယ်။

ဇာဂနာ (ဟာသသရုပ်ဆောင်)

သမ္မတကြီးက အနုပညာအသိုင်းအဝိုင်းနဲ့တွေ့ချင်တယ်။ တွေ့ဖို့ မနှစ်က ကိုးလပိုင်းလောက်ကတည်းကပေါ့။ ရုပ်ရှင်ရော၊ ဂီတရော၊ သဘင်ရောက ပြဿနာပေါင်း သောင်းခြောက်ထောင် တက်နေတာဆိုတော့ သုံးလပိုင်းက ထပ်တွေ့ဖို့လုပ်ပေမယ့် သန်ခေါင်းစာရင်းကိစ္စပေါ်လာတော့ မတွေ့လိုက်ရဘဲ ငါးမိနစ်လောက်ပဲ တွေ့ခွင့်ရတယ်။ ခုမှ ဒီအခြေအနေ ရောက်လာတာပေါ့။ သေချာတာကတော့ ရုပ်ရှင်မှာလည်း အခက်အခဲရှိတယ်။ သဘင်မှာလည်း အခက်အခဲရှိတယ်။

ရုပ်ရှင်ရဲ့အခြေအနေက မကောင်းဘူး။ ရုပ်ရှင်ရုံတွေ သိပ်နည်းပါတယ်။ နောက် ရုပ်ရှင်စတူဒီယို ၆၀ ကျော်ရှိတဲ့ ဘဝကနေ အခုတစ်ခုမှမရှိတော့ဘူး။ ဒါကို ညှိနှိုင်းမယ်၊ တိုင်ပင်မယ်ပေါ့။ ဒီတစ်ခါ မပြီးရင်လည်း နောက်တစ်ခါပေါ့။ သဘင်ဆိုလည်း ဇာတ်ရုံမရှိတော့ဘူး။ ရွှေတိဂုံဘုရားပွဲမှာဆို မကရတာ ကြာလှပြီ။ ဂီတကလည်း ခိုးကူးပြဿနာကို ရှင်းလင်းဖြေရှင်းပေးဖို့လိုပါတယ်။

စည်သူလွင်(အဆိုတော်)

ကျွန်တော်တို့ လောကအတွက် တကယ်လိုအပ်တဲ့ အချက်တွေကို သမ္မတကြီးနဲ့ တိုက်ရိုက်တင်ပြနိုင်တဲ့အတွက် ကြန့်ကြာနေတဲ့ကိစ္စတွေကို လျင်လျင်မြန်မြန်နဲ့ ထိထိရောက်ရောက် ဖြစ်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်။ မူပိုင်ခွင့်ဥပဒေ ပေါ်လာရင်လည်း ကျွန်တော်တို့ အနုပညာလုပ်ငန်း လုပ်ကိုင်သူတွေ အားလုံး အကျိုးကျေးဇူး အများကြီး ရှိလာမှာဖြစ်ပါတယ်။ ဒီဥပဒေပြဋ္ဌာန်းဖို့ နည်းနည်းကြန့်ကြာနေပါတယ်။ စောစောပြဋ္ဌာန်းနိုင်လေ ကျွန်တော်တို့အတွက် စောစောအကျိုးရှိလေလို့ ပြောချင်ပါတယ်။ အခုရှိနေတဲ့ မူပိုင်ခွင့်ဥပဒေက ခေတ်နှင့်မလျော်ညီတဲ့အတွက် ဂီတလောကသားတွေသာမက စာပေ၊ ရုပ်ရှင်၊ သဘင်လောကသားအားလုံး ထိခိုက်ရပါတယ်။ ဒါကိုလက်တွေ့မှာ ထိထိရောက်ရောက် ပညာပေးနိုင်ခြင်းလည်း မရှိသေးသလို ထိထိရောက်ရောက် အရေးယူနိုင်ခြင်းလည်း မရှိသေးတဲ့အတွက် အများကြီး နစ်နာနေရတယ်။ ကျွန်တော်တို့ဂီတမှာ ဥပဒေမှာကိုက အများနည်းတူ ဆုံးဖြတ်လို့မရဘူး။ ကွဲပြားခြားနားတဲ့ သဘောဆောင်တာတွေရှိတယ်။ စာပေနဲ့ တူချင်မှတူလိမ့်မယ်။ တင်ပြစရာတွေလည်းများတယ်၊ ဖြည့်စွက်စရာတွေလည်း များတယ်။ မူပိုင်ခွင့် ခေါင်းစဉ်အောက်မှာကိုပဲ တစ်သီးတခြားလုပ်ရမယ့်အချက်တွေ အများကြီးရှိတယ်။ ကျွန်တော်တို့ လောကနစ်နာတာ ဆယ်စုနှစ်နဲ့ချီနေပြီ။ အနုပညာကိုခံစားကြတဲ့ ပရိသတ်တွေရော၊ ထုတ်လုပ်ရေးအပိုင်းက လူတွေကရော၊ အနုပညာသမားတွေရော အားလုံးနစ်နာကြတယ်။ အနုပညာ လက်ရာကောင်းတွေကို နောက်ထပ်ခံစားနိုင်ဖို့ဆိုရင် ဒီဥပဒေ တိတိကျကျဖြစ်လာမှ နောက်ထပ် ထပ်ပြီးခံစားနိုင်မယ်လို့ ကျွန်တော် မျှော်လင့်တယ်။ အမြန်အကောင်အထည်ဖော်နိုင်ဖို့ဆုတောင်းနေပါတယ်။ ဒီဥပဒေမရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံမှာ အများကြီးအလုပ်လုပ်ပြီး အကျိုးနည်းနည်းပဲ ခံစားရတယ်။

စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှ

အနုပညာကုန်ပစ္စည်းတစ်ခုထုတ်လုပ်ဖို့ဆိုတာမလွယ်ဘူး။ ရင်ထဲကဖြစ်လာတဲ့ ခံစားချက်တွေ၊ အချိန်တွေအများကြီးပေးဆပ်ပြီးမှ ဖြစ်ရတယ်။ ဒီအလုပ်တွေလုပ်ဖို့အတွက်ကို ဘဝတစ်လျှောက်လုံးပဲ ဖြည့်ဆည်းရတယ်။ ဒါပေမယ့် အနုပညာကုန်ပစ္စည်းတစ်ခု ထုတ်လုပ်ပြီဆိုရင် ရသင့်ရထိုက်တဲ့တန်ဖိုးမရဘူး။ ဒီလိုရပိုင်ခွင့်တွေမရှိတဲ့အတွက် အသက်ကြီးလာတဲ့အခါ အလုပ်မလုပ်နိုင်တဲ့အချိန်မှာရပ်တည်ဖို့ သိပ်ခက်ခဲတယ်။ အောင်မြင်ကျော်ကြားမှုတစ်ခုကိုရထားပြီဆိုရင် သူ့ရဲ့နောင်ရေးအတွက်ပါ စိတ်အေးရမယ့် ငွေကြေးဥစ္စာ အနုပညာသမားတွေမှာ မခံစားရဘူး။ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ရှိလာပြီဆိုရင် ရသင့်ရထိုက်တဲ့ အရာတွေရလာမယ်၊ သူ့နေရာနဲ့သူ အံဝင်ခွင်ကျနဲ့ အကျိုးရှိမှာဖြစ်ပါတယ်။

အခု ကျွန်တော်တို့ဆီမှာက သူများမသိအောင် ယူသုံးနေရတဲ့သဘောဖြစ်နေတယ်။ ဥပမာပြောရရင် အင်ဒိုနီးရှား သီချင်းတစ်ပုဒ်ကို ကျွန်တော်တို့ ကော်ပီပြန်လုပ်မယ်ဆိုရင် လုပ်မယ့်အတွက်ကို ဟိုဘက်ကိုကျွန်တော်တို့ တရားဝင်အသိပေးပြီး အမိကမူရင်းကို သူတို့ဆီကပြန်ဝယ်မယ်၊ စာသားပြောင်းမယ်။ သိပ်ကြိုက်ရင် သူတို့သီချင်းကို ပြန်ဆိုရင်လည်း ဆိုမယ်။ ဒါပေမယ့် တရားဝင်ကြေးပေးဆောင်မယ်။ သူတို့အနေနဲ့လည်း တခြားနိုင်ငံမှာ တစ်သိန်းယူပေမယ့် ဒီနိုင်ငံရဲ့ ဈေးကွက်အခြေအနေအရ ဒီနိုင်ငံမှာ သောင်းဂဏန်း၊ ဒါမှမဟုတ် ထောင်ဂဏန်းပဲယူရင် ယူမယ်။ ဒီလိုမျိုးတွေကအစ အများကြီးလုပ်လို့ရတယ်။ ကျွန်တော်တို့ဖန်တီးတဲ့အနုပညာတွေကိုလည်း အာဆီယံနိုင်ငံတွေမှာ အချင်းချင်းဖလှယ်ခွင့်၊ တင်ပြခွင့်တွေရလာမယ်။ ပြည်တွင်းသာမက အာဆီယံနိုင်ငံတွေအထိ လူသိများလာမယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် အများကြီးအကျိုးအမြတ်ဖြစ်လာနိုင်ပါတယ်။ မူပိုင်ခွင့်ဆိုတာက ကိုယ့်ကို ကာကွယ်ပေးနိုင်သလို တခြားသူတွေကိုလည်း ကာကွယ်နိုင်မယ်။ အာဆီယံအသိုက်အဝန်းဖြစ်လာတဲ့အချိန်မှာ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှုဖလှယ်ကြမယ်။ အဲလိုဖလှယ်နိုင်ဖို့ ကိုယ့်ဘက်ကလည်း အဆင်သင့်ဖြစ်နေဖို့ လိုတယ်။ ကျွန်တော်တို့ဘက်မှာ အရင်းအနှီးအားနည်းချက်ရှိတဲ့အတွက် ကိုယ်ပေးချင်တဲ့ အနုပညာအတိုင်းအတာ အရည်အသွေး ပြည့်ပြည့်ဝဝ မပေးနိုင်တော့ အနုပညာမှာ ထိခိုက်မယ်။ ပြည်သူတွေမှာလည်း အရည်အသွေးပြည့်ဝတဲ့ သီချင်းတွေ မခံစားရဘူး။ အဲလိုတွေကြားမှာ အတင်းရုန်းကန်ပြီး အားလုံးအခြေအနေနဲ့လည်း သင့်တင့်တဲ့ အရာမျိုးလေးတစ်ခုဖြစ်ဖို့ ကြိုးစားကြရတယ်။

နိုင်ငံတော်ကလည်း ဒီထက်ပိုပြီးပံ့ပိုးပေးနိုင်မယ်ဆိုရင် ပိုပြီးအကျိုးရှိလာမယ်။ အနုပညာအရည်အသွေးကောင်းလာမယ်။ အာဆီယံနိုင်ငံတွေနဲ့ယှဉ်လိုက်ရင် ကျွန်တော်တို့ နိုင်ငံက အနုပညာအရည်အသွေးက မညံ့ပါဘူး။ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တွေက စကားပြောနေတာပါ။ အဲလိုမျိုးရလာမယ်ဆိုရင် အားလုံးနဲ့ ရင်ပေါင်တန်းနိုင်တဲ့ အခွင့်အရေးတစ်ခုရလာမှာဖြစ်သလို ကိုယ့်နိုင်ငံရဲ့ပုံရိပ်ကိုလည်း မြှင့်တင်ပေးရာရောက်မှာ ဖြစ်ပါတယ်။

ဒေါ်တင်တင်မြ
ဂီတပညာရှင်

ဂီတသမားတွေအတွက် ခိုးကူးခွေတွေပျောက်သွားပြီဆိုရင် သူတို့ရင်းနှီးထားရတဲ့ ငွေကြေးတွေ အလဟဿမဖြစ်တော့ဘူး။ ပြန်ပြီး အကျိုးကျေးဇူးခံစားရမှာပေါ့။ အခု စီးရီးသာထုတ်ပေမယ့် ပြန်ပြီးတော့ အကျိုးကျေးဇူးမခံစားရဘူးလေ။ မူပိုင်ခွင့်ဥပဒေတွေရှိလာမယ်၊ ခိုးကူးခွေတွေပပျောက်သွားမယ်ဆိုရင် ကိုယ်ပိုင်သံစဉ်တွေ၊ မြန်မာသံတွေ ပိုပြီးတော့ ထွန်းကားလာမယ်။ ခိုးကူးတွေမရှိတဲ့အတွက် သီဆိုသူတွေ၊ ထုတ်လုပ်သူတွေအားလုံး ငွေရေးကြေးရေးကအစ အမြတ်အစွန်းလေးတွေ ရလာမှာဖြစ်ပါတယ်။ မြန်မာ့ကိုယ်ပိုင်ဂီတ မပျောက်ပျက်ရအောင် မြန်မာတိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို စဉ်ဆက်မပြတ်လုပ်ပေးသင့်ပါတယ်။ ဂီတတွေ၊ ကာလပေါ်တေးတွေ၊ နိုင်ငံတော်အဆင့်နဲ့ ကျင်းပပြီး ထိန်းသိမ်းပေးပါလို့လည်း အကြံပြုချင်ပါတယ်။ အနုပညာက ပြည်သူကိုပညာပေးဖို့လွယ်တယ်။ ငိုလည်း ငိုစေနိုင်သလို ရယ်လည်း ရယ်စေနိုင်တယ်။ မဟာဂီတတို့၊ ဂန္ထဝင်တေးသီချင်းတွေ ကလေးတွေပြန်ပြီး သီဆိုတတ်လာအောင်၊ ကိုယ့်မြန်မာဂီတဆိုတာဘာလဲလို့သိလာအောင် ကလေးတွေမှစပြီး ပညာရှင်ပိုင်းအထိ ကြိုးကြိုးစားစားလုပ်လာအောင် ဖော်ထုတ်ပေးဖို့၊ ကူညီစောင့်ရှောက်ပေးဖို့ နိုင်ငံတော်အစိုးရပိုင်းကလည်း လုပ်ပေးစေချင်ပါတယ်။

လူကုန်ကူးမှုအန္တရာယ် ဝိုင်းဝန်းကူညီကာကွယ်

ပျဉ်းမနားမြို့နယ်၌ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်ငှားရမ်းခြင်းဝန်ဆောင်မှုပေး

နေပြည်တော် ဇူလိုင် ၁၂

ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းမှ ကျောင်းသားလူငယ်များနှင့် ပြည်သူများ စာဖတ်ရှိန်မြင့်တက်လာစေရန် ရည်ရွယ်၍ နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် မင်္ဂလာရပ်ကွက်၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ပြည်သူများအား စာအုပ်စာစောင်များကို အခမဲ့ငှားရမ်းပေးခဲ့ကြသည်။

ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ပျဉ်းမနားမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာနှင့် စာသင်ကျောင်းများသို့ ပထမပတ်အနေဖြင့် တနင်္လာနေ့တွင် ပေါင်းလောင်းရပ်ကွက်၊ အင်္ဂါနေ့တွင် မင်္ဂလာရပ်ကွက်၊ ဗုဒ္ဓဟူးနေ့တွင် မြို့ဦးရပ်ကွက်၊ ကြာသပတေးနေ့တွင် ကန်နားရပ်ကွက်နှင့် ကံဦး(အနောက်)ရပ်ကွက်၊ သောကြာနေ့တွင် မင်္ဂလာဇေယျာပန်းခင်း(၁) ရပ်ကွက်တို့ကိုလည်းကောင်း၊ ဒုတိယပတ်အနေဖြင့် တနင်္လာနေ့တွင် မြို့မရပ်ကွက်နှင့် တပ်ပိုးရပ်ကွက်၊ အင်္ဂါနေ့တွင် ယောက်သွားအင်း ရပ်ကွက်နှင့် ကျောက်တောင်ရပ်ကွက်၊ ဗုဒ္ဓဟူးနေ့တွင် လေသာ(တောင်သာ)ရပ်ကွက်နှင့် ရန်အောင် ရပ်ကွက်တို့ကိုလည်းကောင်းစာအုပ်များကို အခမဲ့ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရွေ့လျား စာကြည့်တိုက်ယာဉ်၌ သုတ၊ ရသ စာအုပ်ပေါင်း ၁၀၀၀ ကျော်ပါရှိပြီး စာဖတ်၊ စာငှားသူများအနေဖြင့် တစ်ဦးလျှင် နှစ်အုပ်နှုန်းကို နှစ်ပတ်ကြာ ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထွန်းထွန်းဝင်း(ပျဉ်းမနား)

လျှပ်စစ်ခတ်အား အသုံးပြုကြသည့် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များ လိုက်လံရှင်းလင်းဝေငှခြင်းများကို ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့နယ်တွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးဇော်သိန်းနှင့် ဝန်ထမ်းများက ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ကြစဉ်။

အောင်ဆွေ (ရွှေတံတား)

❐ ❐ ❐

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ဝသန်လရာသီ ဇူလိုင်လ ၁၃ရက်တွင်ကျရောက်သော ချစ်ဇနီး ဒေါ်ကေမာခိုင် **("THAIK" DIAMOND SHOP SHOWROOM & GOLDSMITH)**အတွက် မွေးနေ့ဆုတောင်း

ချစ်ခင်ပွန်းနှင့် ချစ်သားသမီးများအပေါ် ရှင်းသန့်ကြည်လင်၊ ဖြူစင်နှလုံးသား ရွှင်ပြုံးချိုသာ၊ ကြီးမားမေတ္တာ ကရုဏာဖြင့် ထွေးပွေ့ဖြည့်စည်း၊ စောင့်ရှောက်ပေးသည့်ချစ်ဇနီး၊ ချစ်မေမေ၏မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်သည်အထိ ချစ်သောမိသားစုနှင့်အတူ

ပျော်ရွှင်ချမ်းမြေ့စွာ"အမျိုးဘာသာ၊ သာသနာအကျိုးကို"ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်. . .

ချစ်ခင်ပွန်း - ဦးကျော်မင်းမင်းလတ်(ခ)ကိုစု **("THAIK" DIAMOND SHOP SHOWROOM & GOLDSMITH) (MD-ADIPADI "THAIK" Company,Ltd.)**

ချစ်သမီးကြီး - ကေစုရတီကျော် **(SUMMIT INTERNATIONAL LEARNING CENTRE)**

ချစ်သားငယ် - မောင်ကျော်သံလွင်ဟိန်း **(SUMMIT INTERNATIONAL LEARNING CENTRE)**

(၄)ကြိမ်မြောက် တံဆိပ်ခေါင်းပြပွဲကို

၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် (SUN) မွန်းလွဲ ၁ နာရီမှ ၄ နာရီ

YMBA အသင်း၊ ရေကျော်လမ်း၊ ပုဇွန်တောင်မှာ ကျင်းပမယ်။

Ph:09-5070530, 09-5599688

ပျောက်ဆုံးကြောင်း

ကျွန်မ မချောဝတ်ရည်၏ နိုင်ငံကူးမှတ်ပုံတင် (M -871723) သည် လမ်းသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး အကြောင်းကြားပေးပါရန်။ ဖုန်း- ၀၉-၄၃၁၄၂၁၇၈

ပျောက်ဆုံးကြောင်း

ကျွန်မ မနန်းတင်စုကြည်၏ နိုင်ငံကူးမှတ်ပုံတင်(M- 871724)သည် လမ်းသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၁-၂၄၆၂၃၉

ဦးအောင်တင် [၁၂/ဥကမ(နိုင်)၀၉၇၀၃၆]
N/OKA ၀၀၀၀၉၇(ဘ)ဦးခလေးရှင် သိစေရန်

ဦးမင်းဇော်ဖေ[၈/ခမန(နိုင်)၀၀၁၁၉၈]ကိုင်ဆောင်သူမှ အောက်ပါအတိုင်း လူကြီးမင်းသိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းနှင့်ကျွန်တော်သည် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ အာဿာဝတီလမ်းမ၊ မြေကွက်အမှတ်(၄၉၃ဍ)ဟုခေါ်တွင်သော (၂၀×၆၀)ပေ၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ လူကြီးမင်း အမည်ပေါက်နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လူကြီးမင်းထံမှ (၁၇-၂-၂၀၀၄)ရက်စွဲပါ မြေနှင့်အိမ် အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ကျွန်တော်မှ ဝယ်ယူလက်ရောက်ရရှိပြီး ယနေ့တိုင်နေထိုင်လျက်ရှိပါသည်။

ယခုအခါ ကျွန်တော်မှ အဆိုပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်မှုဖြစ်စေရန် လူကြီးမင်းအနေဖြင့် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးရန် အကြောင်းကြားသိစေအပ်ပါသည်။ လူကြီးမင်းနှင့်ကျွန်တော် ပြုလုပ်ချုပ်ဆိုထားခဲ့သော (၁၇-၂-၂၀၀၄)ရက်စွဲပါ စာချုပ်အပိုဒ်(၃)ပါ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် လူကြီးမင်းထံတွင် တာဝန်ရှိနေပါသောကြောင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော့်ထံလာရောက်ပြုလုပ်ဆောင်ရွက်ပေးရန် လူကြီးမင်းအား မေတ္တာရပ်ခံအကြောင်းကြား သိစေအပ်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါကိစ္စရပ်များကို ကျွန်တော်မှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းဇော်ဖေ [၈/ခမန(နိုင်)၀၀၁၁၉၈]

အမှတ်(၄၇၇)၊ အာဿာဝတီလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့)မြို့နယ်၊ (၁၂၂)ရပ်ကွက်၊ အမှတ်(၁၆၇)ဟုခေါ်တွင်သော အလျား ပေ(၄၀)×အနံ ပေ(၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် ဦးမြင့်စိုး[၁၂/အစန(နိုင်)၁၈၀၈၀၂]ထံမှ အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးရဲဟိန်းကျော်[၇/ကဝန(နိုင်)၀၉၀၃၆၈]ထံမှ ကျွန်တော် ဦးတင်မောင်အေး[၁၂/ဗဟန(နိုင်)၀၃၅၇၈၃]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းမြေကွက်နှင့်ပတ်သက်၍ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားပါမည်။

ဦးတင်မောင်အေး[၁၂/ဗဟန(နိုင်)၀၃၅၇၈၃]
အမှတ်-၁၁၊ ချမ်းသာလမ်း၊ စမ်းချောင်းမြို့နယ်။
ဖုန်း-၀၉-၇၃၀၈၀၃၁၉၊ ၀၉-၂၅၀၁၄၉၇၈၂



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-H)၊မြေကွက်အမှတ်(၇၆)၊မြေကွက်တည်နေရာ အမှတ်(၄)၊ ဗိုလ်ကျော်ဇောလမ်း၊ ဗဟန်းမြို့နယ်၊ (ဦးထွန်းအေး၊ ဦးမောင်လွန်း) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (ဖခင်)ဦးထွန်းအေးနှင့် (မိခင်)ဖြစ်သူ ဒေါ်ထွေးခင်တို့ ကွယ်လွန်သဖြင့် ဦးဖိုးထောင်[၁၂/ဗဟန(နိုင်)၀၄၆၀၆၄]၊ ဦးစံသိန်း [၁၂/ဗဟန(နိုင်)၀၄၆၅၇၆]၊ ဒေါ်သန်းသန်းမြင့်[၁၂/ဗဟန(နိုင်)၀၄၅၄၄၉]၊ ဒေါ်သန်းသန်းဝင်း[၁၂/ဗဟန(နိုင်)၀၄၆၀၉၄]၊ ဒေါ်မြင့်မြင့်သန်း[၁၂/ဗဟန(နိုင်)၀၈၀၁၅၃]တို့ကသား/သမီးအရင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ပူးတွဲအမည်ပေါက် ဦးမောင်လွန်း[၁၂/ဗဟန(နိုင်)၀၄၃၄၀၇]နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံ ကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့် ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အလုပ်ရှင်အသင်းအဖွဲ့များ ဖွံ့စည်းနိုင်ရေးအတွက် ILOနှင့် ကုန်သည်/စက်မှုအသင်းချုပ် MoU ရေးထိုး

ရန်ကုန် ဇူလိုင် ၁၂

မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန်နှင့် အလုပ်သမားများအတွက် သင့်လျော်ကောင်းမွန်သော လုပ်ငန်းခွင်များ ပေါ်ပေါက်လာစေရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ဆက်သွယ်ရေးရုံး (ILO Liaison Office) တို့အကြား MoU လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဇူလိုင် ၉ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ UMFCCI ၌ ကျင်းပခဲ့သည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် အလုပ်ရှင်နှင့် အလုပ်သမားအကြားရင်ဆိုင်ဖြစ်ပေါ်နေသော လိုအပ်ချက်များ၊ ဆောင်ရွက်ရန်ကိစ္စများကို ဖြေရှင်းဆောင်ရွက်သွားရန်၊ ကုန်ထုတ်စွမ်းအားများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်သမားများ၏ စွမ်းဆောင်ရည်မြင့်မားစေရန် ရည်ရွယ်၍ စီမံကိန်းတစ်ခု ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပါရှိသည်။

ယင်း "Developing the capacity of Employer Organization in Myanmar to promote Decent Work principles and sustainable enterprises" စီမံကိန်းကို ၂၀၁၆ ခုနှစ် ဧပြီ ၃၀ ရက်အထိ နှစ်နှစ်တာ ကာလသတ်မှတ်ထားသည်။ စီမံကိန်းကာလအတွင်း ရန်ကုန်မြို့ရှိ UMFCCI ရုံး၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ နည်းပညာအကြံပေးအကြီးအကဲတစ်ဦးနှင့် UMFFCI မှ အရာရှိနှစ်ဦးခန့်အပ်ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း UMFCCI ကထုတ်ပြန်ကြေညာသည်။

အဆိုပါ စီမံကိန်းတွင် အလုပ်ရှင်အသင်းအဖွဲ့များ ပေါ်ပေါက်လာစေ

သတင်း - ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်

ရန် အဓိက ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး အလုပ်ရှင်အသင်းအဖွဲ့များမှ တစ်ဆင့် အလုပ်သမားထု၏ အခက်အခဲများနှင့် စိန်ခေါ်မှုများကို ညှိနှိုင်းစေ့စပ် ဖျန်ဖြေပေးနိုင်သည့် နည်းလမ်းများရှာဖွေဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် လုပ်ငန်းရှင်များအား ကုန်ထုတ်စွမ်းအား တိုးတက်လာနိုင်မည့် နည်းလမ်းများကို သင်တန်းများ ပို့ချပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အလုပ်ရှင်နှင့် အလုပ်သမားအကြား လိုအပ်သော ဝန်ဆောင်မှုများ ယင်းစီမံကိန်းမှ လုပ်ဆောင်နိုင်တော့မည်ဟု သိရသည်။

"အလုပ်သမားနဲ့ အလုပ်ရှင်မပြေလည်မှုတွေ အထိုက်အလျောက်ရှိလာတဲ့အခါမှာ အလုပ်ရှင်ဘက်က အလုပ်သမားကို ဘယ်လိုလျှော့ချမလဲစဉ်းစားမယ်။ ဒီတော့ အလုပ်သမားအယောက် ၁၀၀ လိုမယ့်လုပ်ငန်းကို အယောက် ၂၀ လောက်ပဲသုံးပြီး ဆောင်ရွက်နိုင်တဲ့ စက်ပစ္စည်းတွေကို သုံးလာတယ်။ ဒီအခါမှာ အလုပ်လက်မဲ့တွေ ဖြစ်လာတယ်။ ILO နဲ့ UMFCCI တို့ ဒီလို ပူးပေါင်းလက်မှတ် ရေးထိုးဆောင်ရွက်တော့ အလုပ်သမားထုအတွက်လည်း အာမခံချက်တွေရလာနိုင်တယ် အလုပ်ရှင်ဘက်ကလည်း အာမခံချက်တွေ ရှိလာနိုင်တယ်။ တိကျတဲ့မူဝါဒတွေ ကျွန်တော်တို့ဆီမှာ ပြည့်စုံလုံလောက်အောင် မရှိသေးဘူး"ဟု ဒဂုံဆိပ်ကမ်းစက်မှုဇုန်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးသိန်းချိုက ပြောသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သည့် ILO သို့ ၁၉၄၈ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းပြီးနောက် အလုပ်ရှင်အလုပ်သမားဆိုင်ရာ ဥပဒေသစ်များ ပေါ်ထွက်လာကာ အလုပ်ရှင်အလုပ်သမားအသင်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုခဲ့သည်။ လက်ရှိတွင် အလုပ်သမားအဖွဲ့အစည်းပေါင်း တစ်ထောင်ကျော် ရှိနေပြီဖြစ်သော်လည်း အလုပ်ရှင်အသင်းအဖွဲ့ အရေအတွက်မှာ ဆယ်ဂဏန်းမျှသာရှိသေးကြောင်း အဆိုပါလက်မှတ်ရေးထိုးပွဲမှ သိရသည်။

ILO နှင့် UMFCCI တို့ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

ဈေးကွက်သို့မတင်ပို့မီ သိုလှောင်ထားသော ကြက်သွန်နီများ အပျက်အစီးများလျက်ရှိ

မုံရွာ ဇူလိုင် ၁၂

ဈေးကွက်သို့မတင်ပို့မီ သိုလှောင်ထားသော ကြက်သွန်နီများ ဆက်လက်သိုလှောင်မရတော့ဘဲ အပျက်အစီးပိုများလာကြောင်း မုံရွာဒေသခံ ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

လောလောဆယ်တွင် ဈေးနှုန်းကိုကြိုက်၍ ရောင်းချနေခြင်းမဟုတ်ဘဲ ကြက်သွန်များနာ၍ပုပ်၍ ရောင်းချနေခြင်းဖြစ်ပြီး တာရှည်အထားမခံ၍ မဖြစ်မနေထုတ်ရောင်းနေသည့်သူများ များပြားကြောင်း ကြက်သွန်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

ပြီးခဲ့သော ကြက်သွန်စိုက်ချိန်ကာလက ရာသီပြောင်းလဲမှုနှင့် အပင်များရောဂါကျရောက်ခြင်းကြောင့် စံချိန်မမီသည့် ကြက်သွန်များထွက်သည့်အတွက် သိုလှောင်ချိန်တွင် ပုံမှန်နှစ်များကဲ့သို့ အထားမခံကြောင်း သိရသည်။ ကြက်သွန်နီသိုလှောင်မှုအများစုမှာ ကြက်သွန်စိုက်တောင်သူများ လက်တွင်ရှိနေဆဲဖြစ်ပြီး ကြက်သွန်နီကုန်သည်များက သိုလှောင်ထားရှိခြင်းမရှိသလောက်နည်းပါးခဲ့ပြီး ဧပြီလမှ ဇူလိုင်လဆန်းအတွင်း ကြက်သွန်နီသိုလှောင်ရုံများတွင် အနည်းဆုံး နှစ်ကြိမ်ခန့် သန့်ရှင်းရေးများ ဆောင်ရွက်ခဲ့ရသလို ကြက်သွန်သန့်ရှင်းရေးအလုပ်သမားစရိတ်အဖြစ် အမျိုးသမီးတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ငှားရမ်းအသုံးပြုခဲ့ကြောင်း သိရသည်။

ကြက်သွန်နီအိတ် ၅၀ သိုလှောင်ထားသည့် သိုလှောင်ရုံတစ်ရုံလျှင် ကြက်သွန်နီအပုပ်များရွေးချယ်စွန့်ပစ်ခြင်းနှင့် အလေးချိန်အလျော့တွက်များကြောင့် ကြက်သွန်နီ ၁၀ အိတ်ခန့် လေလွင့်ဆုံးရှုံးခဲ့ရကြောင်း ကြက်သွန်နီသိုလှောင်သူများထံမှ သိရသည်။ မုံရွာဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ၄၀၀ ကျပ်ဝန်းကျင် အရောင်းအဝယ်ဖြစ်နေပြီး သန့်စင်ပြီးကြက်သွန်အနာ (ဒေသအခေါ် ရေစည်လှန်)တစ်ပိဿာလျှင် ၁၅၀ ကျပ်ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေပြီး အဆိုပါကြက်သွန်အနာများကို မုံရွာမြို့ဈေးကွက်တွင် အသင့်ချက်ပြုတ်စားသောက်နိုင်သည့် ကြက်သွန်အဖြစ် ပြုပြင်ရောင်းချလျက်ရှိကြောင်း မုံရွာဒေသခံကုန်သည်များထံမှ သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဥယျာဉ်စုရပ်ကွက် (၅)လမ်းရှိ ဦးမြင့်စိုး၏နေအိမ်ခြံဝင်းအတွင်း အိမ်သာကျင်းတူးရာမှ မြေအနက် လေးပေခန့်တွင် သံချေးတက်နေသော စစ်ကျန်ခဲတ်မှုဟု ယူဆရသည့် (၃၆)အမျိုးအစား လက်ပစ်ဗုံးနှစ်လုံးတွေ့ရှိသည်။ အဆိုပါတွေ့ရှိရာနေရာသို့ နယ်မြေခံတပ်မှ တပ်ရေးဗိုလ်ကြီး၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်နှင့် တာဝန်ရှိသူ များစစ်ဆေးပြီး အန္တရာယ်ကင်းရာသို့ ယူဆောင်ဖျက်ဆီးမည်ဖြစ်ကြောင်း သိရသည်။

(ကိုကိုနေ)

အမ်မီဆုပေးပွဲအတွက် ဆန်ခါတင်ဆုရှင်များ ထုတ်ပြန်ကြေညာ

ရုပ်သံဇာတ်လမ်းတွဲများအတွက် ချီးမြှင့်ပေးအပ်သည့် (၆၆)ကြိမ်မြောက် အမ်မီဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ရှိ နိုကီရာ ပြဇာတ်ရုံ၌ ကျင်းပသွားမည်ဖြစ်ရာ ဆန်ခါတင်ဆုစာရင်းများကို ဇူလိုင် ၁၁ ရက်က ရုပ်သံအကယ်ဒမီမှ ထုတ်ပြန်ကြေညာခဲ့ရာ မီနီစီးရီးအတွက် ဆန်ခါတင်ရွေးချယ်ခံရသည့် ဇာတ်ကားခြောက်ကားအနက် လေးကားမှာ ဗြိတိန်ဇာတ်ကားများ ဖြစ်ကြောင်း သိရသည်။

ထို့အပြင် Game of Thrones ဇာတ်လမ်းတွဲက ဆန်ခါတင်ဆု ၁၉ ဆုဖြင့် အများဆုံးအဖြစ်လည်းကောင်း၊ ဒရာမာစီးရီးဆုအတွက် ဗြိတိန်ရုပ်သံဇာတ်လမ်းတွဲတစ်ခုဖြစ်သည့် Downton Abbey ဇာတ်ကားက ဇာတ်ပို့မင်းသား၊ မင်းသမီးဆု၊ အကောင်းဆုံး မင်းသမီးဆုနှင့် အကောင်းဆုံး ဧည့်သည်သရုပ်ဆောင်ဆုများကို ရွေးချယ်ခံခဲ့ရပြီး Homeland ဗြိတိန်နိုင်ငံရေး သည်းထိတ်ရင်ဖိုဇာတ်ကားဖြင့် အမေရိကန်မင်းသမီး ကလာရီဒိန်းစ်က အကောင်းဆုံး မင်းသမီးဆုနှင့် Mandy Patinkin က ဇာတ်ပို့မင်းသားဆုတို့ကို ဆန်ခါတင် ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

HBO ၏ ဂီတဖျော်ဖြေပွဲအထူးအစီအစဉ်တွင် ပါဝင်ရိုက်ကူးမည့် အမေရိကန်ဂီတဇနီးမောင်နှံ

အမေရိကန်ဂီတ ဇနီးမောင်နှံဖြစ်သည့် R&B တေးသံရှင် ဘီယွန်စေးနှင့် ရက်ပ်အဆိုတော် ဂျေဇီးတို့ဇနီးမောင်နှံသည် HBO ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည့် ဂီတဖျော်ဖြေပွဲ အထူးအစီအစဉ်တစ်ခုတွင် ပါဝင်ဖျော်ဖြေ ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘီယွန်စေးတို့ ဇနီးမောင်နှံအနေဖြင့် ၎င်းတို့၏ On The Run Tour ဂီတဖျော်ဖြေပွဲခရီးစဉ်အတွင်း အဆိုပါ ဂီတဖျော်ဖြေပွဲ အထူးအစီအစဉ်၏ ရိုက်ကူးရေးလုပ်ငန်းများကို ပြင်သစ်နိုင်ငံပါရီမြို့၌ ပြုလုပ်သွားမည်ဖြစ်ကာ စက်တင်ဘာလတွင် HBO ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဂီတဇနီးမောင်နှံ၏ On The Run Tour ဂီတဖျော်ဖြေပွဲကို ဇွန် ၂၅ ရက်တွင် မြောက်အမေရိကရှိ မိုင်ယာမီမြို့မှစတင်ကာ စက်တင်ဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ အဆုံးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘီယွန်စေးသည် ၂၀၁၄ ခုနှစ်အတွင်း အနုပညာကြေးအမြင့်ဆုံးသော လူမည်းအနုပညာရှင်တစ်ဦးဖြစ်ခဲ့ပြီး ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်အတွင်း တိုင်းမ်မဂ္ဂဇင်း၏ လွှမ်းမိုးမှုအရှိဆုံးလူပုဂ္ဂိုလ်အယောက်(၁၀၀) စာရင်းတွင်လည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။

မျိုးစန္ဒာမောင်
စုစည်းသည်

စာတည်းမှူးထံ ရောက်ရှိလာသော ပေးစာများ

လူနေရပ်ကွက်အတွင်းရှိ သစ်စက် ဖြေရှင်းပြီးစီး

(၂၈-၄-၂၀၁၄)ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာ စာမျက်နှာ(၁၄) ကော်လံ (၅)တွင် စာတည်းမှူးထံပေးစာများ ကဏ္ဍပါ "လူနေရပ်ကွက်အတွင်းရှိ သစ်စက်ရွှေ့ပြောင်းပေးစေချင်"ခေါင်းစဉ်ဖြင့် ရပ်ကွက်အတွင်းနေထိုင်သူများမှ တင်ပြသည့် ပေးစာနှင့်ပတ်သက်၍ ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ (၁-၅-၂၀၁၄)ရက်နေ့မှစတင်၍ သစ်ခွဲစက်လုပ်ငန်းအား ရပ်ဆိုင်းထားပြီးဖြစ်ပါကြောင်း ရှင်းလင်းပြန်ကြားအပ်ပါသည်။

ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီ

လူနေတိုက်ခန်းမှ တရားမဝင် စက္ကူဖြတ်လုပ်ငန်းအား ဖယ်ရှားပေးစေလို

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက် (၅၆)လမ်းတိုအတွင်းရှိ တိုက်အမှတ်(၁၈/က)လူနေသီးသန့် ခြောက်ထပ်တိုက် မြေညီခန်းတွင် တရားမဝင်စက္ကူဖြတ်လုပ်ငန်းအား စက္ကူဖြတ်စက်ကြီးများနှင့် နေ့/ည လုပ်ကိုင်လျက်ရှိရာ ယင်းတိုက်ခန်းနေသူများမှာ စက္ကူဖြတ်စက်၏ တုန်ခါမှုဒဏ်ကို နေ့စဉ်ရက်ဆက် ခံစားနေကြရပြီး အဆောက်အအုံ၏ကြံ့ခိုင်မှုကိုပါ အလွန်ထိခိုက်လျက်ရှိနေပါသောကြောင့် စိုးရိမ်ပူပန်စွာဖြင့် နေထိုင်နေကြရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ခွင့်ပြုချက်လုပ်ငန်းလိုင်စင်မရှိဘဲ လုပ်ကိုင်နေသော ယင်းစက္ကူဖြတ်လုပ်ငန်းအား လိုအပ်သည့်စိစစ်အရေးယူမှုများဆောင်ရွက်၍ လူနေသီးသန့်တိုက်ခန်းမှ အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

တိုက်ခန်းနေသူများ

မိတ္ထီလာပိတောက်မြိုင်ဈေးသန့်ရှင်းစေလို

မိတ္ထီလာ ပိတောက်မြိုင်ဈေးအတွင်းရှိ အထည်ရုံ အမှတ် (၂) နှင့် ကြက်သားတန်းရုံအမှတ် (၅) ရှေ့တွင် စွန့်ပစ်ထားသော ငါးပုပ် အညစ်ကြေးအနံ့ဆိုးများကြောင့် ဈေးဝယ်လာသူများနှင့် ဈေးဆိုင်ပိုင်ရှင်များသည် နေ့စဉ်နှင့်အမျှ မသန့်ရှင်းသော လေကို ရှူရှိုက်နေရပါသဖြင့် ကျန်းမာရေးကို များစွာထိခိုက်နေပါသည်။ သို့ဖြစ်ပါ၍ ထိုအမှိုက်ပုံကို တခြားနေရာသို့ ရွှေ့ပြောင်းပေးပါရန်နှင့် ပိတောက်မြိုင်ဈေးအဝင်အထွက်ပေါက်များကိုလည်း အနံ့ဆိုးများနှင့် ကင်းရှင်းပြီး သန့်ရှင်းသပ်ယပ်သောဈေးဖြစ်အောင်လုပ်ဆောင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပိတောက်မြိုင်ဈေးမှ ဈေးသည်များ

ကြက်သားဖောက်လုပ်ငန်းဖယ်ရှားပေးပါ

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် အမှတ်(၃) ရပ်ကွက် (၈)လမ်းအတွင်း ငှားရမ်းနေထိုင်သော မိသားစုတစ်စုမှ ကြက်များကို အိမ်တွင်မွေးမြူ၍ကြက်သားဖောက်လုပ်ငန်း လုပ်ကိုင်နေပါသဖြင့် အဆိုပါ လုပ်ငန်းမှဆူညံသံများ၊ အနံ့ဆိုးများကြောင့်ပတ်ဝန်းကျင်နေထိုင်သူများ အိပ်ရေးပျက်ခြင်း၊ ကျန်းမာရေးထိခိုက်ခြင်းများဖြစ်စေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းအတွင်းနေထိုင်သူများ

အနံ့ဆိုးများ ရှင်းလင်းပေးစေလို

ပဲခူးတိုင်း ပဲခူးမြို့ နန်းတော်ရာရပ်ကွက်ကြီး (၇) ပင်စည်ဈေး ဗိုလ်တေဇ (၁) လမ်းထိပ် အိမ်တစ်အိမ်မှ မိလ္လာကန်များ ပေါက်ပြဲခြင်း၊ ဝက်များအား စည်းကမ်းမဲ့စွာ မွေးမြူခြင်းတို့ကြောင့် ၎င်းတို့၏ ဝက်မစင်များ၊ မိလ္လာမှ ရေများ၊ အနံ့ဆိုးများ အိမ်ရှေ့မျက်နှာစာ ရေမြောင်းတွင် စီးဆင်းနေပါသဖြင့် ပတ်ဝန်းကျင်ရှိ ကျောင်းနေအရွယ် ကလေးသူငယ် လူကြီးသူမ လမ်းသူလမ်းသားများ၏ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ဖြေရှင်းပေးစေလိုပါသည်။

လမ်းသူလမ်းသားများ

မန်ဇူကစ်နဲ့ ကော်စတာ လာမယ့်ရာသီမှာ အကောင်းဆုံးခြေစွမ်းရရှိနိုင်ပါ့မလား

ငွေကြယ်

ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ်ဟာ ဘွန်ဒက်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်ကနေ လာလီဂါချန်ပီယံ အက်သလက်တီကိုမက်ဒရစ်အသင်းဆီသို့ ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းနဲ့ လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုပြီး ပြောင်းရွှေ့သွားခဲ့ပါပြီ။

အဲဒီလို မန်ဇူကစ်ပြောင်းသွားရတဲ့ အကြောင်းပြချက်နှစ်ရပ်ရှိတယ်။ ပထမတစ်ချက်အနေနဲ့ ဘိုင်ယန်ဟာ ဘွန်ဒက်လီဂါပြိုင်ဘက် ဒေါ့မွန်အသင်းက ပိုလန်တိုက်စစ်မှူး လီဝန်ဒိုစကီးကို ခေါ်ခဲ့တယ်။ ဒါ့ကြောင့် ဘိုင်ယန်ကို လီဝန်ဒိုစကီးရောက်လာလို့ မန်ဇူကစ်အတွက် ပုံမှန်ပွဲထွက်ခွင့်ပျောက်ရမယ့်အနေအထားမှာရှိလို့။ ဒုတိယအချက်က အက်သလက်တီကိုဟာ သူတို့ရဲ့ အားထားရတဲ့တိုက်စစ်မှူး ကော်စတာကိုရောင်းဖို့ ချယ်လ်ဆီးအသင်းနဲ့ သဘောတူထားသလို ဒေးဗစ်ဗီလာကိုလည်း နယူးယောက်စီးတီးကို ရောင်းလိုက်ပြီ။ အဲဒီတော့ မန်ဇူကစ်အနေနဲ့ ဘိုင်ယန်မှာ ခြယ်လှယ်မရတော့မယ့်အနေအထားမှာ ရောက်နေတဲ့ သူ့ဘဝရှေ့ရေးကို လာမယ့်ရာသီမှာ အက်သလက်တီကိုနဲ့အတူ ခြေလှမ်းသစ်စဖို့ သူဆုံးဖြတ်လိုက်ခြင်းလို့ ဆိုနိုင်တယ်။

အဲဒီမှာ စိတ်ဝင်စားစရာကောင်းတာက မန်ဇူကစ်နဲ့ ကော်စတာတို့ရဲ့ လာမယ့်ရာသီမှာ ပြီးခဲ့တဲ့ ရာသီကလို စွမ်းဆောင်နိုင်မှုမျိုးရှိ၊ မရှိဆိုတာပဲ။ ဘာလို့လဲဆိုရင် ခရိုအေးရှားတိုက်စစ်မှူး မန်ဇူကစ်ရဲ့ ဘိုင်ယန်မြူးနစ်မှာ ကစားခဲ့တဲ့ ခြေစွမ်းကို ပြန်လှန်ကြည့်မယ်ဆိုတော့ ၂၀၁၂ ခုနှစ်က ဝုစ်ဘတ်အသင်းက ဘိုင်ယန်ကို ရောက်လာချိန်ကစလို့ ဘောလုံးရာသီနှစ်ရာသီမှာ ဘိုင်ယန်နဲ့အတူ လိဂ်သွင်းဂိုး ၃၃ ဂိုးအထိ သွင်းယူထားတယ်။


ဒီယေဂိုကော်စတာ

ဒါတင်မကသေးဘူး။ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီ ဘိုင်ယန်မြူးနစ် ချန်ပီယံလိဂ်ဖလားရခဲ့တဲ့ ဒေါ့မွန်နဲ့ပွဲမှာဆိုရင် မန်ဇူကစ်နဲ့ရော်ဘင်တို့ရဲ့ သွင်းဂိုးတွေကြောင့် နည်းပြဟေးနက်လက်ထက်မှာ ဘိုင်ယန်မြူးနစ် တစ်နှစ်တည်း ဖလားသုံးလုံးတောင်ရခဲ့တယ်။ မန်ဇူကစ်ဟာ ဘိုင်ယန်နဲ့အတူ ဘောလုံးရာသီနှစ်ရာသီမှာ ဘွန်ဒက်လီဂါ ပွဲစဉ် ၅၃ ပွဲကစားပြီး ၃၃ ဂိုးသွင်းယူနိုင်ခဲ့လို့ အဲဒီရာသီနှစ်ရာသီထဲမှာ ၂၀၁၃ ခုနှစ်ကရခဲ့တဲ့ ဘွန်ဒက်လီဂါဖလား၊ ဂျာမန်ပိုကယ်ဖလားနဲ့ ချန်ပီယံလိဂ်ဖလားအပါအဝင် ဖလားခုနှစ်လုံးတောင်ရခဲ့တယ်။

ဒါတွေကို ဘိုင်ယန်က မကျေနပ်သေးဘူး။ ဘွန်ဒက်လီဂါမှာ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦးဖြစ်တဲ့ ဒေါ့မွန်တိုက်စစ်မှူး လီဝန်ဒိုစကီးကို ခေါ်လိုက်တယ်။ မန်ဇူကစ်က ၂၈ နှစ်၊ လီဝန်ဒိုစကီးက ၂၅ နှစ်။ အသက်အရွယ်အရ ဘိုင်ယန်ရဲ့ ရွေးချယ်မှုမှန်တယ်လို့ပြောရင်ရသလို လီဝန်ဒိုစကီးဟာ ဘွန်ဒက်လီဂါပြိုင်ပွဲတွေနဲ့ ရင်းနှီးနေတဲ့အတွက် ခြေစွမ်းတည်ငြိမ်မှုအတွက် အချိန်အပိုင်းအခြားအရ စောင့်စရာမလိုတဲ့ကစားသမားဖြစ်လို့ ဘိုင်ယန်က ရွေးချယ်လိုက်တယ်လို့ဆိုရင် မမှားဘူး။

ဒါပေမယ့် မန်ဇူကစ်အတွက်တော့ ဘိုင်ယန်မှာ ခြေစွမ်းဘယ်လောက်ပြခဲ့ပြခဲ့ လာလီဂါမှာ အသင်းသစ် အက်သလက်တီကိုနဲ့အတူ ခြေစွမ်းပြနိုင်မလားဆိုတာ စောင့်ကြည့်ရဦးမယ်။ မန်ဇူကစ်နည်းတူ ကော်စတာဘက်ကို ပြန်ကြည့်မယ်ဆိုရင် ကော်စတာရဲ့ စွမ်းဆောင်ရည်ကောင်းမှုတွေကြောင့် ပြီးခဲ့တဲ့ရာသီက အက်သလက်တီကိုမက်ဒရစ်အသင်း လာလီဂါဖလားရခဲ့တာ ကော်စတာကြောင့်ရခဲ့တာဆိုရင် မှားအံ့မထင်။

ဘာလို့လဲဆိုရင် ပြီးခဲ့တဲ့ရာသီက ကော်စတာဟာ အက်သလက်တီကိုနဲ့အတူ ၅၁ ပွဲကစားပြီး ၃၆ ဂိုးအထိ သွင်းနိုင်ခဲ့တယ်။ အဲဒီလို ကော်စတာရဲ့ ခြေစွမ်းပြကစားနိုင်မှုကြောင့် ၁၉၉၆ ခုနှစ်ကတည်းက ဝေးကွာနေတဲ့ လာလီဂါဖလားကို အက်သလက်တီကိုမက်ဒရစ်အသင်း ပထမဆုံးအကြိမ် ပြန်လည်ရယူပေးနိုင်ခဲ့တယ်။ အဲဒီလိုစွမ်းဆောင်ရည်တွေပြခဲ့တဲ့ ကော်စတာကို ချယ်လ်ဆီးအသင်းကို ရောင်းဖို့လည်း အက်သလက်တီကို မက်ဒရစ်အသင်း သဘောတူထားပြီးပြီ။

မန်ဇူကစ်

ဒါ့ကြောင့် ကော်စတာဟာ ချယ်လ်ဆီးမှာ မြင်တွေ့ရဖို့ ရာနှုန်းများနေသလို မန်ဇူကစ်ဟာလည်း အက်သလက်တီကိုနဲ့ စာချုပ်ပြီးလို့ လာလီဂါမှာ မြင်တွေ့ရတော့မယ်။ ဒါပေမယ့် ၂၀၁၃-၂၀၁၄ ဘောလုံးရာသီကလို ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ ခြေစွမ်းပြကစားနိုင်မလားဆိုတာတော့ စောင့်ကြည့်ရမယ့်အနေအထားမှာရှိနေတယ်။ ဒါ့ကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းအနေနဲ့ ဘိုင်ယန်တိုက်စစ်မှူး မန်ဇူကစ်ကို တိုက်စစ်အတွက် ခေါ်ယူလိုက်ခြင်းဟာ သူတို့အတွက် မှန်ကန်မလား။ ဘိုင်ယန်မြူးနစ်အနေနဲ့ လီဝန်ဒိုစကီးကို ခေါ်ထားလို့ မန်ဇူကစ်ကိုရောင်းလိုက်တာဟာ မှန်ကန်မှုရှိမလား။ လီဝန်ဒိုစကီးဟာ ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ ဘိုင်ယန်မြူးနစ်ရဲ့ အကျိုးပြုသားကောင် ဖြစ်လာပြီး မန်ဇူကစ်အနေနဲ့ အက်သလက်တီကိုမှာ ခြေစွမ်းပြကစားနိုင်မလား။ ချယ်လ်ဆီးအသင်းနဲ့ သဘောတူထားပြီဖြစ်တဲ့ ကော်စတာအနေနဲ့ ချယ်လ်ဆီးအသင်းကို ရောက်ရှိကာ အင်္ဂလန်မြေမှာ မောင်ရင်ဟိုအတွက် တောက်ပတဲ့ ကြယ်တစ်ပွင့် ဖြစ်လာလေမလား။ ထိုသို့သော လားပေါင်းများစွာသော မေးခွန်းတွေအတွက် အဖြေကတော့ လာမယ့် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီမှာ စိတ်ဝင်စားဖွယ် စောင့်မျှော်ကြည့်ရှုရတော့မည်ဖြစ်သည်။

ဝုဖ်ဘတ် နောက်ခံလူ ရိုဒရီဂွက်ဇ်အား ခေါ်ယူရန် မန်ယူပြင်ဆင်

အင်္ဂလန်ထိပ်သီးကလပ် မန်ယူအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ ခံစစ်ပိုင်းကို အားဖြည့်ရန်အတွက် ဝုလ်ဖ်ဘတ် အသင်း၏ ဆွစ်ဇာလန် ဘယ်နောက်ခံလူ ရီကာဒိုရိုဒရီဂွက်ဇ်အားခေါ်ယူရန်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ မန်ယူအသင်းသည် ၎င်းတို့၏ ဘယ်နောက်ခံနေရာတွင် ဆောက်သမ်တန် လူငယ်နောက်တန်းကစားသမား လုခ်ရှောကို ပြောင်းရွှေ့ကြေးမြင့်မားစွာဖြင့် ခေါ်ယူထားသည့်အပြင် ဝါရင့်နောက်ခံလူ အီဗရာပါ အသင့်ရှိနေသော်လည်း ၎င်းတို့အလိုရှိနေသည့် ဂျူဗင်တပ်စ်အသင်းမှ ဗီဒယ်အားခေါ်ယူရန် အီဗရာကိုပါ အလိုက်ပေးကမ်းလှမ်းဖွယ်ရှိနေခြင်းကြောင့် ယခုကဲ့သို့ ရိုဒရီဂွက်ဇ် အားခေါ်ယူလိုနေခြင်းလည်း ဖြစ်သည်။ ထို့ပြင် ၎င်းကို ပရီမီယာလိဂ် ထိပ်သီးကလပ်များဖြစ်ကြသည့် လီဗာပူးနှင့် စပါးတို့ကပါခေါ်ယူရန် စိတ်ဝင်စားနေပြီး ဝုဖ်လ်ဘတ်အသင်းမှာ ရိုဒရီဂွက်ဇ်အတွက် ပေါင် ၁၅ သန်းခန့်အလိုရှိနေသည်။ ရီကာဒိုရိုဒရီဂွက်ဇ်မှာ ပြီးခဲ့သည့်ဘောလုံးရာသီက ဘွန်ဒက်လီဂါတွင် ခြေစွမ်းပြကစားနိုင်ခဲ့သလို ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဆွစ်ဇာလန်အသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်ရရှိခဲ့သူဖြစ်သည်။ [ကိုရဲ]



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇-အိပ်ချ်)၊ နံ့သာကုန်း၊ ဦးပိုင်အမှတ်(၁၁/ခ+၁၁/ ၅)၊ မြေအကျယ်အဝန်း(အလျား၁၄၀ပေ×အနံပေ၈၀)၊ ဧရိယာဧက(၀. ၀၃၀+၀. ၀၄၀)အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အင်းစိန်မြို့နယ်၊ အရှေ့နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၈၂)ဟုခေါ်တွင်သော လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်လှကေသီစော[၁၂/အစန(နိုင်)၀၀၀၅၀၁]က မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံထွက်ဆိုလျက် ရောင်းချရန်ကမ်းလှမ်းရာ ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့အဝက်ကို ပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်(ဘဏ်) **(B.A,R.L)** ဒေါ်ခင်နှင်းရည်**(B.A,R.L)**
တရားလွှတ်တော်ရှေ့နေနှင့် မြန်မာ့စီးပွားရေးဘဏ်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

တိုက်(၂)၊ အခန်း(၀၁၇)၊ နှင်းဆီလမ်း၊ ယုဇနကွန်ဒို၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၂၉၂၇၀၄၊ ၀၉-၅၁၀၆၄၀၆၊ ၀၉-၅၁၅၅၀၆၇၊ ၀၉-၄၅၀၀၁၅၁၇၂

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE SALES GALLERY အား

၂၀၁၄ ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့မှစတင်၍
၄၄-ခအေ၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်တွင်စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည့်အတွက်
စိတ်ပါဝင်စားသည့် ဧည့်သည်တော်ကြီးများအားလုံးကိုလည်း လာရောက်လေ့လာကြည့်ရှုဖို့ ဖိတ်ခေါ်အပ်ပါသည်၊

DAILY OPENING HOURS - 9:30AM - 7:00PM EVERYDAY

- INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
- DUAL KEY SYSTEM UNIT
- DUPLEX SYSTEM
- MAIN DOOR SMART ACCESS SYSTEM
- CONDOMINIUM SERVICED RESIDENCE
- 24/7
- CAR PARKING
- FULLY FINISHED FACILITIES

ROOM TYPES	SQFT
[illegible]	[illegible]
[illegible]	[illegible]
[illegible]	[illegible]
[illegible]	[illegible]
[illegible]	[illegible]
[illegible]	[illegible]

RESERVATION FEE ... JUNE 5%, JULY 10%, AUGUST 10% ... 70% ... 5% ... DEVELOPER ...

SHOWROOM
44/Ka, Sayar San Road, Bahan Township,
Yangon, Myanmar

09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၃–၂၀၁၄ နွေစပါးစံကွက် ရိတ်သိမ်း

ကျောက်ပန်းတောင်း၊ ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ နွေစပါးစံကွက် ရိတ်သိမ်းခြင်းကို၊ ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ကြက်မောက်တောင်(ရေကူ) ဆည်ရေသောက်ဒေသ၊ တယ်ပင်တဲ ရှေ့တန်းစခန်းနယ်မြေ၊ တလင်းကုန်းကျေးရွာအုပ်စုရှိ တောင်သူ ဦးသိန်းဝင်း၏ ပုလဲသွယ်စပ်မျိုးစပါး (GAP) စံပြကွက်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်၊ မြို့နယ်မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးနေလင်းထွန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့မှ ကွင်းတာဝန်ခံဝန်ထမ်းများ၊ နွေစပါးစိုက်ပျိုးတောင်သူများ စုစုပေါင်းအင်အား ၅၀ ကျော် လာရောက်လေ့လာကြသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ နွေစပါးစံကွက်ရိတ်သိမ်းသည့် တောင်သူဦးသိန်းဝင်း၏ ပုလဲသွယ်စပ်မျိုးစပါး (GAP) စံပြကွက်မှ စပါးအထွက်နှုန်းမှာ တစ်ဧကအထွက်နှုန်း ၂၀၃ တင်း ထွက်ရှိကြောင်း သိရသည်။။

၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးရာသီတွင်လည်း လယ်မြေလုပ်ကွက် ပိုင်ဆိုင်မှုနည်းသည့် တောင်သူများမှာ မြေတစ်ဧကအပေါ်တွင် အထွက်နှုန်း နှစ်ဆခန့် ပိုမိုထွက်ရှိသည့် ပုလဲသွယ်စပ်မျိုးစပါးကို ဆက်လက်စိုက်ပျိုးသွားရန် ဆန္ဒရှိနေကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

အရက်အတူသောက်ရာမှ စကားများ၍ဓားခုတ်မှုဖြစ်

ကျောက်တံခါး၊ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဖဒိုနယ်မြေရဲစခန်းတွင် တပ်ကြပ်ကြီးထီးတလိန်း တာဝန်ကျ တာဝန်မှူး ဆောင်ရွက်စဉ် ဖဒိုအမှတ် (၁) ရပ်ကွက်တွင် လူနှစ်ဦး စကားများရန်ဖြစ်ရာမှ ဓားခုတ်မှုတစ်ခုဖြစ်ပွားကြောင်း သိရှိရသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်စုံစမ်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ဖဒိုမြို့ အမှတ် (၁) ရပ်ကွက်နေ ကိုဘီမား(ခ)ရမ်းဒူးလား ၆၀ နှစ် နေအိမ်တွင် တစ်ရပ်ကွက်တည်းနေ ကျော်ကျော်(ခ)ဆန်ကေ ၃၂ နှစ် ဟိန္ဒူ/ဗုဒ္ဓ ကျပန်းလုပ်သူနှင့် ကိုဘိုလား ၄၄ နှစ်တို့ အရက်အတူသောက်ကြရင်း နောက်ပြောင်ရာမှ အခြေအတင်စကားများခဲ့ပြီး ကိုဘီမားမှ ကိုကျော်ကျော်၏ ပါးနှင့်ကျောပြင်တို့ကို လက်ဖြင့်ရိုက်ပုတ်လိုက်ရာ ကိုကျော်ကျော်မှ အရက်ဝိုင်းအနီးတွင်ရှိသော အရိုးအသွား ၁ ပေနှင့် ၆ လက်မခန့်ရှိ ဓားမဖြင့် ကိုဘီမားအား နောက်မှနှစ်ချက်ဆင့်ခုတ်လိုက်ရာ ကိုဘီမား၏ လည်ပင်းတွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သည်။

ထို့ကြောင့် ဖဒိုတိုက်နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေစဉ် ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီတွင် ဓားဒဏ်ရာဖြင့် သေဆုံးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ဖဒိုနယ်မြေရဲစခန်းက (ပ)၈၅/ ၂၀၁၄ ပြစ်မှုပုဒ်မ ၃၂၆ ဖြင့် ဖွင့်လှစ်ခဲ့သောအမှုမှ သေဆုံးသွားသည့်အတွက် ပုဒ်မ ၃၀၂ သို့ ပြောင်းလဲဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူ ကျော်ကျော်အား ဖမ်းဆီး၍ ဖဒိုစခန်းမှူး ရဲအုပ်အောင်ကျော်ဦးမှ စစ်ဆေးဆောင်ရွက်ပြီး အမြန်ဆုံးတရားစွဲတင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ကို (ကျောက်တံခါး)**

ဝါဆိုဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မောက်မယ်၊ ဇူလိုင် ၁၂

မောက်မယ်မြို့နယ်လုံးဆိုင်ရာ သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုဆွမ်းဆန်စိမ်း လောင်းလှူပွဲတော်ကို ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီက နန်းဖတ်ခုမ်စေတီကျောင်းမှ ပရိယတ္တိပါဒက ကျောင်းကြီးစာသင်တိုက်အထိ ဗိုလ်ချုပ်အောင်ဆန်းလမ်းမတစ်လျှောက်တွင် ကျင်းပခဲ့သည်။ အဆိုပါဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် စုပေါင်းရုံးရှေ့၌ ဌာနဆိုင်ရာနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် ရပ်ကွက်၊ ကျေးရွာဒေသခံပြည်သူများက သံဃာတော်အပါး ၂၁၀ တို့အား ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့အနီးတွင် ကုန်တင်ထားသည့် ယာဉ်နှစ်စီးတိုက်မှုဖြစ်

ကျွဲပွဲ၊ ဇူလိုင် ၁၂

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့အနီး ရန်ကုန်-မန္တလေး ပုံမှန်လမ်း မိုင်တိုင်အမှတ် ၁၅၈/၄ အနီးတွင် ဇူလိုင် ၇ ရက် ည ၂ နာရီခွဲတွင် လမ်းညာဘက်အခြမ်း၌ ရပ်ကာ ကားအောက်၌ ပန်ကာကြိုးပြင်နေသည့် ယာဉ်မောင်း ကျော်ခိုင်ထွန်း မောင်းနှင်သော ဂေါ်ဖီတင်ထားသည့် ၁၂ ဘီးယာဉ်အား တောင်ငူမှ ဒူးရင်းသီးများတင်ကာ ဖြူးမြို့မ (၃)လမ်းနေ ယာဉ်မောင်း ဇော်ဝင်းကို မောင်းနှင်လာသည့် လိုက်ထရပ်ယာဉ်မှ နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒူးရင်းသီးကား ယာဉ်မောင်း ဇော်ဝင်းကိုမှာ နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားပြီး ထိုကား၏ယာဉ်နောက်လိုက် ကျောက်ကြီးမြို့၊ သာစည်ရွာနေ ဦးတင်ရွှေမှာ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိကာ ၁၂ ဘီးကား ယာဉ်မောင်း ကျော်ခိုင်ထွန်းမှာ ခြေထောက်ကျိုးသွားကြောင်း သိရသည်။ **သိန်းဝင်း(ကျွဲပွဲ)**

မော်လူးမီးရထားဘူတာတွင် စာပေရေချမ်းစင် စာအုပ်အသစ်များလဲလှယ်

မော်လူး၊ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးမီးရထားဘူတာတွင်ရှိသည့် စာပေရေချမ်းစင်မှ စာအုပ်များအား စာအုပ်အသစ်များဖြင့် လဲလှယ်ခြင်းကို ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းစာပေရေချမ်းစင် စာအုပ်အသစ်များ လဲလှယ်ထားရှိပေးခြင်းသို့ အင်းတော်မြို့နယ် ပြန်/ဆက် ဦးစီးဌာနမှ ဦးကျော်သီဟ၊ ဒေါ်ငြိမ်းအိအိဖြိုးနှင့် ဝန်ထမ်းများ လာရောက်ကြပြီး စာအုပ်အသစ်များ လဲလှယ်ပေးကြသည်။

စာပေရေချမ်းစင်ထားရှိရခြင်းဖြင့် စာဖတ်သူများ စာဖတ်ရှိန်မြင့်မားစေရေးနှင့် ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ ခရီးမသွားမီ ယာဉ်ရထားစောင့်ဆိုင်းနေရင်း ခရီးသွားလာရင်းဖြင့် လွယ်ကူစွာ စာပေများ ဖတ်ရှုနိုင်ရန်ရည်ရွယ်လျက် အင်းတော်မြို့နယ်၊ မော်လူးမီးရထားဘူတာတွင် ဖွင့်လှစ်ထားရှိပြီးဖြစ်သည့် စာပေရေချမ်းစင်အား စာအုပ်အသစ်များဖြင့် ထပ်မံဖြည့်တင်းပေးခြင်းဖြစ်သည်။

ထို့ပြင် ကဏ္ဍအလိုက်စာအုပ်များကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ဒေသခံများအတွက် စာပေရေချမ်းစင်များ ရေရှည်ခိုင်မြဲတည်တံ့နိုင်ရေးအတွက် မော်လူးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ မော်လူးမီးရထားဘူတာတာဝန်ခံရုံပိုင်ကြီး ဦးစိုးလင်းတို့မှ တာဝန်ယူဆောင်ရွက်ပေးကြမည်ဖြစ်သည်။

ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီမှစတင်ကာ ဒေသခံပြည်သူများ၊ ခရီးသွားပြည်သူများ မိမိနှစ်သက်ရာ ကဏ္ဍအလိုက် စာအုပ်စာပေများကို မော်လူးမီးရထားဘူတာ စာပေရေချမ်းစင်တွင် အလွယ်တကူဖတ်ရှုလေ့လာနိုင်ပြီဖြစ်ကာ ကဏ္ဍအလိုက် စာအုပ်များကို တစ်လလျှင်တစ်ကြိမ် လဲလှယ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ သိရသည်။ **(၆၈၅)**

ဖတ်စရာ

နှလုံးသားနှင့်ပြုံးပါ

à qkwfif(arwaje;uav;)

အရှုံးလည်းမပေးရသည့်အပြင် အမြတ်လည်းရသော ရင်းနှီးရသောအလုပ်ဟူသည် ပြုံးပြခြင်းပင်ဖြစ်သည်။ မိမိ၏ မျက်နှာလေးနှင့် မျက်လုံးလေးများကို အပြုံးများဖြင့် တန်ဆာဆင်ပါက လွန်စွာကျက်သရေရှိသည်ကို မိမိတို့ကိုယ်တိုင် သိချင်မှသိပေမည်။ မိမိ၏မျက်နှာကို မြင်တွေ့ရသူများကတော့ သိကြပေသည်။

အချို့သောသူများသည် ပြုံးရသောအလုပ်ကိုပင် အလွန်ခက်ခဲသောအလုပ်ကြီး လုပ်ရသည့်ပမာ ဖြစ်နေကြသည်။ အချို့များကတော့ 'ပြုံးချင်စိတ်ကိုမရှိတာ ပြုံးလို့ဘာရမှာလဲ။ အာညောင်းရုံနဲ့ အာပြဲရုံပဲရှိမှာပေါ့'ဟု ဘုကျကျ ပြန်ပြောသည်များလည်း ရှိသည်။ 'ပြုံးရင်ပေါတယ် ထင်မှာစိုးလို့'ဟု ဆိုသူများလည်းရှိသည်။

ပြုံးလျှင်ပေါသည်ဟု မည်သူက ထင်မည်နည်း။ မိမိဘက်မှ တစ်ဖက်သားအပေါ်သို့ ပြုံးပြသော အမူအရာမမှန်လျှင်တော့ ထိုအထင်သည် မှန်ကောင်းမှန်နိုင်ပါသည်။ အပြုံးဟုဆိုရာတွင်လည်း နှလုံးသားမှလာသော အပြုံးကိုဆိုလိုခြင်းဖြစ်ရာ နှလုံးသားမှလာသောအပြုံး မဟုတ်ဘဲ အမုန်းတရားမှလာသော အပြုံးဖြစ်ပါက(သို့မဟုတ်) မိမိဖြစ်လိုရာအတွက် ပြုံးထားသောအပြုံးဖြစ်ပါက အဘယ်မှာလျှင် လှပပါတော့မည်နည်း။ တစ်ဖန် ရာဂတဏှာကြောင့် တပ်မက်၍ကြည့်သော အခိုးတဝေဝေဖြစ်နေသည့် ခေါ်တော်တစ်ထောင်အား မျက်လုံးအနေအထားနှင့် ရမ္မက်အပြုံးဆိုပါက မည်သူကကြိုက်ပါမည်နည်း။

မိမိမုန်းသောသူကို စေတနာမပါဘဲ ပေးရကမ်းရ ပြောဆိုဆက်ဆံရသောအခါ မချိုပြုံးပြုံးထားရသောကြောင့် ထိုအပြုံးတို့သည် အဘယ်မှာလျှင် တောက်ပပါမည်နည်း။ သူတစ်ပါးအား ပျက်စီးစေလိုသော ရည်ရွယ်ချက်ကို ဆောင်ရွက်နေစဉ်တွင် ပြုံးထားရသော ထိုမျက်နှာဖုံးတပ် အပြုံးတို့သည် အဘယ်မှာလျှင် ကျက်သရေ ရှိပါမည်နည်း။

ဟုတ်ပါသည်။ မိမိပါးစပ်ကို ဖြဲပြတိုင်းသည် ပြုံးပြခြင်းမဟုတ်သည်မှာ သေချာပါသည်။ သူတစ်ပါးအပေါ် စေတနာသန့်သန့်နှင့် ရိုးရိုးသားသားခင်မင်သော နှစ်လိုဖွယ်အပြုံးသည်သာလျှင် ကျက်သရေရှိသော၊ လှပသော တကယ့်အပြုံးလေးများဖြစ်ပါသည်။ မိမိကိုယ်၌ကပင် အရောင်မဆိုးသော ချစ်စဖွယ်အပြုံးတို့ကိုသာ မြင်လိုလှသည် မဟုတ်ပါလား။

ဆေးသိပ္ပံတစ်ခု၏ တွေ့ရှိချက်အရလည်း ပြုံးနေစဉ်တွင် မိမိမျက်နှာပေါ်ရှိ အကြောငယ်လေးများ လှုပ်ရှားကြသည်။ ထိုအကြောလေးများသည် နုပျိုမှုကို ပေးစွမ်းစေပါသည် ဟူ၏။ ထို့အတူ မဲ့နေသောအခါတွင်လည်း မျက်နှာပေါ်ရှိ အကြောလေးများ လှုပ်ရှားကြသည်။ သို့သော် မဲ့ခြင်းကြောင့် လှုပ်ရှားသော အကြောငယ်တို့သည် ပိုမို အိုစာစေပါသည်ဟူ၏။ ထို့ကြောင့် နုပျိုလိုသောသူအပေါင်းသည် နှလုံးသားမှလာသော စစ်မှန်သော အပြုံးများသာ ပြုံးရန် လိုပါသည်။

မုန်းနေသူနှစ်ဦးပင်လျှင် တစ်ဦးကစ၍ နှစ်လိုစွာ ပြုံးပြပါက ကျန်တစ်ဦးမှ မဲ့ပြမည်ဟုထင်ပါသလား။ အပြုံးချိုချိုအတွက် အပြုံးချိုချိုသာ ပြန်ရမည်မှာမလွဲပေ။ စာရေးသူ၏ အဖြစ်အပျက်တစ်ခုရှိသည်။ စာရေးသူသည် ငယ်စဉ်ကလွန်စွာစွာသည်။ မိမိပေါ်တွင်ကောင်းပါမှ ပြန်လည်ကောင်းပြတတ်သည်။ မျက်နှာထားလည်း လွန်စွာတည်သည်။ အပြုံးဟူသည် စာရေးသူအတွက် ပြုရခက်သောအရာတစ်ခု ဖြစ်ခဲ့ဖူးသည်။

> **အပြုံးဟုဆိုရာတွင် နှလုံးသားမှလာသောအပြုံးကို ဆိုလိုခြင်းဖြစ်ရာ နှလုံးသားမှလာသောအပြုံး မဟုတ်ဘဲ အမုန်းတရားမှလာသောအပြုံး. . .**

တစ်ရက်တွင် စာရေးသူသည် ဆရာမတစ်ယောက်၏ အိမ်မှပြန်လာစဉ် အကြောင်းအရာတစ်ခုနှင့်ပတ်သက်၍ ပြန်စဉ်းစားမိပြီး ပြုံးမိသွားသည်။ လမ်းမထက်တွင် လမ်းလျှောက်ရင်း ပြုံးမိသည်ဖြစ်ရာ ရှေ့မှလာနေသော သူငယ်ချင်းတစ်ဦးနှင့် ဆုံမိသည်။ စိတ်ကြည်နေသည်ဖြစ်ရာ မိမိစဉ်းစားမိပြီး အပြုံးနှင့်ရောလျက် သူ့ကိုပြုံးပြလိုက်သည်။ ထိုသူငယ်ချင်းသည် များမကြာခင်က စာရေးသူနှင့် အချင်းများထားပြီး စကားမခေါ်မပြောသူဖြစ်သည်။

စာရေးသူ ပြုံးသည်ကိုမြင်ပြီး သူငယ်ချင်းမှ စာရေးသူကို ပြန်ပြုံးပြသည်။ ထို့နောက် သူ့ဘက်မှ နှုတ်ဆက်စကားလာဆိုပြီး သူပြုံးကိုယ်ပြုံးနှင့် သူငယ်ချင်းနှစ်ဦးခေါ်ပြောဖြစ်ကာ ပြန်လည်သင့်မြတ်သွားကြသည်။

ထိုမှ စာရေးသူကို သင်ခန်းစာပေးလိုက်သည်မှာ ပြုံးပြခြင်းသည် သင့်မြတ်မှုကိုဖြစ်စေပြီး မိတ်ဆွေပေါများခြင်း လူချစ်ခင်များခြင်းပေတည်း။

မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်များလည်းရှိသည်။ ဒေါသထွက်နေသူရှိပါက ထိုသူ၏ အမျက်ဒေါသသည် တစ်ဖက်သားကို ကူးစက်သွားပြီး ပူလောင်စေသကဲ့သို့ မေတ္တာထားသူရှိပါကလည်း ထိုသူ၏ မေတ္တာစာတ်တို့သည် အနီးအနားရှိသူတို့ကို ထိစပ်သွားကာ မေတ္တာငွေ့တို့ဖြင့် အေးမြစေပါသည်။

အလားတူစွာပင် မဲ့ပြသူအတွက် မဲ့ပြသော မျက်နှာတစ်စုံသာ ပြန်လည် ရရှိမည်ဖြစ်ပြီး ပြုံးပြသူအတွက် ပြုံးပြသောမျက်နှာတစ်စုံကို လက်ဆောင်ပြန်ရရှိမည်ဖြစ်သည်။ သက်ရောက်မှုတိုင်းတွင် တန်ပြန်သက်ရောက်မှု ရှိသည်ပင် မဟုတ်ပါလား။

မှန်ကြည့်သောသူအတွက် မိမိပြုသော အပြုအမူအတိုင်းသာလျှင် မိမိပုံရိပ်သည် မှန်တွင်အရိပ်ထင်ပေသည်။ ထို့ကြောင့်အပြုံးလှလှ ရလိုသူအတွက် နှလုံးသားမှလာသော အပြုံးသာ ပြုံးစေချင်ပါသည်။

မိမိအပြုံးကြောင့် အောင်မြင်မှုရရှိခဲ့ကြသူများ လက်ညှိုးညွှန်ပါက မလွဲနိုင်ပေ။ စကားပြောတတ်ပါက လေယာဉ်ပင် အလကားစီးနိုင်သကဲ့သို့ ပြုံးပြခြင်းကြောင့်လည်း လိုရာခရီးကို အလွယ်တကူ ရောက်ရှိနိုင်ပါသည်။

ထို့ကြောင့် တစ်ဦးနှင့်တစ်ဦးကြား အမုန်းတရားများကို ပျောက်ပျက်စေ၍ ချစ်ခြင်းတရားများသာ ပွားများစေသော လှပသော အပြုံးပန်းလေးများကို လူတိုင်းနှုတ်ဖျားတွင် ဆင်မြန်းစေချင်ပါသည်။ ရုပ်မလှသူပင်ဖြစ်လင့်ကစား နှစ်လိုဖွယ်ပြုံးပြသောအခါ ချစ်စရာအနေအထားသို့ ရောက်သွားသည်ဖြစ်ရာ မျက်နှာလှလှရှိသူများအနေဖြင့် မျက်နှာမတည်ဘဲ မပုပ်ဘဲ ပြုံးပြုံးလေးနေပါက မည်မျှလှသွားမည်ကို တွေးကြည့်စေချင်ပါသည်။

အပြုံးဟူသည် အမှန်စင်စစ် အိုစာနေသော မျက်နှာကိုပင် နုပျိုသွားစေသည်။

အပြုံးကြောင့်အိုခြင်းသည် မည်သည့်အခါမျှ ရှိလာမည်ဟုတ်ပေ။ အပြုံးဟူသည် လူအများမြင်သော မျက်နှာထက်တွင်သာ ထားရှိရခြင်းဖြစ်ရာ တင့်တယ်ရန်လိုသည်၊ စစ်မှန်ရန်လိုသည်။ နှလုံးသားထက်မှ လာရန်လိုသည်။

စစ်မှန်သော နှလုံးသားမှလာသော အပြုံးအတွက် အရှုံးဟူသည် မည်သည့်အခါမျှ ရှိလာမည်မဟုတ်ပေ။ ထို့ကြောင့် ပြုံးပါ။ နှစ်လိုစွာ ပြုံးပါ။ ဖော်ရွေစွာ ပြုံးပါ။ နှလုံးသားမှ အလှကို အပြုံးနှင့် တန်ဆာဆင်ပါ။ မုဒိတာမှ ရိုက်ခတ်ခြင်းဖြစ်သော အပြုံးများသာ မျက်နှာထက်တွင် ဝေဆာစေပါ။ ကျက်သရေဝေဖြာမည်ကို အာမခံပါသည်။ လူတိုင်း ပြုံးတတ်ကြပါစေ။ ။

ပေကုန်းကျေးရွာတွင် ကျန်းမာရေး အခမဲ့ကုသစောင့်ရှောက်မှုပေး

နန့်စီးအောင်၊ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မံပဲကျေးရွာအုပ်စု၊ နန့်စီးအောင်-ပေကုန်းကျေးရွာတွင် ကျောင်းသား၊ ကျောင်းသူများနှင့် သက်ကြီးရွယ်အိုများကို နန့်စီးအောင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ ကျန်းမာရေး ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အခမဲ့ ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးရန်အတွက် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေး ဦးစီးဌာနတို့၏ ညွှန်ကြားမှုအရ အင်းတော်မြို့နယ် ကျန်းမာရေးဌာနမှ ဝန်ထမ်းနှစ်ဦး၊ မော်လူးတိုက်နယ်ဆေးရုံမှ ဒေါက်တာဒေါ်လာမာမီးနှင့် ကျန်းမာရေးဝန်ထမ်းနှစ်ဦး၊ ကျန်းမာရေးကြီးကြပ်နှစ်ဦး၊ မံပဲကျေးရွာမှ သားဖွားဆရာမနှင့် အရန်သားဖွားဆရာမများ လာရောက်ကြပြီး နန့်စီးအောင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့တို့မှ လိုအပ်သည်များကို ကူညီပေးကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဇူလိုင် ၆ ရက်မှ ၉ ရက်အထိ ကွင်းဆင်းဆောင်ရွက် ကုသပေးခဲ့ခြင်းဖြစ်ပြီး လူနာဦးရေ ၂၂၉ ဦးတို့အား အခမဲ့ ကျန်းမာရေး ကုသဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မော်လူး တိုက်နယ်ဆေးရုံတွင်လည်း ကြာသပတေးနေ့တိုင်း အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှု အခမဲ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၆၅)**

ရေပြည့်နေသောအိမ်သာကျင်းထဲပြုတ်ကျသည့် ကလေးနှစ်ဦး ရေနစ်သေဆုံး

ရေတာရှည် ဇူလိုင် ၁၁

ရေတာရှည်မြို့နယ် အမှတ်(၅)ရပ်ကွက်တွင် ကလေးငယ်နှစ်ဦး ရေပြည့်နေသော အသစ်တူးထားသည့် အိမ်သာကျင်းထဲကို ပြုတ်ကျသွားရာ နှစ်ဦးစလုံး သေဆုံးသွားခဲ့သောဖြစ်ရပ် ဇူလိုင် ၁၀ ရက် ညနေ ၃နာရီခန့်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သတင်းရလျှင်ရခြင်း ဒု-မြို့နယ်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး စိုးစိုးဦး၊ မြို့မရဲစခန်းမှူး၊ ဒုရဲမှူး ကျော်ဇေယျနှင့်အဖွဲ့က သက်သေ များနှင့်အတူသွားရောက်စစ်ဆေးခဲ့ရာ ရေတာရှည် အမှတ်(၅)ရပ်ကွက်နေ မောင်လပြည့်မောင်ခုနစ်နှစ်နှင့် တစ်ရပ်ကွက်တည်းနေ မောင်ကောင်းမင်းသန့် (၂နှစ်)တို့ နှစ်ဦးသည် မခင်စုလှိုင်၏ နေအိမ်နောက်ဘက်ရှိ အသစ်တူးထားသည့် ရေပြည့်နေသော အိမ်သာကျင်းထဲကို ပြုတ်ကျခဲ့ရာမှ ရေနစ်သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရ၍ ရေတာရှည်မြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ် (၄/၂၀၁၄) ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီး ဌာနလက်အောက်ရှိ ရုံးချုပ်နှင့် တက္ကသိုလ်များတွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည် ဖြစ်ပါသည်-

စဉ်	ဦးစီးဌာန/တက္ကသိုလ်	အရေအတွက်
၁။	အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)	(၁)မျိုး
၂။	ရန်ကုန်နည်းပညာတက္ကသိုလ်	(၁၂၆)မျိုး
၃။	မန္တလေးနည်းပညာတက္ကသိုလ်	(၉၁)မျိုး
၄။	ပြည်နည်းပညာတက္ကသိုလ်	(၅)မျိုး
၅။	မန္တလေးကွန်ပျူတာတက္ကသိုလ်	(၅၀)မျိုး
၆။	မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်	(၂၀) မျိုး
၇။	ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်	(၇) မျိုး
၈။	အထက်မြန်မာပြည်ကွန်ပျူတာ တက္ကသိုလ်များ	(၁)မျိုး
၉။	အောက်မြန်မာပြည်ကွန်ပျူတာတက္ကသိုလ်များ	(၆၂) မျိုး

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၁၄-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၁-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း ၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အဏုမြူစွမ်းအင်ဦးစီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် အမျိုးသားဓာတ်ခွဲခန်းတို့တွင် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများနှင့် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။ အသေးစိတ်စာရင်းများအား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)ရှိ ကြော်ငြာသင်ပုန်းတွင် ကပ်ထားမည် ဖြစ်ပါသည်-

စဉ်	ဦးစီးဌာန	အရေအတွက်
၁။	အဏုမြူစွမ်းအင်ဦးစီးဌာန	(၄၉)မျိုး
၂။	စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန	(၁၉)မျိုး
၃။	အမျိုးသားဓာတ်ခွဲခန်း	(၃)မျိုး

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်း ဆောင်ရွက်၍ Open Tender ပုံစံများကို ၁၄-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) တွင် လာရောက်ထုတ်ယူနိုင်ပြီး ၁၁-၈-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း ၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေး

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင် ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းတင်းကျေးရွာအုပ်စု ကျိုင်းတုံ-တာချီလိတ်လမ်း၊ မြေဧရိယာ (၀. ၆၈)ဧကအား မြေဌားရမ်းခြင်းလုပ်ငန်း/ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍနှင့် ဆက်စပ်သောလုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်းလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းရမည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီထိ

တင်ဒါစိစစ်မည့်နေရာ - ကျိုင်းတုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့) မွန်းတည့် ၁၂း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် ကျိုင်းတုံရှေ့တန်းစခန်းတွင် ၁၄-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ဖုန်း-၀၈၄-၂၂၆၇၅၊ ၀၉-၄၂၈၃၄၂၀၁၀

စာအုပ်စာပေ လူ့မိတ်ဆွေ



ခွေးရောင်းမည်

Golden Retriever ၂ လ အမ

Chuihuahua ၄ လ အမ

Pomerania ၇ လ အထီး

Persian ကြောင် ၂ လ အထီး

ဖုန်း-၀၉-၄၂၀၂၆၇၁၄၈

လိုအပ်နေသည့်ကျောင်းများအားဓမ္မ အလင်းရောင်အသင်းမှ လစဉ် လှူဒါန်း

ရန်ကုန်၊ ဇူလိုင် ၁၂

စေတနာရှင်များ စုပေါင်းဖွဲ့စည်းထားသော ဓမ္မအလင်းရောင် အသင်းကြီးမှ လစဉ် လှူဒါန်းရရှိငွေဖြင့် လိုအပ်နေသော နေရာများအားလိုက်လံလှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ရွှေနှင်းဆီရပ်ကွက်အတွင်းရှိ သန္တိသုခသီလရှင်စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်းအတွက် သီလရှင်ဝတ်စုံများ၊ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းစိမ်းဝတ်စုံများ၊ လိုအပ်သည့် လှူဖွယ်ပစ္စည်းများကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ အသင်းကြီးမှာ တစ်လတစ်ကြိမ် မြန်မာနိုင်ငံအတွင်းရှိ လိုအပ်သည့် နေရာများသို့ လှူဒါန်းမှု ပြုလုပ်လျက်ရှိရာ ယင်းစာသင်တိုက်အတွက် အသင်း၏ (၃၇) ကြိမ်မြောက် လှူဒါန်းမှုဖြစ်ကြောင်း အသင်း၏ဘဏ္ဍာရေးမှူး ဦးကျော်ဝင်းနိုင်က ပြောသည်။

"ကျွန်တော်တို့အသင်းကို ဘယ်နေရာမဆို လိုအပ်နေတဲ့အကြောင်းကြားရတာနဲ့ သွားလှူကြပါတယ်။ တစ်ခါတစ်လေ တစ်လတည်းမှာတောင်သုံးကျောင်းတောင် ကြားသိရတော့ အဲ့ထဲက အရင်လိုမယ့် ကျောင်းကို ရွေးပြီး သွားလှူကြပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ယင်းစာသင်တိုက်တွင် သီတင်းသုံးနေထိုင်သော ပဓာနနာယကဆရာကြီးများနှင့် ပညာသင်ကြားနေသော သီလရှင်ဆရာလေးများ၊ သာမဏေငယ်များနှင့် ကျောင်းတိုက်အတွင်း အခမဲ့ ပညာ သင်ကြားနေသော ကျောင်းသား၊ကျောင်းသူများအတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၅၄ သိန်းကျော် လှူဒါန်းခဲ့သည်။

ဓမ္မအလင်းရောင် အသင်းကြီးသည် စတင်တည်ထောင်ပြီးသည့် အချိန်မှ ယခုအထိ တစ်နှစ်တစ်ကြိမ် ရန်ကုန်တိုင်း ဧရိယာပြင်ပဖြစ်သော မြန်မာပြည်အတွင်းရှိ လိုအပ်သည့် နေရာများသို့ ထွက်ရှိလှူဒန်းခဲ့ကြပြီး ကျန်သည့်လများတွင် ရန်ကုန်တိုင်းအတွင်းသာ လှူဒါန်းခဲ့သည်။

"ကျွန်မတို့အသင်းက စထောင်တုန်းက လူခြောက်ဦးလောက်နဲ့ စပြီး နှစ်နှစ်အတွင်းမှာ အသင်းသား လေးရာကျော်ရှိလာတယ်။ ဒီလူဦးရေနဲ့ နယ်တွေသွားရင် မဖြစ်နိုင်လောက်လို့ တစ်နှစ်တစ်ခေါက်လောက်သာ နယ်ဘက်ထွက်လှူပါတယ်။ ကျန်တာ မြို့စွန်မြို့ဖျားက လိုအပ်တဲ့နေရာတွေကို စုံစမ်းသွားရောက် လှူဒါန်းပါတယ်။ လှူမဲ့ကျောင်းကိုလည်း အရင်တစ်ခေါက်သွားကြည့်ပြီး သူတို့လိုတဲ့ ပစ္စည်းကို လှူဒါန်းတာပါ။ ဒါမှ သူတို့အတွက် ထိရောက်မှုရှိမှာပါ" ဟု အသင်းဝင်တစ်ဦးက ပြောသည်။

ယခုလှူဒါန်းခဲ့သည့် သန္တိသုခ သီလရှင် စာသင်တိုက်နှင့် သီလရှင်သင်ပညာရေးကျောင်းတွင် ပညာသင်ကြားနေသော သီလရှင် ဆရာလေး ၂၁၉ ပါး၊ သာမဏေငယ် ၄၆ ပါး၊ ကျောင်းတိုက်အတွင်း အခမဲ့ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများမှာ သူငယ်တန်း ၆၁ ဦး၊ ပထမတန်း ၃၇ ဦး၊ ဒုတိယတန်း ၅၂ ဦး၊ တတိယတန်း ၄၈ ဦး၊ စတုတ္ထတန်း ၃၇ ဦး၊ ပဉ္စမတန်း ၄၅ ဦး၊ ဆဋ္ဌမတန်း ၄၀ဦး၊ သတ္တမတန်း ၅၄ ဦး၊ အဋ္ဌမတန်း ၂၈ ဦး၊ နဝမတန်း ၂၁ ဦး၊ ဒသမတန်း ၂၂ ဦး စုစုပေါင်း ၄၄၅ ဦးတို့အတွက် လိုအပ်သည့် သီလရှင်ဝတ်စုံများ၊ ကျောင်းစိမ်းဝတ်စုံများ၊ ဆေးဝါးများ၊ ဆန်၊ ဆီ၊ ဆားနှင့် ငရုတ်၊ ကြက်သွန်များ၊ စာရေးကိရိယာများ၊ အိုး၊ ခွက်၊ ပန်းကန်များအား လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လစဉ်အလှူငွေများလှူဒါန်းလိုပါက အမှတ် ၆၀၈၊ အေရုံ သိမ်းကြီးဈေးရှိ ရွှေရောင်ဝင်း ထောပတ်၊ နို့ဆီရောင်းဝယ်ရေးသို့ လည်းကောင်း၊ ဖုန်း ၀၉၄၂၀၀၆၅၁၀၆၊ ၀၉၄၂၀၀၀၁၇၁၉၊ သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။ **တင်မောင်ဦး**

ဒုဋ္ဌဝတီမြစ်ရေတိုက်စားခြင်းမှကာကွယ်ရန် နိုင်ငံတော်မှ ရေတား တည်ဆောက်

သီပေါ၊ ဇူလိုင် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးတို့အတွက် တစ်လလျှင်လေးကြိမ် အစည်းအဝေးများကျင်းပပြီး ရေတိုရေရှည် စီမံချက်များ ရေးဆွဲကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၁၉၈၆ ခုနှစ်က သီပေါတစ်မြို့လုံး ရေလွှမ်းမိုးခံရသဖြင့် နှစ်စဉ်မိုးတွင်းကာလတွင် ရေလွှမ်းမိုး၍ ပန်းထိမ်မြောက်ရပ်၊ ဈေးရပ်ကွက် ရွှေညောင်ပင်လမ်း (ကမ်းနားလမ်း) တစ်လျှောက် မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ မော်တော်ယာဉ်သွားလမ်းမှ လူ၊ စက်ဘီး၊ ဆိုင်ကယ်အဆင့်သာ သွားနိုင်သည့် အခြေအနေသာရှိခဲ့သည်။

နိုင်ငံတော်ဒုတိယသမ္မတ ရှမ်းပြည်နယ် ခရီးစဉ်တွင် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက တင်ပြခဲ့၍ အရှည်ပေ ၈၀၀ ကျော်ရှိ ရေထိန်းနံရံ ရေကာတာ ရေတားဆည်ကိုးခု တည်ဆောက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရ ပြည်ထောင်စုသီးသန့်ရန်ပုံငွေမှ ငွေကျပ်သိန်းပေါင်း ၅၆၄၀ ကို ခွင့်ပြုခဲ့သဖြင့် ဒုဋ္ဌဝတီမြစ် (သီပေါ) မြစ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးဝင်းလွင်ဦးကြီးကြပ်လျက် အငယ်တန်းအင်ဂျင်နီယာ နှစ်ဦးအပါအဝင် လုပ်သားအင်အား ၁၀၀ ကျော်တို့က အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုဋ္ဌဝတီမြစ်ကမ်းမှ ကားလမ်းမြို့ဧရိယာ ၃၅ ပေအထိ ရေတိုက်စားခြင်းကို သံခြင်းအခြေပြုကျောက်စီတမံ ဆောင်ရွက်ပြီးစီးမှုအား မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ အမှုဆောင်အရာရှိ ဦးစိုးဝင်းမြင့်နှင့် မြို့မိမြို့ဖများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာက ရှင်းလင်းပြသသည်။ **စိုင်း(သီပေါ)**

ပညာရေးဟောပြောပွဲ ဗြိတိသျှကောင်စီတွင် ပြုလုပ်မည်

ရန်ကုန်၊ ဇူလိုင် ၁၂

London School of Commerce (LSC) မှ ပံ့ပိုး၍ ဗြိတိသျှကောင်စီ မြန်မာမှ ပညာရေးဟောပြောပွဲတစ်ရပ်အား ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ ဗြိတိသျှကောင်စီ စာကြည့်တိုက်တွင် ဇူလိုင် ၁၇ ရက် နံနက် ၁၀နာရီ မှ မွန်းတည့် ၁၂ နာရီ အထိ ကျင်းပသွားမည်ဖြစ်သည်။

၎င်းဆွေးနွေးပွဲတွင် LSC \ Admissions Officer ဒေါ်သီရိမေမှ မြန်မာကျောင်းသားများအတွက် LSC မှ ပေးနိုင်သော ပညာရေးအခွင့်အလမ်းများနှင့် တက်ရောက်နိုင်သော ဘာသာရပ်များ၊ ကျောင်းဝင်ခွင့်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

LSC ၏ တရားဝင်ပြည်တွင်း ကိုယ်စားလှယ် ဦးအောင်ကျော်ဆန်း (Crown Education) မှလည်း LSC တွင် တက်ရောက်လိုသည့် ကျောင်းသားများအတွက် ၎င်းမှ ပေးနိုင်သောအကြံဉာဏ်များ၊ ဝန်ဆောင်မှုများကို ပြောကြားသွားမည်ဖြစ်သည်။

ပညာသင် အောင်လက်မှတ်များ ကိုလည်း ယူဆောင်လာပြီး အကြံဉာဏ်တောင်းယူနိုင်ကြောင်း သိရသည်။ **စိုးအောင်ဖေ**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၈-၇-၂၀၁၄ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၄ ရက်၊ ညနေ ၄း၀၀နာရီ
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
မျက်စိရောဂါအထူးကုဆေးရုံကြီး
အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၄၉၁၇၇၊ ၀၁-၅၅၇၉၅၆

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ် ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်
(က)	လုပ်ငန်းသုံးပစ္စည်း (၇၃) မျိုး	1 Lot

၂။ တင်ဒါပိတ်သိမ်းမည့်နေ့ရက်မှာ ၇-၈-၂၀၁၄ရက် ညနေ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား ၁၄-၇-၂၀၁၄ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပါသည်။ တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး လုပ်ငန်း၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာန၊ ဖုန်း-၀၆၇-၄၁၄၀၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း

အ•ထ•က(၂)ဗဟန်း(နန်ယန်)
နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်ပွဲနှင့် ဒသမအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနား

နေရာ - အ. ထ. က(၂)ဗဟန်း(ကျောင်းဝင်း)
နေ့ရက် - ၂၇-၁၂-၂၀၁၄(စနေနေ့)၊ ၂၈-၁၂-၂၀၁၄(တနင်္ဂနွေနေ့)
အချိန် - နံနက်(၉)နာရီ

နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ်အနေဖြင့် မဂ္ဂဇင်းစာအုပ်ထုတ်ဝေမည်ဖြစ်ပါ၍ မိမိတို့ကိုယ်တိုင်ရေးသားထားသောစာမူများအား ဆရာ/ဆရာမကြီးများ၊ ကျောင်းသား/ကျောင်းသူဟောင်းများသည် ၁၅-၇-၂၀၁၄ရက်မှ ၁၅-၉-၂၀၁၄ရက် ထိ အ. ထ. က(၂)ဗဟန်း (ကျောင်းသား/ကျောင်းသူဟောင်းရုံးခန်း)၌ လာရောက် ပေးပို့နိုင်ပါကြောင်းနှင့် သိလိုသည်များရှိပါက အောက်ပါဖုန်းနံပါတ်အား ဆက်သွယ် မေးမြန်းနိုင်ပါသည်။

ရုံးဖုန်း-၀၉-၃၀၀၅၁၆၆၆







အတွေးအမြင်ဆောင်းပါး

ရှေ့သို့သာလျှောက်ရွေ့လျားနေ

à &iftmif(D&pu)d

မိမိတို့ပတ်ဝန်းကျင်မှာရှိသော အရာသည်ရှေ့သို့သာလျှင်ရွေ့လျားနေပေသည်။ သို့သော် လူအသက်ကို နောက်သို့ဟူ၍ ပြောင်းမရချေ။ အသက်ကြီးလေလေ ခန္ဓာကိုယ်အရွယ်အစား ပြောင်းလဲလေလေဖြစ်ပေသည်။

သို့သော် အသက်ရှိလာသည်နှင့် တစ်ပြိုင်နက်တည်း အသိပညာ၊ အတတ်ပညာတွင်လည်း ပြောင်းလဲရန် လိုအပ်ပေသည်။ သို့မှသာ ရှေ့သို့ရောက်ရှိပေမည်။

ရှေ့သို့သွားရာတွင် စက္ကန့်ရွေ့လျားသည်နှင့်အမျှ အသိပညာနှင့် အတတ်ပညာတွင်လည်း တိုးတက်ရန်လိုအပ်ပေသည်။ ပညာကိုကိုင်တွယ်လို့လည်းမရ ကြည့်လျှင်လည်း မမြင်နိုင်ပေ။ ပျင်းသောသူလည်း ပညာမရနိုင်ပေ။ အသိပညာ အတတ်ပညာမရှိသောအခါ စည်းစိမ်ဥစ္စာလည်း မရနိုင်ပေ။ ပစ္စည်းမရှိသောသူတို့ကို မိတ်ဆွေကောင်းများ ချဉ်းကပ်လာမည်မဟုတ်ပေ။ ထိုအခါ ပညာလည်းမရှိ ဥစ္စာလည်းမရှိသောအခါ စိတ်ချမ်းသာမှုကို ပိုင်ဆိုင်နိုင်မည် မဟုတ်ချေ။

အရာအားလုံးသည် ရွေ့လျားနေစဉ် အနှေးသဘောဖြင့် ရွေ့လျားခြင်းနှင့် အမြန်သဘောဖြင့်ရွေ့လျားခြင်းတို့ပင်။ ယနေ့ခေတ် ပညာရေးသည် အမြန်သဘောဖြင့် ရှေ့သို့ရွေ့လျားနေပေသည်။ ထိုအခါ နောက်ကျနေသူအဖို့ ကျော်တက်လာမည်များက စောင့်ဆိုင်းနေမည် မဟုတ်ချေ။ အသိပညာ အတတ်ပညာ ပြည့်စုံနေသောသူသည် အစဉ်အမြဲ အမြန်သဘောဖြင့် ရှေ့သို့လျှောက်လှမ်းသောအခါ ပညာမဲ့သူတို့ကနောက်တွင် ပြတ်ကျန်နေသောကာလပင်ဖြစ်သည်။

ယနေ့တစ်မျိုးနှင့် မနက်ဖြန်တစ်မျိုးဟူသော ဆန်းပြားတီထွင်မှုများကို လက်တွဲသွားနိုင်ရန် အထူးလိုအပ်ပေသည်။ ယနေ့ခေတ်တွင် ပစ္စည်းဥစ္စာကို မက်မောနေသော နေအတ္တသမားများအဖို့ မည်မျှပင်ရုပ်ရည်ရူပကာ ချောမောလှပ၍ ပစ္စည်းဥစ္စာပြည့်စုံသော်လည်း ပညာမဲ့သူအဖို့ အဆင်းလှဆန်း လူပေါက်ပန်းဟု လှောင်ပြောင်ရယ်သွမ်းသွေးကြမည်မှာမုချပင်။ တောသားလေး လယ်သမားမောင်ညိုသည် ရှေ့သို့ဟု ရည်ရွယ်ကာ မလျှော့သော ဇွဲလုံ့လဝီရိယတို့ဖြင့် နောက်ဆုံးတွင် ဝန်ဇင်းမင်းရာဇာဘွဲ့ဖြင့် ပညာရှိအဖြစ် မင်းအဆက်ဆက်၌ ကိုးကွယ်ဆည်းကပ်ခြင်းကို ခံပေသည်။

> **ရှေ့သို့ဟုရည်ရွယ်ကာ ပညာကို အပတ်တကုတ်ကြိုးစား၍ အောင်မြင်သော လူသာသေ နာမည်ကျန်ရစ်သူ အမြောက်အမြားပင်။ ကမ္ဘာပေါ်တွင် . . .**

ယနေ့လူငယ်များသည် အနာဂတ်ရည်ရွယ်ချက်ကို မပျောက်ပျက်စေဘဲ ရှေ့သို့ရှေ့သို့ဟု ရည်ရွယ်ချက်ကြီးကြီးဖြင့် ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ယနေ့လူငယ်သည် အနာဂတ်လူကြီးဖြစ်လာမည်ဖြစ်သည်။

အသက်အရွယ်နှင့် ခန္ဓာကိုယ်သာ ရှေ့သို့ဟုမမျှော်လင့်ဘဲ အသက်ကြီးလေလေ အသိပညာ အတတ်ပညာ ဗဟုသုတ တိုးပွားလေလေဖြစ်ရန် လိုအပ်ပေသည်။ ပညာရေးစနစ်သာ ရှေ့သို့ဟု သတ်မှတ်သော်လည်း မျိုးဆက်သစ်များ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် ပညာတို့သည် နောက်သို့ မရည်ရွယ်သင့်ပေ လှေတစ်စီးကို လှော်ခတ်သည့်အတိုင်း ညီညာစွာလှော်ခတ်၍ ရှေ့သို့ဟုရည်ရွယ်မှသာလျှင် မိမိလိုရာပန်းတိုင် ကို အလွယ်တကူချောမွေ့စွာရောက်ရှိပေသည်။

ပညာကိုခပ်ယူ၍လည်း မကုန်ခန်းနိုင်သော သမုဒ္ဒရာပြင်ကျယ်ပမာ လိုသလိုခပ်နိုင်၍ မိမိလိုအပ်သော ရှေ့သို့ဟူသော ပန်းတိုင်ရောက်ရန် အထူးလိုအပ်ပေသည်။ သို့သော် မူးယစ်ဆေးသုံးစွဲသူကို ရှေ့သို့ဟုမဆိုလိုပေ။ အသိပညာ အတတ်ပညာဖြင့် ကောင်းသောလမ်းကို စက္ကန့်ရွေ့လျားသည်နှင့်အမျှ ရှေ့သို့လျှောက်လှမ်းသင့်ပေသည်။ ခရီးဝေးသည်ဖြစ်စေ ခရီးနီးသည်ဖြစ်စေ ပထမခြေလှမ်းသည် အတူတူပင်ဖြစ်ပေသည်။

ရှေ့သို့ဟုရည်ရွယ်ကာ ပညာကိုအပတ်တကုတ်ကြိုးစား၍အောင်မြင်သော လူသာသေ နာမည်ကျန်ရစ်သူ အမြောက်အမြားပင်။ ကမ္ဘာပေါ်တွင် ရူပဗေဒပညာရှင်ကြီး သောမက်စ်အက်ဒီဆင်နှင့်ဒေါက်တာအဲလ်ဘတ်အိုင်စတိုင်းတို့သည် ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ မမေ့နိုင်သော သိပ္ပံပညာရှင်ကြီးများ ဖြစ်ကြသည်။ လူသားအားလုံးသည်ရှေ့သို့ဟု ရည်ရွယ်သော်လည်း တကယ့်လက်တွေ့တွင် ရှေ့သို့ဟူ၍ မရှိကြပေ။ ထို့ကြောင့် အောင်မြင်မှုကို ပါးစပ်ဖျားတွင်သာ ရာနှုန်းပြည့်ရှိပေသည်။ လက်တွေ့တွင် အောင်မြင်မှုကိုရယူရန် အထူးလိုအပ်ပေသည်။ ပညာမဲ့သူတို့သည် ဥစ္စာကိုသာရှေ့သို့ဟူ၍ဆင်ကန်းတောတိုး လုပ်ကိုင်ကြသည်။ 'ထဲမှမဝင်၊ ပြင်မှာမရောက်၊ တောမှာမျောက်သို့၊ ခြေထောက်လက်စုံ၊ ရှိပါတုံလျက်၊ အထဲလဲမဝင်၊ အပြင်လည်းမရောက်၊ စိတ်နောက်စရာပင်' ကောင်းလှပါသည်။

မိမိရည်ရွယ်ထားသော အနာဂတ်တွင်အသိပညာနှင့် အတတ်ပညာတို့ ပြည့်စုံသော အတတ်ပညာရှင်များနှင့် အသိပညာရှင်များဖြစ်၍ မိမိလှမ်းနေသော ခြေလှမ်းအားလုံး၏ အကျိုးခံစားခွင့်ကို ကောင်းစွာရရှိပေမည်။

လူတိုင်းလူတိုင်း ရှေ့သို့ဟူသော ခြေလှမ်းတိုင်းတွင် ပညာဖြင့်လှမ်းသော ခရီးသည်ဖြောင့်ဖြူးပေမည်။

အခက်အခဲမရှိသောအခါ အောင်မြင်မှုဟူသော ကောင်းကျိုးဖြင့် မိမိလိုရာခရီးကို ပညာဖြင့် ပုံဖော်၍ လျှောက်နေသော အနာဂတ်အတတ်ပညာနှင့် အသိပညာ ပြည့်စုံသော လူတော်လူကောင်းများဖြစ်ပြီး တိုင်းပြည်ကို ပညာဖြင့် တန်ဆာဆင်နိုင်ရန် ရှေ့သို့သွားပါဟု အစဉ်ဂါရဝပြုလျက် တိုက်တွန်းလိုက်ပါသည်။

မြင်းခြံတွင်ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးအစည်းအဝေးကျင်းပ

မြင်းခြံ၊ ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမတွင် ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်နှင့် ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကေသီဝင်းမောင်တို့က အမှာစကားများ အသီးသီးပြောကြားသည်။

ထို့နောက် ခုခံကျ/ ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာ ခင်သန်းဌေးက ရာနှုန်းပြည့်ကွန်ဒုံးအသုံးပြုရေး စီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာကျော်စံဝင်းမှ TB,HIV ကော်မတီနှင့် ပတ်သက်၍ ရှင်းလင်းခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကေသီဝင်းမောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် NGO အဖွဲ့များမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆွေးနွေး

မောက်မယ်၊ ဇူလိုင် ၁၂

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့ပြီး လူမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အစွမ်းကုန်ကူညီဆောင်ရွက်ပေးလျက်ရှိရာ မောက်မယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆွေးနွေးညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီခွဲက မောက်မယ်မြို့နယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် လုပ်ငန်းများ စတင်ဆွေးနွေးရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစိုးထိုက်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးတို့သည် မြို့နယ်အတွင်းရှိ လမ်းနှင့်တံတားများ၊ ရေရရှိရေး၊ မီးလင်းရေး ဖွံ့ဖြိုးရေးလုပ်ငန်းများအား မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိ-မရှိ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ထို့ပြင် မေ ၂၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့်ဈေးတန်းရပ်ကွက်တွင် အိမ်ခေါင်မိုးလန်သွားသော ဒေါ်နန်းခမ်း၏အိမ်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သုံးသောင်း ပေးအပ်ခဲ့သည်။

စိုင်းမျိုးသန့်(ပြန်/ဆက်)

မြတ်ပါရမီနှင့် ဘဝအလင်း ပရဟိတအသင်းတို့ပူးပေါင်း၍ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

မန္တလေး၊ ဇူလိုင် ၁၂

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရတနာပုံတက္ကသိုလ်အနီးရှိ ကျောက်တော်ကြီးဘုရားတွင် မြတ်ပါရမီ သွေးလှူရှင်အသင်းနှင့် ဘဝအလင်း ပရဟိတအသင်းတို့ ကြီးမှူး၍ ရတနာပုံတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

"ရတနာပုံတက္ကသိုလ်က စုပေါင်းသွေးလှူဒါန်းခြင်းဆိုပေမယ့် ရတနာပုံတက္ကသိုလ်သာမက တောမတက္ကသိုလ်၊ စစ်ကိုင်းနည်းပညာတက္ကသိုလ်တို့က ကျောင်းသား၊ ကျောင်းသူတွေ လာရောက်လှူဒါန်းတာပါ။ သွေးလှူဒါန်းတာက အရွယ်ရှိတုန်း လှူဒါန်းနိုင်တာဖြစ်ပါတယ်။ ကိုယ်ပိုင်ဒါနဖြစ်တယ်။ လူ့ဘဝမှာ အသက်ကယ်ခြင်းတစ်မျိုးပါပဲ။ ဒီလို လူငယ်တွေ လှူဒါန်းခြင်းက လူမှုဝန်ထမ်းစိတ်တိုးပွားမယ် စာရိတ္တကောင်းလာမယ်" ဟု မြတ်ပါရမီသွေးလှူရှင်အသင်းမှ အရှင်ဇဝနက မိန့်ခဲ့သည်။

"သွေးသည်အသက်ဆိုသည့်အတွက် သွေးလိုအပ်တဲ့ လူတွေကို ကယ်တင်နိုင်တဲ့အတွက် အလွန်မွန်မြတ်ပါတယ်။ ဘဝအလင်း ပရဟိတအသင်းက ကျန်းမာရေးစောင့်ရှောက်မှုပေးတာ၊ ပညာရေးထောက်ပံ့မှု၊ သဘာဝဘေးအန္တရာယ် ဖြစ်တဲ့နေရာတွေကို သွားရောက်ကူညီပေးတာ၊ ဘီပိုးကာကွယ်ဆေးထိုးပေးတာတွေကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ ဦးဇင်းတို့က ဘီပိုးကာကွယ်ဆေးထိုးပေးဖို့ လာပြောရင် လိုက်လံလုပ်ဆောင်ပေးပါတယ်"ဟု ဘဝအလင်း ပရဟိတအသင်းမှ ဘဝအလင်းဆရာတော်က မိန့်သည်။

သွေးလှူဒါန်းပွဲကို အလှူရှင် ဦးဇော်မင်းခိုင်နှင့်ဇနီး ဒေါ်သက်ထားဦးတို့က ကူညီပံ့ပိုးပေးထားပြီး သွေးအိတ် ၂၀၂ အိတ် ရရှိ၍ ဗဟိုအမျိုးသားသွေးလှူဘဏ်သို့ ပေးအပ်ခဲ့ပြီး ဒီဇင်ဘာလအတွင်းတွင် တက္ကသိုလ်ပေါင်းစုံသွေးလှူဒါန်းပွဲ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

အရန်သားဖွားဆရာမသင်တန်း ဖွင့်ပွဲကျင်းပ

နွားထိုးကြီး၊ ဇူလိုင် ၁၂

နွားထိုးကြီးမြို့၊ ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ အရန်သားဖွားဆရာမသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးအေးသန်းက အရန်သားဖွားသင်တန်း ဖွင့်လှစ်ရခြင်းမှာ လက်ရှိသားဖွားဆရာမ မရှိသော ကျေးရွာများမှ သင်တန်းသူများအား စာတွေ့လက်တွေ့ကျွမ်းကျင်စွာ ကလေးမွေးနိုင်ရေးအထိ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလကို ခြောက်လကြာ ပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းစည်းကမ်းများအကြောင်းပြောကြားခဲ့သည်။ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းက အရန်သားဖွားဆရာမများအတွက် ဝတ်စုံများပေးအပ်လှူဒါန်းခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန်းအောင်ဇော်(နွားထိုးကြီး)

နွားထိုးကြီးတွင် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်

နွားထိုးကြီး၊ ဇူလိုင် ၁၂

နွားထိုးကြီးမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိခြင်း၊ နံရံကပ်စာပေရေချမ်းစင်များ ချိတ်ဆွဲထားရှိခြင်းဖြင့် ပြည်သူများ စာဖတ်သည့်အလေ့အထ တိုးမြင့်လာစေရန် နယ်လှည့်စာကြည့်တိုက်နှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၇ ရက် နံနက်ပိုင်းက ထနောင်းပင်တဲကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

စာပေကို လေ့လာဖတ်ရှုခြင်းဖြင့် အသိပညာတိုးပွားစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက် ဆံရေးဦးစီးဌာနမှ သုသ၊ ရသစာအုပ်စာစောင် ၂၀၀ ကျော်ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **သန်းအောင်ဇော်(နွားထိုးကြီး)**

တောင်သူတွေအကျိုးများစေဖို့ ပဲစင်းငုံငါးမျိုး ယှဉ်ပြိုင်စိုက်ပျိုးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးပြော

ရေစကြို၊ ဇူလိုင် ၁၂

နေပြည်တော် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ACIAR Project အစီအစဉ်အရ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်အတွင်း နေရာ ၁၀ နေရာ ရွေးချယ်သတ်မှတ်၍ တစ်နေရာလျှင် တစ်ဧကနှုန်းဖြင့် ပဲစင်းငုံ ၅ မျိုးကို ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာ ကျေးလက်ဒေသ စိုက်ပျိုးရေးထုတ်ကုန်များ အထွက်တိုးရန်နှင့် ထိုက်သင့်မျှတသော ဈေးကွက်ရရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်ပြီး ထိုလိုအပ်ချက်အတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပံ့ပိုးပေးခြင်း၊ အရင်းအနှီးများထုတ်ချေးခြင်းတို့ကို မဖြစ်မနေ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

"ကျွန်တော်တို့ဒေသက အပူပိုင်းမိုးနည်းဒေသဖြစ်ပါတယ်။ ဒေသရဲ့ ရာသီဥတု၊ ရေမြေသဘာဝအရ ယာယီသီးနှံစိုက်ပျိုးတဲ့ မြေကပိုများပြီး ယာယီသီးနှံစိုက်ပျိုးမှုက လယ်ထက်ပိုများပါတယ်။ စပါးဆိုတာက စိုက်ပျိုးရေးသေချာမှ စိုက်လို့ရတာဖြစ်ပါတယ်။ နေရာတိုင်းမှာ စပါးစိုက်လို့မရပါဘူး။ ပဲစင်းငုံကတော့ ရေငတ်ဒဏ်ခံတယ်၊ အပူဒဏ်ခံတဲ့အပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသရဲ့ ရာသီဥတု၊ ရေမြေသဘာဝနဲ့က အကိုက်ညီဆုံးသီးနှံလည်း ဖြစ်ပါတယ်။ မြို့နယ်တွင်းစိုက်ဧက ၇၀၀၀ ကျော်ရှိပြီး ဒေသအနှံ့ စိုက်ပျိုးကြပါတယ်။ လက်ရှိစိုက်ပျိုးနေတဲ့ ပဲစင်းငုံမျိုးက ဒေသမျိုးဖြစ်ပါတယ်။ အထွက်နှုန်းတစ်ဧကမှာ ၁၀ တင်း၊ ၁၅ တင်းပဲ အများဆုံးထွက်ပါတယ်။ အခုမျိုးယှဉ်ပြိုင်စိုက်ပျိုးတဲ့ ရေဆင်း ၇၊ ရေဆင်း ၉၊ ညောင်ဦး ရွှေဒင်္ဂါးမျိုးတွေက တစ်ဧကမှာ တင်း ၂၀ ကနေ ၂၅ တင်းအထိ ထွက်ရှိတယ်လို့ သိရပါတယ်။ ပြီးတော့ ဒေသမျိုးက သက်ကြီးမျိုးလည်း ဖြစ်တယ်။ ကျွန်တော်တို့ဒေသက တောင်သူတွေအနေနဲ့ တစ်နှစ်တစ်ရာသီ စိုက်ပျိုးရတာလည်းအတူတူ အရင်းအနှီးကလည်း အတူတူရင်းပြီး စိုက်ပျိုးကြတဲ့အခါ အထွက်တိုးရင်တိုးသလို အကျိုးခံစားခွင့်ပိုမိုရရှိစေလိုတဲ့ ရည်ရွယ်ချက်နဲ့ တစ်မြို့နယ်လုံးမှာရှိကြတဲ့ ပဲစင်းငုံစိုက်တောင်သူတွေကို အထွက်တိုးတဲ့ ပဲစင်းငုံမျိုးကောင်းမျိုးသန့်တွေ ဖြန့်ဖြူးပေးနိုင်ဖို့ ACIAR Project အစီအစဉ်အရ ယခုလို မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်တွေကိုလက်တွဲ စိုက်ပျိုးပြသတာဖြစ်တယ်။ မုံညင်းကျေးရွာ တောင်သူဦးဝင်းရွှေရဲ့မြေတစ်ဧကမှာရေဆင်း ၇၊ ရေဆင်း ၉၊ ညောင်ဦး ရွှေဒင်္ဂါး၊ မုံရွာရွှေဒင်္ဂါးနဲ့ ဒေသမျိုးကို ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးနေတာဖြစ်ပါတယ်။ မြို့နယ်အတွင်းကပဲစင်းငုံစိုက် တောင်သူတွေ နှံ့နှံ့စပ်စပ် ကျယ်ကျယ်ပြန့်ပြန့်လေ့လာ ကြည့်ရှုသိရှိနိုင်စေဖို့အတွက် မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ၁၀ ကွက်ကိုနေရာအနှံ့မှာ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟုမြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိန်မောင်ကပြောသည်။

တောင်သူဦးကြီးများစိုက်ပျိုး ထုတ်လုပ်ကြသောစိုက်ပျိုးရေးသီးနှံ များ အထွက်နှုန်းတိုး၍ ဈေးကောင်းများရရှိ စေရန်အတွက် အထွက်နှုန်းတိုးသည့် မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများကို ရယူစိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှသိရသည်။

ဖေထွဏ်းဇော်(ရေစကြို)



ထွက်ငွေယိုဖိတ်မှုကို သက်သာစေသည့် အသေးစား ပြောင်းဖူးစေ့ခြွေစက်ကိုရိယာ သရုပ်ပြသ

ရေစကြို၊ ဇူလိုင် ၁၂

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင် CP အစေ့ထုတ်ပြောင်းကို တစ်နှစ်ထက်တစ်နှစ် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ရေစကြိုမြို့နယ်တွင် CP အစေ့ထုတ်ပြောင်း စိုက်ပျိုးထုတ်လုပ်မှုမှာ ဧက ၈၀၀၀ ကျော်ရှိလာကာ CP အစေ့ထုတ်ပြောင်း စိုက်ပျိုးမှု များလာသည်နှင့်အမျှ ပြောင်းစေ့ခြွေစက် ထောင်ထားသူများလည်း တစ်ခင်းပြီးတစ်ခင်း တစ်ရွာပြီးတစ်ရွာ လုပ်ကိုင်နေရသဖြင့် ခြွေစက်ထောင်သူများ ဝင်ငွေကောင်းလျက်ရှိနေကြောင်း ယင်းလုပ်ငန်းလုပ်ကိုင်သူများက ပြောသည်။

"အစေ့ထုတ်ပြောင်းစိုက်ရတာက လွယ်တယ်ဗျ။ ရေရရင် တစ်နှစ်ပတ်လုံးစိုက်လို့ရတယ်။ အခြားသီးနှံတွေလို ကရိကထမများဘူး။ လွန်ခဲ့တဲ့သုံးနှစ်လောက်ကစပြီး ဈေးကောင်းရသီးနှံဖြစ်တဲ့အတွက် တစ်နှစ်တစ်နှစ် စိုက်ပျိုးသူတွေများလာပါတယ်။ ဈေးနှုန်းကလည်း ခုထိမာနေသေးတယ်။ အမြင့်ဆုံးဈေးကတော့ ၁၈ ပိဿာကို ၈၀၀၀ ကျော်၊ အနိမ့်ဆုံးဈေးကတော့ ကျပ် ၆၀၀၀ အောက်မဆင်းသရွေ့ စိုက်ပျိုး ထုတ်လုပ်သူတွေဘက်က အလေးသာနေဆဲပါပဲ" ဟု ကျောမကြားရွာမှ တစ်နှစ်ပတ်လုံး CP အစေ့ထုတ်ပြောင်းစိုက်ပျိုးသူ ဦးရွှေမောင်ကပြောသည်။

CP ပြောင်းဖူးကို အစေ့ခြွေပြီးမှ ရောင်းချရသော သီးနှံဖြစ်သည့်အတွက် ခြွေစက်ကိုငှားရမ်းခြွေကြရပြီး ခြွေခမှာ တစ်တင်း လျှင် ၂၀၀ မှ ၃၀၀ ထိ ပေး၍ ခြွေကြရကာ အဆိုပါ ခြွေစရိတ်ကုန်ကျမှု၊ ထွက်ငွေယိုဖိတ်မှုသက်သာစေရန် မိသားစုသုံး အသေးစားလက်လှည့်ပြောင်းဖူးခြွေကိရိယာ သရုပ်ပြပွဲကို ရွှေချောင်းကျေးရွာ တောင်သူဦးဝင်းမြင့်၏ ပြောင်းစိုက်ခင်းအနီး သစ်ပင်ရိပ်တွင် ပြုလုပ်ခဲ့သည်။

အသေးစားပြောင်းဖူးခြွေစက်ဖြင့် စိုက်ပျိုးသူ တောင်သူများအား လက်တွေ့သရုပ်ပြသနေစဉ်။

အဆိုပါသ ရုပ်ပြပွဲကို မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိန်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်နှင့်ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်လေ့လာကြသည်။

ထိုကိရိယာများမှာ သေးငယ်ပေါ့ပါးပြီး တည်ဆောက်ထားပုံမှာလည်း ရိုးရှင်းလွယ်ကူကာ ထိုကိရိယာနှင့်ပတ်သက်၍ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက "ကျွန်တော်တို့ဝန်ထမ်းဆိုတာ တစ်မြို့ ပြီးတစ်မြို့ တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရတာဖြစ်ပါတယ်။

"မိမိရောက်ရှိရာမြို့တွေမှာ မိမိဌာနရဲ့ တာဝန်တွေကို လုပ်ကြရသလို အခြားဒေသများရဲ့စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုး တက်ဖို့ကိုလည်း တတ်နိုင်သမျှ ဆောင်ရွက်ရပါတယ်။

"ရှမ်းပြည်နယ် တောင်ပိုင်းမှာ တာဝန်ကျစဉ်က ပအိုဝ်းမိသားစုတွေ တစ်ပိုင်တစ်နိုင် ပြောင်းဖူးခြွေနေတာတွေတော့ သဘောလည်းကျ စိတ်လည်းဝင်စားတာနဲ့ နမူနာတစ်ခု လုပ်ယူခဲ့ပါတယ်။ ကျွန်တော်တာဝန်ကျရာဒေသတွေမှာ တောင်သူတွေကို သရုပ်ပြပြီး စိတ်ဝင်စားသူတွေ လုပ်နိုင်အောင်ဖြစ်ပါတယ်။

"ဒီကိရိယာက အမြင်ရိုးရှင်းပါတယ်။ ဒီကိရိယာမျိုးလုပ်ရင်လည်း ကျပ် ၁၀၀၀၀ ကျော်လောက်ပဲ ကုန်ကျပါတယ်။ အခုလို တောင်သူတွေကို သရုပ်ပြရတဲ့ရည်ရွယ် ချက်ကတော့ မိသားစု အားလပ်တဲ့အချိန်မှာ ကလေးလူကြီး ဘယ်သူမဆို သက်သက်သာသာနဲ့ လုပ်လို့ရတယ်။ ညအချိန် လသာသာမှာ ဝိုင်းဖွဲ့စကားပြောရင်း ခြွေနိုင်တယ်။ နေ့ဘက်မှာလည်း ဖွတ်ရင်းလျှော်ရင်း ချက်ပြုတ်ရင်းလုပ်နိုင်တဲ့ ကိရိယာ ဖြစ်ပါတယ်။

"စက်နဲ့ခြွေရင် တစ်တင်းကို ကျပ် ၂၀၀၊ ၃၀၀ နှုန်းပေးရတယ်။ ဒီကိရိယာနဲ့ မိသားစုဂရုစိုက်ခြွေရင် ၁၀ တင်း၊ ၁၅ တင်း ပြီးနိုင်ပါတယ်။ တစ်နေ့ ကျပ် ၂၀၀၀ ကျော်ကျော် သူများကိုမပေးရရင် မိသားစုအတွက် ဝင်ငွေယိုဖိတ်မှုကို အထောက်အကူ ဖြစ်စေမှာပါ။ ဒါကြောင့် ဒီရေစကြိုမြို့နယ်က CP ပြောင်းစိုက်သူတွေလည်း ပေါများတော့ မိသားစုအားလပ်ချိန်မှာ အကျိုးရှိရှိ အသုံးချပြီး ငွေယိုပေါက် တစ်ပေါက်ပိတ်နိုင်ရင် အခြားတစ်ဖက်မှာ အကျိုးရစေဖို့ ဒီခရီးစဉ်မှာ အခုလို ပြတာပါ" ဟု ပြောသည်။

အဆိုပါ အသေးစား မိသားစုသုံး ပြောင်းဖူးခြွေကိရိယာမှာ ကုန်ကျစရိတ်လည်း မများသည့် အပြင် အလွယ်တကူပင် သစ်တိုအစနှင့်လည်း လုပ်ကိုင်၍ရနိုင်ခြင်းကြောင့် မိသားစု၏ ငွေယိုဖိတ်မှုကိုလည်း အထောက်အကူပြု အသုံးလည်းဝင်သည့် ကိရိယာဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း အ-ထ-က(၁) ပညာရေးမိသားစု ဝါဆိုအလှူစုပေါင်းလှူဒါန်း

ကျောက်ပန်းတောင်း၊ ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပညာရေးမိသားစု၏ အကြိမ်(၃၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျောင်း စကားဝါခန်းမတွင် ကျင်းပခဲ့သည်။

အောင်တော်မူစာသင်တိုက် ပဓာန နာယကဆရာတော် ဦးကုမာရ အမှူးပြုသော ပင့်သံဃာတော် ၁၅ ပါး ကြွရောက်တော်မူရာ အ-ထ-က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူလေးများက ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် အန္တရာယ်ကင်း ပရိတ်တရားတော်များနှင့် ဆရာတော်ဦးကုမာရ ဟောကြားချီးမြှင့်သည့် အနုမောဒနာ တရားတော်များကို နာယူကြပြီး ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းများ ပေးဝေကြသည်။

ကျောက်ပန်းတောင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အနေဖြင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူလေးများ၏ စုပေါင်းထည့်ဝင်လှူဒါန်းငွေဖြင့် ဝါဆိုဦးကာလ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းများကို ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုနှစ်သည် အကြိမ် (၃၀) မြောက်ဖြစ်ကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ အတွက် Sky Net ရုပ်သံဖမ်းစက်များလှူဒါန်း

ပုလဲ၊ ဇူလိုင် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကျေးလက်နေပြည်သူများ သတင်းအချက်နှင့် နည်းပညာဗဟုသုတများ ရရှိခြင်းမှသည် ကျေးလက်လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးကို ရည်ရွယ်၍ ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ နွယ်အင်းကျေးရွာ၊ ကျောက်ဖျာကန်ကျေးရွာ၊ နှောကန်ကျေးရွာ၊ အိုင်းမကျေးရွာ၊ ဆင်ရှင်ကျေးရွာ၊ အလယ်ဘုံကျေးရွာနှင့် ရွာသစ်ကျေးရွာများရှိ ကျေးရွာစာကြည့်တိုက်များတွင် တပ်ဆင်ရန် Sky Net ရုပ်သံဖမ်းစက်ခုနစ်လုံးကို ဇူလိုင် ၆ ရက်တွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှတစ်ဆင့် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ Sky Net ရုပ်သံဖမ်းစက်များ လှူဒါန်းပေးမှုအပေါ် ပုလဲမြို့နယ်၊ နွယ်အင်းကျေးရွာ၊ 'ဦးစိုးပြိုင်' စာကြည့်တိုက်ကော်မတီနာယက ဦးမြို့မောင်ကအချိန်နှင့်တစ်ပြေးညီ အပြိုင်တိုးတတ်နေသည့် ယခုလိုခေတ်ကြီးတွင် သတင်းအချက်အလက်များကြည့်မြင်ရမည်ဖြစ်ကြောင်း ပြောသည်။

"ကျွန်တော်တို့ကျေးလက်နေပြည်သူတွေကို အားလပ်ချိန်တွေမှာ စာဖတ်ရုံသာမက သတင်းအချက်နဲ့ နည်းပညာ ဗဟုသုတများရရှိအောင် စေတနာထားပြီး လူမျိုးမရွေးဘာသာမရွေး အဆင့်အတန်းမခွဲခြားဘဲ ဝင်ထွက်သွားလာနေတဲ့ ကျေးလက်ပြည်သူ့စာကြည့်တိုက်မှာ လိုင်း ၈၀ ကျော်ပါရှိပြီး တစ်နှစ်သက်တမ်းရှိတဲ့ Sky Net ရုပ်သံဖမ်းစက်ကိုလှူဒါန်းပေးတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ကျေးဇူးတင်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

မြင့်သိန်းစိုး(ပြန်/ဆက်)

မွေးသက္ကရာဇ်မှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားတက္ကသိုလ်၊ မဟာသိပ္ပံ(ပနှစ်) ရူပဗေဒမှ မချောစုထွေး[၁/မကန(နိုင်)၁၇၁၉၃၇]၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၃-၁၉၉၁ ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးသံခဲ (NGN-207083)ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ကြောင်း

ဦးဂျူးဒီယာ၏သမီး၊ ဒီမောဆိုမြို့နယ်၊ ပဒန်းမကျေးရွာမှ မနော်ချယ်ရီ[၂/ဒမဆ(နိုင်)၀၅၃၀၅၂]နှင့် မနော်ချယ်ရီဂျူးတို့မှာ တစ်ဦးတည်းဖြစ်ပါသည်။

ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(၂)၊ န၀မတန်း(B)မှ မနန်းသဲရွှေဇင်၏ဖခင် အမည်မှန်မှာ ဦးအေးလွင် ဖြစ်ပါသည်။

မြေကွက်ဝယ်လိုသည်

09 250644566

09 255781353

CRANE

ဒဂုံမြို့သစ်

အရှေ့ပိုင်း

တောင်ပိုင်း

ဆိပ်ကမ်း

09 - 73005053

09 - 5122010

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၄/၂၀၁၆)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-Caustic Soda,Fluorescent Indicator

(ခ) စက်နှင့် စက်အရန်ပစ္စည်းများ-Teflon,Compressor and Pump with Motor, Combustible Gas Detector and O2N2 Detector, Monitor, Printer, Scanner,Fax, Copier, Duplicator, 8Port Switch,Computer Table&Chair, Projector, Recycle M/C For Waste Polypropylene PP Pallet & CursherM/C For WPP,Control Valve, Mixer, Flexible Hose Pipe

(ဂ) ကုန်ကြမ်းပစ္စည်းများ-ပလတ်စတစ်အိတ်၊ မီးဇာချည်

(ဃ) စက်ဆီ၊ ချောဆီများ-Lube Oil(TOL,HOM,IGO-72,SDO-30, PGO-90,EP,PTO-32,PMO-30,ISO-68,ISO-46

နိုင်ငံခြားငွေဖြင့်ဝယ်ယူခြင်း

(က) ဓာတုဗေဒပစ္စည်းများ-LTS Catalysts,Merox Catalyst,Resins

(ခ) စက်နှင့်စက်အရန်ပစ္စည်းများ-Lab-Apparatus,Induced Fan For Dryer Complete Set(K-2202)with Motor,MP Steam Superheater Tube Bundles,4MW GTG For LPG (Nyaung Done), PLCwith Cabinet Display Panel For Feed Gas Compressor,Spare Part For NH_3,Feed Pump& Mechanical Seals, Temperature Element,Pressure Gauge& Air Regulator & Flow Meter & Valve& Diaphragm Disc Pack,Level Transmitter,Flow Transmitter& Pressure Transmitter,Molten Urea Pump(P-3202)with Motor& Diaphragm for Urea Plant,Spare Parts for Carbamate Feed Pump(P-31O2A/B),Spare Parts for Ammonia Feed Pump(P-3102A/B),Filter Element of Oil Filter for(P-31O2,P-3101),Spare Parts for River Water Pump(P-5001A/B)and Pressure Rclief Valve(Safety Valve)for 5th Stage Outlet of CO2 Compressor,REF 542Plus (HMI Unit)with control program installor and BDM,Control Valve(HV-3301),Intellisys Controller,SMC Filter, Regulator and Pressure Regulator,Relay and Solenoid, Level Transmitter(PT-3202,LT-3404,LT-3505,LT5413, LT-5420),Pressure Transmitter(PT-4012)and Temperaure Gauge,Sight Glass & Shut off Valve and Piston Ring & Piston Rider Ring

၂။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၁၅-၇-၂၀၁၆ ရက်
တင်ဒါပိတ်မည့်ရက်/အချိန်-၁၄-၈-၂၀၁၆(၁၂:၀၀)နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်
Ph.067-411123, 067-411193

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှ ၂၇ ရက်အထိ (၇)ရက်အဓိဋ္ဌာန် တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည်ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးမုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဇူလိုင်လ (၁၉) ရက် (စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် အရိယာလိုဏ်ဂူ ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉-၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ရုံးသုံးမော်တော်သည် (၅)မျိုးနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း(၅)မျိုးတို့အား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) အမျိုးအစား - ရုံးသုံးမော်တော်ယာဉ် (၅)မျိုးနှင့် ရုံးသုံးစက်ကိရိယာပစ္စည်း(၅)မျိုး

(ခ) တင်ဒါပုံစံရောင်းချမည့်ရက်/- ၁၄-၇-၂၀၁၆ ရက်မှ ၂၅-၇-၂၀၁၆ရက်ထိ
အချိန် - ရုံးချိန်အတွင်းသာ

(ဂ) တင်ဒါပုံစံရောင်းချမည့်နေရာ- စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ရုံးအမှတ်-၃)၊ ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်။

(ဃ) တင်ဒါတင်သွင်း - ၃၀-၇-၂၀၁၆ ရက် ၁၃:၀၀ နာရီ
ဖွင့်ဖောက်မည့်အချိန်/နေရာ - ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူ
- ရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

(င) Deposit ပေးသွင်းရမည့်နေရာ - ဌာနမှသတ်မှတ်ထားသော အာမခံစပေါ်ငွေကို ကူးသန်း/ဦးစီး(ရုံးချုပ်) ငွေစာရင်းဌာနခွဲတွင် ပေးသွင်းရမည်။

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် တင်ဒါစိစစ်ရေးကော်မတီ၏ ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးအတွင်း ထည့်သွင်းယှဉ်ပြိုင်ရမည်ဖြစ်ပါသည်။

၃။ အဆိုပါကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝယ်ယူမည့် ရုံးသုံးမော်တော်ယာဉ်(၅)မျိုး၏ အသေးစိတ် အချက်အလက်များကိုတင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်-၀၆၇-၄၀၈၁၇၁ သို့ ဖြစ်စေဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

● သင့်သွေးဖြင့်အသက်ကယ်ပါ ●

မန္တလေးအသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၂၀-၇-၂၀၁၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အမှတ်(၆၂၈/၆၃၂) ပထမထပ် ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ အသင်းတိုက်ခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ၊ အသင်းသားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသော အသင်းသူ၊ အသင်းသားများ၊ အလှူရှင်များ အတွင်းရေးမှူး၊ ဖုန်း-၀၉-၅၁၉၂၉၈၀၊ တွဲဖက်အတွင်းရေးမှူး(၂) ဖုန်း-၀၉-၇၃၃၃၁၃၈၈ နှင့် အသင်းရုံး ဖုန်း-၃၈၈၆၀၃၊ ၃၇၅၅၉၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း(ရန်ကုန်)

ငွေရတု မင်္ဂလာတောင်းဆုမွန်

ချစ်ခင်လေးစားရပါသော ဗိုလ်မှူးကြီး မောင်မောင်မြင့်နှင့် ဒေါ်ခင်ဆွေဝင်းတို့၏ (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သား၊ သမီးတို့နှင့်အတူ ချမ်းမြေ့ပျော်ရွှင်သာယာသောဘဝကို ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်---

ကျော်ဇေယျ-ပိုးပိုး
နေမျိုးထိုက်-ခိုင်ဆု

ငွေရတု မင်္ဂလာဆုမွန်လွှာ

သားနှင့်သမီးတို့၏ ချစ်ခင်မြတ်နိုးတန်ဖိုးထား၍ မြင့်မိုရ်တောင်ဦး မကကျူးသည့် ကျေးဇူးကြီးမားလှသော ဖေကြီးနှင့် မေကြီးတို့၏ ငွေရတုမင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ခိုင်မြဲသော တွဲလက်တို့ဖြင့် ဘဝလမ်းကို ချမ်းမြေ့ပျော်ရွှင်စွာ အတူတကွ လျှောက်လှမ်းနိုင်ကြပါစေ--

သား-ဝေဖြိုး၊
သမီး-ကစ်ကစ်



နည်းပညာကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့

အခြေခံပညာကျောင်းအသီးသီးမှ စတုတ္ထတန်း၊ အဋ္ဌမတန်းနှင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်လက် မတက်ရောက်နိုင်သော ကလေးများနှင့်လူငယ်များ၊ မြန်မာစာရေးတတ်၊ ဖတ်တတ်အဆင့်ရှိ ကလေးများနှင့် လူငယ်များအနေဖြင့် အစိုးရဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်သောနည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးပညာသင်တန်းများကို တက်ရောက်သင်ယူနိုင်သည့် အခွင့်အလမ်းများရှိပါသည်။ အချို့သောဝန်ကြီးဌာနများတွင် Mobile Vocational Training Unit များလည်းဖွဲ့စည်းထားရှိပါသည်။

Mobile Vocational Training Unit များသည် ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ သင်ကြားပေးစေလိုသည့် ဘာသာရပ်၊ သင်တန်းအမျိုးအစားဖြင့် သက်ဆိုင်ရာမြို့နယ်မှ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှတစ်ဆင့် တောင်းဆိုပါက အနည်းဆုံးသင်ယူလိုသူ ၃၀ဦးထက်မနည်း စုစည်းပေးနိုင်မည်ဆိုလျှင် သက်ဆိုင်ရာဌာနမှ အဆိုပါ Mobile Vocational Training Unit အဖွဲ့များစေလွှတ်၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အစိုးရဝန်ကြီးဌာနအသီးသီးအနက်မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ယှဉ်တွဲပါဇယားအရ အမည်ဖော်ပြထားသော သင်တန်းများကိုဖွင့်လှစ်လျက်ရှိရာ တက်ရောက်သင်ကြားလိုသူများအနေဖြင့် သက်ဆိုင်ရာသင်တန်းကျောင်း(သို့မဟုတ်)အောက်ဖော်ပြပါဝန်ကြီးဌာန ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အထူးလုပ်ငန်းအဖွဲ့ ဖုန်း-၀၁-၅၅၅၈၂၄၊ ၀၁-၅၄၂၈၇၃
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၅၀၅၊ ၀၆၇-၄၀၄၅၀၆(နေပြည်တော်)
မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၀၄၉

နည်းပညာကျွမ်းကျင်မှုနှင့်အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ပို့ချလျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများ

စဉ်	ဝန်ကြီးဌာန	သင်တန်းကျောင်း အမည်/လိပ်စာ	ဖွင့်လှစ်နေသော သင်တန်းများ	သင်တန်း သားအရည်အချင်း	သင်တန်းကာလ	သင်တန်းကြေး (သင်တန်းအစ-ဆုံး)	စားစရိတ်	အဆောင်	သင်တန်းဆင်း လက်မှတ်အဆင့်	မှတ်ချက်
၁။	မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန	စိုက်ပျိုး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း (ကြို့ကုန်း၊ ရန်ကုန်တိုင်းဒေသကြီး) (ဖျာပုံ၊ ဧရာဝတီတိုင်းဒေသကြီး) (စစ်ကိုင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး)	၁။ ရေချို၊ ရေငန်ငါးမွေးမြူရေး အတတ်သင်တန်း ၂။ ဆေးထိုး၊ သားဖောက် သင်တန်း ၃။ ပိုက်ထိုး၊ ပိုက်ဖာသင်တန်း	၈ တန်းအောင်	၃-လ/၂-ပတ် သင်တန်းအပေါ် မူတည်	အခမဲ့	မိမိအစီအစဉ်	မိမိအစီအစဉ်	ဌာနအသိအမှတ်ပြု Certificate	လိုအပ်လျှင် Master Trainer အဖြစ် သင်ကြား ပေးသည်။

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရအမှူဝေခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယကာကြီး

ဒေါက်တာ ဦးကျော်မြင့်

(ညွှန်ကြားရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန)

အသက်(၅၈)နှစ်

(၁၃-၇-၂၀၁၀ မှ ၁၃-၇-၂၀၁၄)

ကျေးဇူးရှင် ချစ်ဖေကြီး သားတို့ သမီးတို့ မိသားစုထဲမှာ ရွှေတောင်ကြီး ပြိုကွဲခဲ့တာ ၁၃-၇-၂၀၁၄ ရက်ဆိုလျှင် (၄) နှစ် တင်းတင်းပြည့်ပါပြီ၊ ကျေးဇူးကြီးမားလှတဲ့၊ လူတိုင်းအပေါ် စေတနာ မေတ္တာအပြည့်အဝနဲ့ ကူညီတတ်တဲ့၊ ကိုယ်ကျင့်တရားကောင်းကောင်းနဲ့ စိတ်ထားဖြူစင်စွာ နေထိုင်ခဲ့တဲ့ ဖေကြီးကို အမြဲသတိရလျက်ပါ။ နောက်ဆုံး ထွက်သက်ကိုလည်း ဝိပဿနာဘာဝနာဖြင့် ဝေဒနာကို ရှုမှတ်ခဲ့တဲ့အတွက် ကောင်းရာသုဂတိကို ရောက်နေပြီဆိုတာ ယုံကြည်ပြီးဖြစ်ပါတယ်။

ယနေ့ပြုခဲ့သော ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ (၄)နှစ်ပြည့် အလှူဒါနတို့နှင့်တကွ ပြုခဲ့၊ ပြုပြီး၊ ပြုဦးမည်ဖြစ်သော ဒါန-သီလ-ဘာဝနာ ကုသိုလ်ကောင်းမှု အစုစု အားလုံးတို့ကို ဖေကြီးအား အမျှ -အမျှ- အမျှ ပေးဝေပါတယ်။ ဖေကြီး ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုနိုင်ပြီး သုဂတိဘုံဘဝမှာ ဝိပဿနာ တရားများကို ပွားများအားထုတ်ပြီး ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ အမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကျန်ရစ်သူ ချစ်ဇနီး- ဗိုလ်မှူး ဒေါ်စန်းစန်းဝင်း(ငြိမ်း)
ချစ်သားကြီး- ဒေါက်တာ ဉာဏ်ငြိမ်းချမ်းကျော် (Infectious Diseases Coordinator, CPI- Maesot, Thailand)
ချစ်သမီးငယ်- ဒေါက်တာလင်းလင်း (Sr.Hso, PSI/Myanmar)

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဦးမြတ်မော် အသက်(၇၅)နှစ်

ဂုဏ်ထူးဆောင်ပါမောက္ခ(ဥပဒေရေးရာဆေးပညာဌာန)

တပ်မတော်ဆေးတက္ကသိုလ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၃၆)နေ ဒေါ်ကြည်ကြည်စန်း၏ခင်ပွန်း ဒေါက်တာဦးမြတ်မော်သည် ၁၀-၇-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မှူးခင်းဆရာဝန်ကြီးရုံး မိသားစု၊ မန္တလေးဆေးရုံကြီးနှင့်
ဥပဒေရေးရာဆေးပညာဌာနမိသားစု
ဆေးတက္ကသိုလ်၊ မန္တလေး

(၁၀)နှစ်ပြည့်အလွမ်း

(၁၃-၇-၂၀၀၄ - ၁၃-၇-၂၀၁၄)

ဒေါက်တာရည်ရည်ခိုင်

ကျေးဇူးရှင်မကြီး

ဇူလိုင်လရဲ့မိုးရေစက်တွေနဲ့အတူ မကြီး ကွယ်ပျောက်သွားတာ (၁၀)နှစ်ပြည့်ပေမယ့် ယနေ့အထိ အောက်မေ့သတိရနေဆဲပါ။ လစဉ် (၁၃)ရက်နေ့တိုင်းပြုလုပ်နေကြ ဒါနကုသိုလ်တွေကို သာဓုခေါ်ဆိုနိုင်ပါစေ၊ ဖြစ်လေရာ ဘဝတိုင်းမှာ မကြီး သက်ရှည်ကျန်းမာပြီး သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်နိုင်ပါစေ။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာ ဦးမြတ်မော် အသက်(၇၅)နှစ်

ဂုဏ်ထူးဆောင်ပါမောက္ခ(ဥပဒေရေးရာဆေးပညာဌာန)

တပ်မတော် ဆေးတက္ကသိုလ်

ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၃၆)နေ ဒေါ်ကြည်ကြည်စန်း၏ခင်ပွန်း ဒေါက်တာဦးမြတ်မော်သည် ၁၀-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဥပဒေရေးရာ ဆေးပညာဌာန မိသားစု
တပ်မတော်ဆေးတက္ကသိုလ်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးစူကရီးပရာဆပ်

အသက်(၈၉)နှစ်

ဆရာဦးပရင်ချမ်း-မခင်သန်းမြင့် (SMH International Education and Language Centre) ၏ဖခင် ဦးစူကရီးပရာဆပ်သည် ၅-၇-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ဆရာ့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

IELTS တပည့်များ
မင်းသူရအောင်၊ အာကာကျော်၊ သန့်မောင်မောင်နိုင်၊ ဇော်နိုင်ထွန်း

အထူးကျေးဇူးတင်ရှိခြင်း

ဒေါ်အုန်းကြင်

(ပုလော)

အသက်(၈၀)

B.A, B.Ed

အထက်တန်းပြဆရာမကြီး (အထက-၂ ဒဂုံ၊ ငြိမ်း)

၆-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၈ နာရီတွင် ကွယ်လွန်ခဲ့ပြီး ၈-၇-၂၀၁၄ (အင်္ဂါနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးခဲ့သော မိခင်ကြီး ဒေါ်အုန်းကြင် နာမကျန်းစဉ် ကူညီဆောင်ရွက်ခဲ့သော ပါမောက္ခ အထူးကုဆရာဝန်ကြီးများ၊ အာရှတော်ဝင်ဆေးရုံ CCU မှ ဆရာဝန်၊ ဆရာမ ဝန်ထမ်းများအားလည်းကောင်း၊ သင်္ကန်း၊ လှူဖွယ်ပစ္စည်းများ လွမ်းသူ့ပန်းခြင်း၊ လွမ်းသူ့ပန်းခွေများ ပေးပို့ခြင်း၊ မိသားစုနှင့် ဝမ်းနည်းကြေကွဲကြောင်း သတင်းစာ၊ ဖုန်း၊ မေးလ်များ ပေးပို့ကြသော ပြည်တွင်းပြည်ပအဖွဲ့အစည်းကုမ္ပဏီ၊ ဌာနအသီးသီးမှ မိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ ပုလောမြို့နယ်အသင်း(ရန်ကုန်) အားလည်းကောင်း၊ မိခင်ကြီး နာရေးကိစ္စကို အစမှအဆုံးတိုင် ပြီးပြည့်စုံအောင် အဘက်ဘက်မှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးခဲ့ကြသော ဆွေမျိုး မိတ်သင်္ဂဟလုပ်ဖော်ကိုင်ဖက်များအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။ **ကျန်ရစ်သူမိသားစု**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃က/၇၁၄၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)



ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၆၇၃၀၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၂၃၅/၄)နေ ဒေါ်ကျင်ရီ၏ ခင်ပွန်းဦးမောင်မောင်[၁၂/ကတတ(နိုင်)၀၀၆၁၆၇]သည် ၁၃-၉-၂၀၁၃ရက်ကကွယ်လွန်သဖြင့် ဦးမောင်မောင်က ဒေါ်ဇင်နှင်းထွန်း[၁၂/ဥကတ(နိုင်)၁၇၀၄၁၂]အားလွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၆၄၂၅/၂၀၁၁)သည် ပျက်ပြယ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကျင်ရီ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြဟန်
B.A(Law).,LL.B, D.B.L, D.M.L.
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၀၁)
အမှတ်(၅၅)၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၁၂၇၁၊ မြေကွက်တည်နေရာအမှတ်-၁၂၇၁၊ ၄-ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်(ဒေါ်ရီ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ရီနှင့်ခင်ပွန်းဖြစ်သူ ဦးခွေးတို့ကွယ်လွန်သဖြင့် ဒေါ်သန်းရီ[၁၂/ထတပ(နိုင်)၀၂၅၅၉၃]၊ ဦးအောင်သိန်း[၁၂/ဥကမ(နိုင်)၀၅၂၄၀၇]၊ ဒေါ်ပန်းပန်းရီ[၁၂/သကမ(နိုင်)၀၅၄၇၉၈]၊ ဒေါ်မြင့်မြင့်အေး[၁၂/ဥကမ(နိုင်)၀၅၂၄၀၆]၊ ဦးထွန်းသိန်း[၁၂/ဥကမ(နိုင်)၀၅၂၈၃၆]တို့မှ တရားဝင်အမွေဆက်ခံပိုင်ခွင့်ရှိသောသားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန်မြေပုံကူးလျှောက်ထားရာ ခိုင်လုံသောထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၂-၇-၂၀၁၄ ရက် ကြေးမုံသတင်းစာ၌ပါရှိသော ဦးအေးရွှေနှင့် ရေကြည်တစ်ပေါက်ပရဟိတနှင့် လူမှုရေးအသင်းဝင်များ သိစေရန် အထက်တန်းရှေ့နေ ဒေါ်ရင်ရင်စန်း၏ကြေညာချက်အပေါ် ပြန်လည်တုံ့ပြန်ရှင်းလင်းခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ထနီးလမ်၊ အမှတ်(၃၉၉)နေ ဦးအေးရွှေ(ISN-635315)၏လွှဲအပ်ညွှန်ကြားချက်အရ အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ ပြန်လည်တုံ့ပြန်ရှင်းလင်းအပ်သည်မှာ လူကြီးမင်း ဒေါ်ရင်ရင်စန်း၏ ကြေညာချက်ပါ စကားရပ်များလုံးဝမှန်ကန်မှုမရှိကြောင်း ဦးစွာပြန်လည်အသိပေးလိုပါသည်။ ၂၅-၆-၂၀၁၄ ရက်တွင် အသင်း၏ယာယီရုံးခန်း၌ ဒေါ်ရင်ရင်စန်း၊ အသင်းဥက္ကဋ္ဌ ဦးမင်းခိုင်(ခ)ကိုဖိုးတုတ်၊ ဦးလှမြင့်(ဘဏ္ဍာရေးမှူး)၊ ဦးဇော်ဇော်မင်းဦး(အတွင်းရေးမှူး)တို့အပါအဝင် အသင်းတာဝန်ရှိသူများ၏ ရှေ့မှောက် ဦးအေးရွှေကိုယ်တိုင်တာဝန်ရှိသည့် အသင်းတာဝန်ခံစာအုပ်အပြင် ဦးအေးရွှေ၏မိတ်ဆွေများထံသို့ အသင်းကြီးခွင့်ပြုချက်အရ တစ်ဆင့်ထုတ်ပေးထားသည့် အသင်းတာဝန်ခံစာအုပ်(၃၃)အုပ်နှင့် အသင်းသားစာရင်းရှင်းလင်းရန်ရှိသည့်ငွေကြေး(အသင်းသားများထံမှတာဝန်အရ ကောက်ခံရရှိငွေများ)အား အသင်း၏တာဝန်ရှိသူ ဦးလှသော်(EC)ထံသို့ စာရင်းရှင်းလင်းပေးအပ်ခဲ့ပြီးဖြစ်သည့်အပြင် အသင်း၏တာဝန်ရှိသူများ တောင်းဆိုချက်အရ ဦးအေးရွှေထုတ်ယူထားသော ကတ်ပြားများအနက်မှ အသင်းသားကတ်ပြား(၁၉၁)ကတ်အား ပြန်လည်ရှာဖွေ၍ အပ်နှံပေးခဲ့ပြီးဖြစ်ပါသည်။ ဤအသင်းသားကတ်ပြားများပြန်လည်အပ်နှံနိုင်ရေးကိစ္စအတွက် ၂၉-၆-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဦးအေးရွှေမှ ကြော်ငြာထည့်သွင်း၍ ကတ်ပြားများ ပြန်လည်လာရောက်ပေးအပ်ရန် အကြောင်းကြားအသိပေးပြီးလည်းဖြစ်ပါသည်။ ထိုသို့ပြတ်ပြတ်သားသားမှန်မှန်ကန်ကန်ဆောင်ရွက်နေပါလျက် ဒေါ်ရင်ရင်စန်း အထက်တန်းရှေ့နေမှ အထက်ပါပြုလုပ်ခဲ့သည့် ကိစ္စရပ်များအား ဖုန်းကွယ်ထိမ်ချန်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအေးရွှေ ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ ယခုကဲ့သို့ သတင်းစာတွင်ထည့်သွင်း၍ မမှန်မကန်ကြေညာခဲ့သောကြောင့် ဦးအေးရွှေ၌ ကုစားမရသော ဆုံးရှုံးနစ်နာမှုများစွာ ခံစားခဲ့ရပါသည်။ ထို့အပြင်ရေကြည်တစ်ပေါက်အသင်း၏ (EC)အဖွဲ့ဝင်တချို့သည် ဦးအေးရွှေနေထိုင်ရာရပ်ကွက်အတွင်း၌ ဦးအေးရွှေ၏ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန်စွပ်စွဲပြောကြားနေမှုများလည်း ရှိနေခဲ့ပါသည်။ ထို့ကြောင့် ဒေါ်ရင်ရင်စန်း (အထက်တန်းရှေ့နေ)၏ ၂-၆-၂၀၁၄ ရက်စွဲပါ ကြေးမုံသတင်းစာကြေညာချက်အား ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် ဦးအေးရွှေ၏ ဂုဏ်သိက္ခာကျဆင်းအောင် မမှန်မကန်ပြောဆိုနေမှုများ ရပ်တန်းကရပ်ရန် ဤကြေညာစာနှင့်တကွ တစ်ပါတည်းအသိပေးအပ်ပါသည်။ ထိုသို့မဟုတ်ပါဘဲ ဤကြေညာစာပါ ဦးအေးရွှေ၏တောင်းဆိုချက်များကို ဒေါ်ရင်ရင်စန်းနှင့်ဒေါ်ရင်ရင်စန်းအား လွှဲအပ်ညွှန်ကြားသူဆိုသော ပုဂ္ဂိုလ်များက လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ ပြန်လည်တုံ့ပြန် အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဦးအေးရွှေ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိမြတ်(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ(စဉ်-၃၄၃၈၄)
အမှတ်(၁၅/၁)၊ ယန္တရားရိပ်သာ၊ ၄/ရပ်ကွက်၊ ဘောဂဗလလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးကျော်မောင်(ငြိမ်း) (ကြည်း-၇၆၃၂)
အသက်(၈၁)နှစ်

ကျိုင်းတုံမြို့နယ်အသင်း(ရန်ကုန်) ဒေါ်နန်းခမ်းနွန်း၏ခင်ပွန်း ဗိုလ်ကြီးကျော်မောင်(ငြိမ်း)သည် ၁၁-၇-၂၀၁၄ရက် ညနေ ၆း၃၅နာရီတွင် ရန်ကင်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ကျိုင်းတုံမြို့နယ်အသင်း(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုန်းကြင်(ပုလော)
အသက်(၈၀)

B.A., B.Ed

အထက်တန်းပြဆရာမကြီး (အထက-၂၊ ဒဂုံ၊ ငြိမ်း)

ပါမောက္ခ ဒေါက်တာမြတ်သူ (ဦးနှောက်ခွဲစိတ်ကုဌာန-YGH)-ဒေါ်ဆွေမာလွင် (UNICEF)တို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းကြင်(ပုလော) (B.A, B.Ed၊ အထက်တန်းပြဆရာမကြီး၊ အထက-၂၊ ဒဂုံ၊ ငြိမ်း)သည် ၆-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အုပ်ချုပ်မှုဒါရိုက်တာ ဦးစောအောင်၊
အမှုဆောင်ဒါရိုက်တာဦးခင်မောင်မြတ်နှင့် ဒါရိုက်တာအဖွဲ့
Peace Myanmar Electric Co., Ltd.
Mitsubishi Electric

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးလှငွေ
အသက်(၈၀)
ကျုံပျော်-ကျွဲခြံဒေါင့်လေး

ရန်ကုန်မြို့၊ ရွှေဂေဟာထရေးဒင်းကုမ္ပဏီလီမိတက်မှ ဦးမြင့်စိုးထွန်း-ဒေါ်ချိုချိုသင်းတို့၏ဖခင် ဦးလှငွေ အသက်(၈၀)နှစ်သည် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြို့မဓမ္မာရုံဂေါပကအဖွဲ့
အထောင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်စောသိန်း(သိမ်ဇရပ်)
အသက်(၆၅)နှစ်

သထုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကော်မတီဝင် ဦးချစ်အောင်၏ဇနီး ဒေါ်ခင်စောသိန်းသည် ၁၁-၇-၂၀၁၄(သောကြာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

အတွင်းရေးမှူးနှင့်မြို့နယ် ပါတီကော်မတီများ
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ကျိုက်ထိုမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာဦးမြတ်မော်

ဆရာတပည့်ပင်ဖြစ်သော်လည်း ဆရာဟန်ဖြင့်မဆက်ဆံ အပေါင်းအဖော်သဏ္ဍာန် သင်ကြားပြသပေးခဲ့သော ဥပဒေရေးရာဆေးပညာ ဆရာကြီး ဒေါက်တာဦးမြတ်မော်သည် ၁၀-၇-၂၀၁၄ ရက်က ကွယ်လွန်ခဲ့ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၇၄-၈၂ ဆေးတက္ကသိုလ်-၂
ကျောင်းသား/သူများ

ဝမ်းနည်းကြေကွဲခြင်း

ဦးကျောက်စိမ်း(ခ)ဦးကျော်စိန် ကျောက်စိမ်းပုံနှိပ်တိုက်သည် ၁၁-၇-၂၀၁၄(သောကြာနေ့) နံနက် ၂နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးကျော်ကျော်-ဒေါ်မော်လီလှိုင်

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း
ဦးတင်မျိုးအောင်
(ဗန်းမော်)

ဦးတင်မျိုးအောင်(I.B.T.C Co., Ltd.)သည် မိသားစုနဲ့ ခွဲခွာသွားသည်မှာ ၁၃-၇-၂၀၁၄ရက်တွင် (၁)လပြည့်အတွက် ရည်စူးလှူဒါန်းမှုကို အေးချမ်းသောဘုံဌာနမှ သာခုခေါ်ပါ။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ညိုထွေး
အသက်(၅၂)နှစ်

ရွှေဂုံတိုင်၊ ယုဇနတာဝါနေ (ဦးသန်းတင်)-ဒေါ်ရင်ဥတို့၏ ဒုတိယသမီး၊ ဒိုက်ဦးမြို့နေ (ဦးစံရွှေ)-ဒေါ်လှမြင့်တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၁၂)၊ ရာမလမ်း၊ စော/တောင်၊ အလုံမြို့နယ်နေ ဦးဝင်းမင်း(အကောက်ခွန်မှူး)၏ ချစ်လှစွာသောဇနီး၊ ဦးသက်တိုးအောင်-ဒေါ်ခင်စိုးဦး၊ ဦးမြင့်ကြိုင်-ဒေါ်ခင်သက်ဇင်၊ ဦးဌေးအောင်ကြီး-ဒေါ်စိုးစိုး၊ ကိုအောင်ကျော်ဇော၊ ကိုအောင်ကျော်လင်း၊ ဒိုက်ဦးမြို့နေ ကိုဇော်မင်း-မသန်းသန်းအေးတို့၏ ညီမ၊ ရန်ကုန်မြို့နေ မခင်သန်းထိုက်၊ ကိုသန်းထွန်း-မခင်မြတ်မွန်၊ ဒိုက်ဦးမြို့နေ ကိုခင်မောင်ဌေး-မအေးအေးနှင်းတို့၏အစ်မ၊ မောင်ကျော်ထွဋ်ဇင်၊ မထားယဉ်မွန်(ဒဿမတန်း-C၊ အထက-၆၊ အလုံ)တို့၏ မိခင်သည် ၁၂-၇-၂၀၁၄(စနေနေ့) ညနေ ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ (သင်္ဂြိုဟ်မည့်နေ့နှင့် အချိန်ကို ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်မေ(ခ)ဒေါ်ကောက်ပို
အသက်(၈၀)
(ပုသိမ်)

ပုသိမ်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၀)နေ (ဦးစစ်ရီ)၏ဇနီး၊ (ဦးကာဘော)-ဒေါ်အင်းယားလေး၊ (ဦးကာဆိုင်)-ဒေါ်ဌေးဌေး၊ ဦးတင်ချစ်-ဒေါ်နှင်းဆီတို့၏ ညီမ/အစ်မ၊ ဦးတင်မောင်ဝင်း-ဒေါ်မြင့်မြင့်တင်၊ Dr. ခင်မောင်ဝေ- Dr. ခင်လှမြင့်၊ ဦးကျော်နိုင်-(ဒေါ်မြင့်မြင့်စန်း)၊ ဦးအောင်သန်းဝင်း-ဒေါ်အေးအေးသိန်း၊ Dr. ဆောင်းဝင်း-ဒေါ်ခင်ခင်အေး (ခေတ္တ-ဩစတြေးလျ)၊ ဦးအောင်ကြည်-ဒေါ်ခင်စန်းလွင်၊ ဦးခင်မောင်ရီတို့၏မိခင်၊ မြေး ၂၁ယောက်တို့၏ အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားကြီးသည် ၁၂-၇-၂၀၁၄ ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ကြက်မောက်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အောင်သက်လောင်(ခ)
ဦးရွှေထွန်း(ပုသိမ်) (၉၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ သီရိဇေယျာလမ်း၊ ခြံအမှတ် (၁၃-B)နေ ဒေါ်ခင်မေရီ(ဟသ်ာတ)၏ခင်ပွန်း၊ ကိုလှသိန်း-မရင်ရင်၊ (လင်းဟန့်မိန်)-မခင်စန်းမြင့်၊ ကိုလှမြင့်(ခ)ဂျပန်ကြီး (M 2 စားသောက်ဆိုင်၊ ပုသိမ်)၊ ကိုပေါ-မမီးငယ်၊ ကိုစောထွန်းအောင်(ခ)ဖိုးချို-မတူးမာ၊ မနုနုအေး၊ ကိုမင်းသိန်း၊ ကိုအေးသိန်းထွန်း-မမူမူအေးတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ်ငါးယောက်တို့၏အဘိုး ဦးရွှေထွန်းသည် ၁၀-၇-၂၀၁၄ (ကြာသပတေးနေ့) ည ၈း၃၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၁၄ (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဟသ်ာတအသင်း
ဒေါ်ထားရီ အသက်(၉၀)

ရန်ကုန်မြို့၊ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ်(၁၉)၊ ဒုတိယထပ်၊ အခန်း(၆)နေ (ဦးဘိုးသန်း-ဒေါ်မမ)တို့၏သမီး၊ (ဦးကျော်လှိုင်)၏ဇနီး ဒေါ်ထားရီသည် ၁၀-၇-၂၀၁၄ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၄ (စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသားများအား သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့-ဟသ်ာတအသင်း

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ရွှေစိန်(လားရှိုး) (၈၇)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ သိန္နီလမ်း၊ အမှတ်(၁၅/၅)နေ (ဆရာဦးဆော-ဒေါ်ညွန့်)တို့၏ သမီးကြီး၊ (ဦးကျော်လှ-နမ့်ခမ်းမန်း)]၏ ချစ်လှစွာသောဇနီး၊ Dr. စိုင်းကျော်စိန်-ဒေါ်နန်းရွှေဌေး၊ ဒေါ်နန်းတင်မေလှ- Rev. ဦးဌေးအောင်၊ ဒေါ်နန်းခင်ချစ်အေး-ဦးတင်မြင့်ထွန်း၊ (ဒေါ်နန်းခင်ချစ်ဌေး)၊ ဒေါ်နန်းခင်သန်းညို-ဦးကျော်ဝင်းတင်၊ ဦးစိုင်းစိန်မြင့်-ဒေါ်နန်းအေးပန်၊ (ဒေါ်နန်းခင်နှင်းငွေ)-ဦးစံလင်းတို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်၊ မြစ် ၁၄ယောက်တို့၏ အဘွားသည် ၁၂-၇-၂၀၁၄(စနေနေ့) ညနေ ၅း၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး လားရှိုးမြို့ ကြာကန်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဗိုလ်ကြီးကျော်မောင်(ငြိမ်း)
(ကြည်း-၇၆၃၂)
အသက်(၈၁)နှစ်
(လေးတောင်)

ဗိုလ်သင်တန်းအမှတ်စဉ်(၁၈)

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်၊ အရှေ့မော်ရွာနေ (ဦးမောင်နန်း-ဒေါ်အေးလှဦး)တို့၏သား၊ မိုင်းယန်းမြို့နေ (ဦးစွံရတ်-ဒေါ်နန်းနွမ်း)တို့၏ သားသမက်၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၂)၊ တိုက်(၂၉၅)၊ အခန်း(၈)နေ ဒေါ်နန်းခမ်းနွန်း၏ခင်ပွန်း၊ Capt. ထွန်းဝင်း(HUB Shipping Co.)-ဒေါ်ခင်နန်းဝေ(ခ)ဒေါ်ဒေလီယာ၊ ဗိုလ်မှူးရဲထွဋ်(ငြိမ်း)-ဒေါ်ခိုင်ခိုင်ရွှေ (Chief, UNICEF Field Office, Mdy)၊ ဦးစန်းမြင့်အောင် (SUNTAC Technologies)-ဒေါ်ခင်ပန်းပွင့်၊ ဒေါ်နန်းကေသီဝင်း (Adventure Tour Co.)၊ ဒေါ်နန်းရှီလာတို့၏ဖခင်၊ မြေး ခုနစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၁၁-၇-၂၀၁၄ရက် ညနေ ၆း၃၅နာရီတွင် ကွယ်လွန် သွားပါသဖြင့် ၁၃-၇-၂၀၁၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၄(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဗိုလ်မှူးစိုးလွင်(ခ)REGGIE (ငြိမ်း)
ကြည်း(၇၆၉၇)၊ အမြောက်တပ်ရင်း စည်သူ(၁၄)
အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးစံဘ-ဒေါက်တာ ဒေါ်စီစီ)တို့၏ ချစ်လှစွာသောသားကြီး၊ (ဦးဂျိုးဇက်-ဒေါ်ဂျိုစီ)တို့၏သားသမက်၊ ဒေါ်မာလာ(ခ)Laura ၏ချစ်လှစွာသောခင်ပွန်း၊ မစန္ဒီစိုးလွင်-ဦးညီညီဆန်း၊ မဇင်မေကျော်-မောင်အောင်ဟိန်းထွန်းတို့၏ ဖခင်၊ မောင်အာကာမင်းမြတ် (Grade-7-A၊ အထက-၁၊ ဒဂုံ)၏အဘိုး၊ (ဦးမျိုးလွင်)-ဒေါ်တုတ်၊ ဒေါက်တာမျိုးမြင့်-ဒေါက်တာဒေါ်လေးခင်၊ ဒေါက်တာဒေါ်ခင်သိုက်ဝင်း-ဦးတင်ထွဋ်၊ ဒေါ်ဝင်ဒီမာ(USA)-(ဦးမောင်မောင်)တို့၏ အစ်ကိုကြီးသည် ၁၁-၇-၂၀၁၄(သောကြာနေ့) ညနေ ၅း၂၅နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ် ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [တိုက်အမှတ်(၁၇)၊ (၅၄)လမ်း(လမ်းတို)၊ အနော်ရထာအိမ်ရာမှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်အေးအေးချစ် (၄၉)နှစ်
(အာလာဒင်ဒန်သတ္တုလုပ်ငန်း)

ရန်ကုန်မြို့၊ အမှတ်(၆)၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ [ဗိုလ်မှူးကြီးချစ်သန်း(တပ်မတော်လေ-(ငြိမ်း)]-ဒေါ်ခင်ကြီး(အထက-၃၊ မင်္ဂလာဒုံကျောင်းအုပ်-ငြိမ်း)တို့၏သမီးကြီး၊ ဒေါ်ကြည်ကြည်သန်း၊ ဦးကျော်စွာဝင်း-ဒေါ်ဖေမာထိုက်တို့၏အစ်မ၊ ဦးခင်မောင်ချစ် (အာလာဒင်ဒန်သတ္တုလုပ်ငန်း)၏ ချစ်လှစွာသောဇနီး၊ မဝင်းလဲ့သူ၊ မောင်ဆက်လင်းထွန်း၊ မောင်ဝေလင်းမောင်တို့၏မိခင် ဒေါ်အေးအေးချစ်သည် ၁၁-၇-၂၀၁၄(သောကြာနေ့) နံနက် ၃း၁၀ နာရီတွင် အာရှတော်ဝင်နှလုံးအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်အုန်းကြည် (၈၇)နှစ်
(ကျောက်တန်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်လမ်း၊ အမှတ်(၁၁၅)နေ (ဦးမောင်ရိန်-ဒေါ်စောတင်)တို့၏ သမီး၊ ဦးတိတ်ဝမ်၏ဇနီး၊ ဒေါ်ယဉ်ယဉ်မာ (မြန်မာ့စီးပွားရေးဘဏ်-ငြိမ်း)၊ ဦးသက်လွင်(ရေနံသယ်/ပို့)-ဒေါ်ခင်စိုးဝင်း(အထက-၂၊ သန်လျင်)တို့၏မိခင်သည် ၁၂-၇-၂၀၁၄(စနေနေ့) မွန်းလွဲ ၂း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကျောက်တန်းအနောက်ပိုင်း သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ ဓမ္မာရုံ အလှူဒါယိကာမကြီး
ဒေါ်ခင်သန်း(နတ်မောက်)
အသက်(၇၇)နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ကျွန်းဖိုစမ်းကျေးရွာနေ (ဦးရွှေချစ်-ဒေါ်ငွေချစ်)တို့၏သမီး၊ (ဦးသန်းမောင်)၏ ဇနီး၊ ဦးတင်မောင်ဝင်း-ဒေါ်မရီ (အေးရိပ်မြိုင်စားသောက်ဆိုင်)၊ ဦးထွန်းဝင်း-ဒေါ်ယဉ်သန်း၊ ဦးသန်းဝင်း-ဒေါ်သိန်းရွှေ၊ ဦးဆန်းမောင်-ဒေါ်ရီရီမြင့် (စိန်ပန်းမြိုင်စားသောက်ဆိုင်)၊ ဦးကျော်စိန်-ဒေါ်တင်ဌေးလှိုင်(ကမ္ဘာကျော်စားသောက်ဆိုင်)၊ ဦးအောင်ကိုမင်း-ဒေါ်တင်တင်ဝင်း (နန်းထိုက်အောင်စားသောက်ဆိုင်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၂၁ယောက်၊ မြစ် ၁၂ယောက်တို့၏အဘွားသည် ၁၂-၇-၂၀၁၄ (စနေနေ့) နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ ဆိုင်အမှတ်(၄၉) နန်းထိုက်အောင်စားသောက်ဆိုင် စည်ပင်ဆိုင်ခန်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။] ကျန်ရစ်သူမိသားစု

ဒေါ်ရင်ရင်မြင့်(နေပြည်)
အသက်(၇၇)နှစ်

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကူးတို့ဆိပ်လမ်း၊ အမှတ် (၁၅၆)နေ (ဦးအောင်ရ-ဒေါ်မြနွဲ့)တို့၏သမီးကြီး၊ [ဦးထွန်းလှိုင်(ကုန်သွယ်လယ်ယာ-ငြိမ်း)]၏ဇနီး၊ ဗိုလ်ကြီးကြီးမြင့်(ငြိမ်း) (တပ်မတော်-ရေ)၊ ဦးသန်းဌေး-ဒေါ်ခင်အေးမြင့်တို့၏အစ်မ၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းလှိုင်၊ ဦးသန်းမင်းအေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးကြည်စိုး-ဒေါ်သင်းသင်းကြိုင်၊ ဦးလှမြင့်-ဒေါ်ဖြူဖြူဝင်း၊ ဦးညက်ထွန်း-ဒေါ်မိုးမိုးဆွေ၊ ဦးထွန်းထွန်းဝင်း၊ ဒေါ်နီလာမြင့်၊ ဦးမြတ်ကိုကို-ဒေါ်မေသူလှိုင်တို့၏မွေးသမိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိန်မောင် (၇၇)နှစ်
(မိုးကုတ်ယောဂီဟောင်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ (၇)လမ်း၊ အမှတ်(၆၃၃)နေ (ဦးဖိုးခင်-ဒေါ်သိန်းမေ)တို့၏ သားကြီး၊ (ဦးသန်း)-ဒေါ်သန်းရင်၊ ဦးကောင်း-ဒေါ်သန်းအေး၊ (ဦးမြအုန်း)-ဒေါ်ပုတင်၊ ဆရာတော်ဦးကုသလတို့၏ အစ်ကို၊ ဒေါ်သိန်းဟန်၏ခင်ပွန်း၊ ကိုစိုးလွင်-မနန်းအိအိခိုင်၊ ကိုရဲနိုင်-မသူဇာဟန်၊ ကိုသိန်းဌေး-မစုစုလှိုင်အေး၊ ကိုမြင့်သိန်းလွင်-မဝင်းဝင်းရွှေ ကိုမောင်မောင်ခိုင်-မခင်ခင်ထွေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၉-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၀း၅၀နာရီတွင် ရွှေဗဟိုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစိုးတင် (၆၆)နှစ်
ကျောင်းဆရာ(ငြိမ်း)

ရန်ကုန်မြို့နေ (ဦးလှဖေ-ဒေါ်ဖွား)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၂၈)၊ မာလာမြိုင်(၁)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးစိန်ဖေ-ဒေါ်အုန်းခင်)တို့၏သားသမက်၊ [ဒုတိယဗိုလ်မှူးကြီးအောင်သန်း(ငြိမ်း) - ဒေါ်လှလှ]၊ (ဦးအောင်မြင့်)-ဒေါ်အေးအေးခိုင်၊ ဦးခင်ရွှေ-ဒေါ်လှမြင့်၊ [ဗိုလ်မှူးဝင်းကြည်(ငြိမ်း)]-ဒေါ်မူမူကြူ၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)-ဒေါ်နန်းငွေကြည်တို့၏ ညီ/မောင်၊ ဦးသန်းထွေး-ဒေါ်ရင်ရင်မြတို့၏အစ်ကို၊ မခင်ဥမ္မာထွန်း၊ မဝင်းလဲ့ဖြူတို့၏ဖခင်၊ ဒေါ်ခင်ဝေ (အထက-၂ လှိုင်)၏ ခင်ပွန်းသည် ၁၁-၇-၂၀၁၄ (သောကြာနေ့) ည ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတွတ်(ခ)ဦးထွန်းဦး
အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၈)၊ ဘယသုဒ္ဓိလမ်း၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ ဒေါ်ဝင်းမာ (TV ရန်ကုန် ကားမောင်းသင်တန်း)၏ခင်ပွန်း၊ ဦးအေးမင်းဦး၊ ဦးအောင်ဖြိုးကျော်၊ မအေးချမ်းမိုးတို့၏ ဖခင်သည် ၁၂-၇-၂၀၁၄ (စနေနေ့) မွန်းလွဲ ၂း၂၈နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၇-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တသုန္ဒရ
သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၇၄)နှစ်

ပဲခူးမြို့၊ ရွှေဂူလေးဘုရားကျောင်းတိုက်၊ ပဲခူးမြို့၊ ကလျာဏီရပ်ကွက်၊ သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ၊ ရွှေသာလျောင်းရုပ်ရှင်တော်မြတ်ကြီး၊ ရွှေဂူလေးစေတီတော် မေတ္တာယျအာနန္ဒာရုပ်ပွားတော် ဂေါပကအဖွဲ့များ၏ ဩဝါဒါစရိယဆရာတော် ပဲခူးမြို့ ရွှေဂူလေးဘုရားကျောင်းတိုက် ပဓာနဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရ သိက္ခာတော်(၅၄)ဝါ၊ သက်တော်(၇၄)နှစ်သည် (၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်) ၁၂-၇-၂၀၁၄(စနေနေ့) နံနက် ၁၀း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဆရာတော်၏ အန္တိမအဂ္ဂိဈာပနကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမည်။) ဈာပနကျင်းပရေးကော်မတီ

မိုဟာမဒ်မူဆာ(ခ)ဦးအောင်မြင့်
အသက်(၆၇)နှစ်
(ကုန်သွယ်/ဆေး၊ငြိမ်း၊အကယ်ဒမီမျက်မှန်)

မန္တလေးမြို့၊ ကြေးနန်းရပ်နေ ဦးသန်းအောင်-(ဒေါ်မြမူ)တို့၏ သား၊ စစ်ကိုင်းမြို့၊ လေးကျွန်းမြေရပ်နေ (ဦးမောင်မောင်)-ဟာဂျီမဒေါ်တင်ရတို့၏ညီ၊ မန္တလေးမြို့၊ (၁၉)လမ်း၊ (၈၀×၈၁)လမ်းကြားနေ ကိုအောင်ကျော်ဦး-မတင့်တင့်ဝင်း၊ မကေသီဦးတို့၏ဖခင်၊ မောင်မင်းခန့်ကျော်၊ မသဉ္ဇာမိုးမြင့်ကျော်၊ မောင်ဟိန်းထက်ကျော်ဇင်တို့ ၏အဘိုး၊ (ဒေါ်ညွန့်ညွန့်ရီ)၏ခင်ပွန်းသည် ၉-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၀-၇-၂၀၁၄(ကြာသပတေးနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အေးရိပ်ငြိမ်ကဘာရ်စတန်၌ ဒါဖွနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝှက်(ကျိုက်ပိ)
အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိတိုက်နယ်၊ ဗိုလ်ချုပ်လမ်းနေ (ဦးထိုင်စိန်-ဒေါ်ငွေဥ)တို့၏သား၊ ဒေါ်နော်ဖောစာ၏ ခင်ပွန်း၊ ကိုထွန်းထွန်းဝင်း-မသန်းလွင်၊ မယဉ်ယဉ်ဌေး၊ မောင်အောင်မိုးဝင်းတို့၏ မွေးသဖခင်သည် ၁၂-၇-၂၀၁၄(စနေနေ့) နံနက် ၅း၅၅ နာရီတွင် ရန်ကုန်မြို့၊ ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။[အမှတ်(၇၃၂)၊ ဗိုလ်ဥက္ကာလမ်း၊ (၄၀)ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်မှ ကားများ နံနက် ၁၀နာရီထွက်ပါမည်။]ကျန်ရစ်သူမိသားစု

ဒေါ်ယဉ်ယဉ်ရှိန်(ကျုံကဒတ်)
အသက်(၆၈)နှစ်
ဒု-လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့ကျောက်မျက်

သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်စံပြကျေးရွာ၊ အောင်ဆန်းလမ်းနေ (ဦးဟန်ရှိန်-ဒေါ်ရင်ကြည်)တို့၏သမီး(ဦးသောင်းရွှေ)-ဒေါ်ကြည်ရှိန်၊ ဦးဝမ်ရှိန်(အငြိမ်းစား-သ/မဦးစီးဌာန)-ဒေါ်သိန်းသိန်း၊ ဦးဝမ်ရွှေ(ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)-ဒေါ်စမ်းမြင့် (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ (ဦးဝမ်စူး)-ဒေါ်လှလှဝင်းတို့၏ ညီမ၊ စည်သူ ဒေါက်တာဝမ်ထွန်း (လ/ထ အထွေထွေမန်နေဂျာ၊ ဆင်ဆေးကု၊ မြန်မာ့သစ်လုပ်ငန်း)-ဒေါ်လှလှဌေး၊ ဦးဇော်ငွေသိန်း-ဒေါက်တာယဉ်ယဉ်ဌေး (တာဝန်ခံဆရာဝန်၊ ၅၀-ဒေသန္တရ၊ ဒဂုံမြောက်ပိုင်း)တို့၏အစ်မ ဒေါ်ယဉ်ယဉ်ရှိန်သည် ၂၇-၆-၂၀၁၄(သောကြာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၆-၂၀၁၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျုံကဒတ်ကျေးရွာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်အေးအေး (၆၇)နှစ်
သူနာပြုအုပ်(ငြိမ်း)၊
သယ်နင်းကျွန်းစံပြဆေးရုံကြီး
(တံတားမြို့)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ မလွကုန်း ဌေးကြွယ် (က) ရပ်ကွက်၊ သမ္မာဒိဋ္ဌိလမ်းနေ (ဦးကံညွန့်-ဒေါ်ကျင်ငြိမ်း)တို့၏သမီး၊ (ဦးသိန်းထွေး)၏ဇနီး၊ ဦးကျင်းစိန်-ဒေါ်တင်ဝင်း၊ (ဦးကျင်းရှိန်)-ဒေါ်ယဉ်ထွေး၊ ဦးနေမျိုး-ဒေါ်မြ မြင်းတို့၏အစ်မ၊ ဦးကြည်ဝင်း-ဒေါ်မြမြထွေးတို့၏ညီမ၊ ကိုဇော်ဇော်ဦး-မအေးစုမွန်ထွေး၊ ကိုအောင်ကြည်-မအေးမြတ်မွန်ထွေး၊ မအေးဖြူမွန်ထွေးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မခင်ပြည့်စုံသန့်၊ မသင်းသီရိ၊ မြချေကြယ်စင်၊ မသဒ္ဒါဝင်းတို့၏ အဘွား၊ ကိုမွန်လေး-မမာလာ၊ တူ/တူမ ၂၀ယောက်တို့၏ အဒေါ်သည် ၁၁-၇-၂၀၁၄ (သောကြာနေ့) နံနက် ၇း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမြင့်ဦး အသက်(၇၀)
B.E (Mechinical), CDC-6117
သန်လျင်၊ ကျောက်တန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ မင်းလမ်းနေ (ဦးစိန်သင်း-ဒေါ်ကျင်ပို)တို့၏ သားကြီး၊ သန်လျင်မြို့၊ ပန်းထိမ်တန်းလမ်း၊ အမှတ်(၅)နေ (ဦးလှမောင်-ဒေါ်အေးကြူ)တို့၏ သားသမက်၊ (ဦးမြင့်စိုး)-ဒေါ်တင်တင်သန်း၊ ဦးမြင့်သိန်း-ဒေါ်ခင်ခင်ကြည်တို့၏အစ်ကိုကြီး၊ ဒေါ်မြင့်မြင့်သန်း၏ ခင်ပွန်း၊ ကိုသော်ထင်ဦး-ဒေါက်တာစောပေမာ(S'pore)၊ ကိုလင်းထွဋ်ဦး-မသူသူထွန်း(S' pore)၊ ကိုဟိန်းထက်အောင်တို့၏ဖခင်၊ မောင်ဘုန်းမြတ်ထွဋ်ကို၊ မောင်ထင်ဘုန်းပြည့်ကျော်တို့၏အဘိုးသည် ၁၂-၇-၂၀၁၄ (စနေနေ့) နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၇-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင်မြို့၊ အမိုးနီအအေးတိုက်မှ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [အမှတ်(၅)၊ ပန်းထိမ်တန်းလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း ဒါယကာကြီး
ဦးဝမ်းညွှန့် (၆၃)နှစ်
ဖက်ဖူးရောင်
စာအုပ်နှင့်စာရေးကိရိယာဆိုင်
ပခုက္ကူမြို့

ပခုက္ကူမြို့၊ (၁၀၂)၊ ရန်အောင်လမ်းနေ (ဦးကျော်ညွန့်-ဒေါ်စံနွယ်)တို့၏ သား၊ ဦးသန်းစိန်-ဒေါ်ညွန့်ညွန့်၊ ဦးဆန်းညွန့် (ဖက်ဖူးရောင် စာအုပ်နှင့် စာရေးကိရိယာဆိုင်)တို့၏ ညီ၊ ဦးတက်နေဦး (လက်ထောက်အင်ဂျင်နီယာ DWIR)-ဒေါ်စိန်ယောမေ(လက်ထောက်ကထိကာ၊ သူနာပြုတက္ကသိုလ်၊ ရန်ကုန်)၊ အရှင်တေဇနိယ(သာသနာ့ဇဗ္ဗ မဟာ့မရိယ၊ မုံလည်)၏ဦးရီးတော်၊ ဒေါ်တင်မာနွယ်၊ ဒေါ်စုဖေသူ၊ ဒေါ်စုမေသူတို့၏ဦးလေးသည် ၁၁-၇-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်(ကိုသူရ)
အသက်(၄၅)နှစ်

